The VOICE Sunday

Vol. 4 / No. 251 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း (၂)ရက်၊ တနင်္ဂနွေနေ့၊ (Sunday, January 29 , 2017)

# ဘင်္ဂါလီအရေး ဆွေးနွေးရန် ရခိုင်ကော်မရှင် ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်

ရန်ကုန်၊ ဇန်နဝါရီ ၂၈

ဘင်္ဂါလီအရေးကိစ္စ ဆွေးနွေးရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီ ၂၈ ရက်တွင် စတင်သွားရောက်ခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များဖြစ်သော လက်ဘနွန်ဝန်ကြီးဟောင်း Ghassan Salame၊ ဦးဝင်းမြနှင့် ဦးအေးလွင်တို့သည် ဇန်နဝါရီ ၂၈ ရက်မှ ၃၁ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လေးရက်ကြာသွားရောက်၍ဆွေးနွေးမည်ဖြစ်ပြီး ထိုခရီးစဉ်တွင် ရခိုင်ပြည်နယ်၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိသွားသည်ဟုဆိုသော ဘင်္ဂါလီများ အရေးကိုပါ ဆွေးနွေးသွားမည် P - 28

## တရုတ်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာဖွင့်လှစ်ခွင့်ရ



ဓာတ်ပုံ – မြင့်မိုးညို

P - 2

တရုတ်နှစ်သစ်ကူးပွဲ ပြုလုပ်ရာ မဟာဗန္ဓုလလမ်း

# လူမှုဝန်ထမ်းဦးစီးဌာနက ပြုစုစောင့်ရှောက်ခံ ကလေးများအတွက် ကျွေးမွေးစရိတ် သုံးဆတိုးမည်

ရန်ကုန်၊ ဇန်နဝါရီ ၂၈

လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ၊ ဂေဟာများနှင့် ပြုစုရေးဌာနများမှ လူငယ်နှင့်ကလေးများအတွက်တစ်နေ့တာကျွေးမွေးစရိတ်ကိုသုံးဆတိုးတောင်းခံထားမှုကို ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သိရှိရသည်။

ယခင်နှစ် နို့ဝင်ဘာလမှ တစ်ရက်တာကျွေးမွေးစရိတ် ကျပ် လေးရာမှ ကျပ် ၁၅၀၀ သို့ တိုးမြှင့်ပေးရန် ဝန်ကြီးဌာနသို့ တောင်းခံခဲ့ရာ ယခုနှစ်ဇန်ဝါရီလတွင် ခွင့်ပြုပေးလိုက်ခြင်းဖြစ်ပြီး လာမည့် P - 28

# စတုတ္ထတန်းနှင့် အဋ္ဌမတန်း အောင်စာရင်း နောက်ကျထုတ်ရန် ပညာရေးဝန်ကြီးပြော

ရန်ကုန်၊ ဇန်နဝါရီ ၂၈

စတုတ္ထတန်း ခရိုင်စစ်နှင့် အဋ္ဌမတန်း တိုင်းစစ် စာမေးပွဲအောင်စာရင်းများကို ယခင်နှစ်များက နှစ်ဆန်းနှစ်ရက် (ဧပြီလ ၁၈ ရက်) ပုံမှန်ထုတ်ပြန်သော်လည်း ယခုနှစ်တွင် ဧပြီလ ၂၃ ရက်မှသာ ထုတ်ပြန်ရန် ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားထားကြောင်း အခြေခံပညာဦးစီးဌာန တာဝန်ရှိသူ P - 2

# တမူးနယ်စပ်တွင် ညမထွက်ရ အမိန့်ထုတ်

ကလေး၊ ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်ရှိ ပြည်သူများ လုံခြုံမှု ရှိစေရေးအတွက် ညနေ ၆ နာရီမှ နံနက် ၆ နာရီအကြား နယ်စပ်တစ်လျှောက်တွင် တွေ့ရှိသူများကို စစ်ဆေးဖမ်းဆီးထိန်းသိမ်းနိုင်သည့် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားကြောင်း တမူးခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး က ပြောကြားသည်။

တမူးခရိုင်နှင့် နယ်စပ် အိန္ဒိယဘက်ခြမ်းတွင် အိန္ဒိယလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ ရောက်ရှိနေသည် ဟူသည့် သတင်းရရှိခြင်း၊ တရားမဝင် နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် မြန်မာနိုင်ငံမှ စက်သုံးဆီ၊ သစ်နှင့် အခြားပစ္စည်းများကို P - 28

## YBS အတွက် တရုတ်မှ ကားအစီးတစ်ထောင် ဝယ်ရန်ညှိနှိုင်း

P - 2

## သောက်ရေသန့်လုပ်ငန်း ခြောက်ခုကို FDA တရားစွဲ

P - 12

## ဒုက္ခသည်လက်ခံမှုနှင့် မွတ်ဆလင် ခုနစ်နိုင်ငံမှ နိုင်ငံသားများ ပြည်ဝင်ခွင့်ရပ်ဆိုင်းရန် ထရမ့်အမိန့်ထုတ်

P - 21




# YBS အတွက် တရုတ်မှ ကားအစီးတစ်ထောင်ဝယ်ရန် ညှိနှိုင်း

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ရန်ကုန်မြို့တော်အတွင်း အများပိုင် စနစ်ကဲ့သို့ ယာဉ်ပိုင်ရှင်များ စုပေါင်းပြေးဆွဲသည့် YBS ယာဉ်လိုင်းတွင် ထည့်သွင်းပြေးဆွဲရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တရုတ်နိုင်ငံမှ ယာဉ်စီးရေ တစ်ထောင် ဝယ်ယူနိုင်ရန် ညှိနှိုင်းလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိ ရသည်။

"တရုတ်နိုင်ငံကနေ ယာဉ်စီးရေ တစ်ထောင်ဝယ်ဖို့လုပ်နေတယ်။ အခုကဈေးနှုန်း ညှိနှိုင်းနေဆဲပါ။ လပိုင်းအတွင်း ရောက်နိုင်အောင် ဆောင်ရွက်နေတယ်" ဟု အဆိုပါအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းက ပြောဆိုခဲ့သော်လည်း မည်သည့်ကုမ္ပဏီနှင့်ဆောင်ရွက်နေသည်၊ အနိမ့်ဆုံးယာဉ်တန်ဖိုးနှုန်း၊ ယာဉ်များရောက်ရှိလာပါက မည်သို့စီမံခန့်ခွဲမည်ဆိုသည်များကိုမူ အသေးစိတ်ပြောကြားခဲ့ခြင်း မရှိပေ။

YBS စနစ်အတွက် တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ် ဘေဂျင်းအိုလံပစ်ကာလက အသုံးပြုခဲ့ပြီးသည့် ယာဉ်စီးရေ ၁၀၀၀ ကို တင်သွင်းရန်စီစဉ်ထားပြီး မကြာခင် ရောက်ရှိမည်ဟု ရန်ကုန်တိုင်းဝန်ကြီးချုပ်က ပြောဆိုခဲ့သည်။

မတ်လတွင် YBS ယာဉ်စီးရေ တစ်ထောင် ရောက်ရှိရန် ဝန်ကြီးချုပ်က စီစဉ်လျက်ရှိပြီး လက်ရှိပြေးဆွဲနေသည့် ယာဉ်လိုင်းများ အနေနှင့် ယာဉ်ငါးစီးသို့မဟုတ် ၁၀စီးခန့် ထပ်တိုးပြေးဆွဲပေးရန် ခိုင်းစေထားကြောင်း Power Eleven အများပိုင်ကုမ္ပဏီပိုင်ရှင် ဦးတရုတ်လေးက ပြောကြားသည်။

ပိုမိုကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဇန္နဝါရီလအများပိုင်ကုမ္ပဏီမှလွှဲ၍ ယာဉ်လိုင်းခုနစ်ခုတွင် အစိုးရအဖွဲ့အနေနှင့် ၅၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံပေးရန် လျာထားကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှသိရသည်။

လက်ရှိ YBS ယာဉ်လိုင်းတွင် ယာဉ်စီးရေလိုအပ်ချက်ဖြည့်ဆည်းရန် ယာဉ်၁၂၀စီးကို ဝယ်ယူထားသော်လည်း ဇန်နဝါရီလ ၂၈ရက်အထိ ထည့်သွင်းပြေးဆွဲနိုင်ခြင်းမရှိသေးကြောင်း YBS Yangon Bus Service ထံမှ သိရ သည်။

YBS စနစ်ကို စတင်သည့်အချိန်မှ ဇန်နဝါရီလ ၂၈ ရက်အထိ ရက်ပေါင်း ၁၃ ရက်ရှိလာခဲ့ပြီဖြစ်သော်လည်း လက်ရှိအချိန်ထိ YBS ကြောင့် အခက်အခဲများစွာ ကြုံတွေ့လျက်ရှိကြောင်း ခရီးသွားပြည်သူအများစု က ဆိုသည်။

ရန်ကုန်အစိုးရက အကောင်အထည်ဖော်နေသော YBS စနစ်ကို ဝေဖန်သူများမှာ မည်မည်ရရ ရေရေရာရာ သိထားခြင်းမရှိဘဲ ကောက်ချက်ချ၍ ထင်ရာလျှောက်ရေးနေကြခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် MICT ၌ ကျင်းပသော ဘားကမ့်ရန်ကုန်ပွဲတွင် ပြောကြားခဲ့သည်။

ရန်ကုန်မြို့အတွင်း YBS ယာဉ်လိုင်း ၇၀ကျော်ရှိပြီး တစ်ရက်လျှင် ယာဉ် ၃၅၀၀ ကျော်ဖြင့် ခရီးသည်နှစ်သန်းကျော်ကို ပို့ဆောင်လျက်ရှိသည်။ **J-06**

# တရုတ်နှစ်သစ်ကူး ပွဲတော် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခွင့်ရ

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**



Photo by EPA

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့တော်တွင် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက တရုတ်နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ရာ နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံး အကြိမ်ဖြစ်ကြောင်း ရန်ကုန်မြို့ခံများထံမှ သိသည်။

ဇန်နဝါရီ ၂၈ ရက်နေ့နံနက် ပိုင်းက ပြုလုပ်သော တရုတ်နှစ်သစ် ကူး ပွဲတော်သို့ NLD ပါတီ နာယက တစ်ဦးဖြစ်သူ သူရ ဦးတင်ဦး၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်တို့တက်ရောက်ခဲ့ကြသည်။

ရန်ကုန်မြို့တော်တွင် ၁၉၆၇ ခုနှစ်က တရုတ်နှစ်ကူးပွဲတော်က အခမ်းအနားဖြင့် နောက်ဆုံး ကျင်းပခွင့်ပြုခဲ့ပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အစိုးရ၊ တပ်မတော် အစိုးရနှင့် သမ္မတဦးသိန်းစိန် အစိုးရလက်ထက်များတွင် ကျင်းပခွင့် မရခဲ့ဘဲ NLD အစိုးရ လက်ထက်တွင်မှ ပထမဆုံးအကြိမ် ပြန်လည်ကျင်းပခွင့်ရခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ဆောင်ပုဒ်က မြန်မာဆန်ဆန် တရုတ်နှစ်သစ်ကူး ဖြစ်ရမယ်။ ဒါကြောင့် အရုဏ်ဆွမ်းက စတယ်။ နောက်ပြီး စတုဒိသာကျွေးမယ်။ တရုတ် ယဉ်ကျေးမှုတွေကိုမြန်မာလူမျိုးလည်း နားလည်အောင် စက္ကူညှပ်တာ၊ တရုတ် ကြိုးကျစ်နည်းတွေကို ပြမယ်။ တရုတ်အကတွေရော၊ မြန်မာအကတွေရောပါမယ်" ဟုတရုတ်ကုန်သည်အသင်း ဥက္ကဋ္ဌ ဦးနီက ပြောကြားသည်။

မျောက်နှစ်မှ ကြက်နှစ်သို့ ကူးပြောင်းသည့် တရုတ်နှစ်သစ်ကူးပွဲတော် အတွက် ရန်ကုန်မြို့တော် မဟာဗန္ဓုလလမ်း တစ်လျှောက်မှ လမ်းမတော်နှင့် ရွှေတိဂုံ ဘုရားလမ်းအထိ ဝင်ပေါက် မုခ်ဦးများ၊ တရုတ်မီးပုံးများဖြင့် ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်တွင် သံဃာတော်၊ တရုတ်ဘုန်းတော်ကြီး၊ သီလရှင် ၁၅၅၅ ပါးကို အရုဏ်ဆွမ်းလောင်းလှူခဲ့ကြသည်။

**TRADEMARK CAUTION**

**ACAVA LIMITED, a company incorporated in Malta having its office at 167 Merchants Street, Valletta, VLT, 1177, Malta is the Owner and Sole Proprietor of the following trademark "VOLT 440 MAS ENERGIA":-**

**(Reg. No. IV/5101/2010; Reg. No. IV/7611/2013)**

This trademark is used in respect of the following goods:- "Soft drinks, carbonated water, beer, nectars" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833

**Dated: 29th January 2017**

## မျက်နှာဖုံး - စတုတ္ထတန်းနှင့် အဋ္ဌမတန်း အောင်စာရင်း မှ အဆက်

တစ်ဦးက The Voice သို့ပြောကြားသည်။

အောင်စာရင်း တာဝန်ယူထုတ်ပြန်ရသည့် ကျောင်းအုပ်ကြီး သို့မဟုတ် ဆရာ၊ ဆရာမများသည် ကျေးရွာဒေသခံ မဟုတ်လျှင် သို့မဟုတ် နယ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်ရသူဖြစ်လျှင် မိမိနေထိုင်ရာအခြားနယ်မှ လာရောက်တာဝန်ယူဆောင်ရွက်ရခြင်းကြောင့် အခက်အခဲရှိသဖြင့် ထိုသို့နောက်ဆုတ်ခြင်းဖြစ်ကြောင်း ၄င်းက ရှင်းပြသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်အတွင်းမှ မူလွန်ကျောင်းအုပ်ဆရာတစ်ဦးက သင်္ကြန်အခါကြီး၊ ရက်ကြီးပြီးချိန် ကပ်နေသောကြောင့် သွားလာရေး၊ အောင်စာရင်း လက်ခံမိတ္တူပြုလုပ်ခြင်း၊ အလုပ်နားရက်ကြားခံခြင်း စသည့်အခြေအနေများနှင့် အခက်အခဲတွေ့ရကြောင်း မှတ်ချက်ပြုသည်။

"အဲဒီလိုအခက်အခဲလေး နည်းနည်းရှိတယ်။ ဒါတွေမတိုင်ခင်ကတည်းက ကြိုလုပ်ရင်တော့ တစ်မျိုးပေါ့။ မနှစ်က အဲဒီလိုတွေ ကမောက်ကမဖြစ်တယ်။ ဒီနှစ် ငါးရက်လောက် နောက်ဆုတ်မယ်ဆိုရင်တော့ ပြင်ဆင်ချိန်ပိုရပါတယ်" ဟု အဆိုပါကျောင်းအုပ်က ပြောကြားသည်။

ကျန်အတန်းများဖြစ်သော ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ နဝမတန်း ကျောင်းတွင်းစစ် စာမေးပွဲအောင်စာရင်းများကိုမူ အဆိုပါရက်တွင် တစ်ခါတည်း ထုတ်ပြန်၊ မထုတ်ပြန် မသေချာသေးကြောင်း အခြေခံပညာဦးစီးဌာန အဆိုပါတာဝန်ရှိသူက ပြောဆိုသည်။

ကျောင်းတွင်းစစ် ကျန်အတန်းများ အောင်စာရင်းထုတ်ပြန်ခြင်းမှာ မိမိကျောင်းအလိုက် ကျောင်းတွင်းစစ်ဖြစ်၍ စာဖြေလွှာစစ်ဆေးခြင်း၊ အောင်စာရင်း ထုတ်ပြန်ခြင်းကို သင့်တော်သည့်အချိန်တွင် ညှိနှိုင်း လုပ်ဆောင်နိုင်သောကြောင့် အခက်အခဲမရှိကြောင်း ရေစကြိုမြို့နယ်အတွင်းမှ အဆိုပါကျောင်းအုပ်က ဆိုသည်။

ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာအဆင့် (သူငယ်တန်းမှ ဆယ်တန်းအထိ) ကျောင်းသား၊ ကျောင်းသူ ၉ သန်းကျော်ရှိပြီး ဆရာ၊ ဆရာမ သုံးသိန်းခုနစ်သောင်းကျော်ရှိကြောင်း အခြေခံပညာဦးစီးဌာန၊ စာရင်းအင်းဌာနထံမှ သိရှိရသည်။

စတုတ္ထတန်း ခရိုင်စစ်နှင့် အဋ္ဌမတန်း တိုင်းစစ် စာမေးပွဲများကို ဖေဖော်ဝါရီလ ၂၁ ရက်မှစ၍ စစ်ဆေးမည်ဖြစ်ပြီး ကျန်ကျောင်းတွင်းစစ် အတန်းများကိုမူ ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၈ ရက်အတွင်း စစ်ဆေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်က သတင်းထုတ်ပြန်ထားသည်။ ■

**TRADEMARK CAUTION**

**ACAVA LIMITED, a company incorporated in Malta having its office at 167 Merchants Street, Valletta, VLT, 1177, Malta is the owner and sole proprietor of the following trademark "sporade":-**

**(Reg. No. IV/3355/2007; Reg. No. IV/6113/2009; Reg. No. IV/9569/2012)**

This trademark is used in respect of the following goods:- "Isotonic beverages, non-alcoholic beverages, carbonated beverages" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833

**Dated: 29th January 2017**


EVERYDAY
ENERVON-C
ကျန်းမာဖျတ်လတ်လန်းဆန်းစေမည်
နေ့စဉ်သောက်မည် အင်နာဗွန် - စီ
ENERVON
ENERVON-C
ONE - A - DAY
ANTI-STRESS FORMULA
B - COMPLEX
PLUS VITAMIN-C
Like us on www.facebook.com/MyanmarEnervon-C

# ပုဂံနေဝင်ဆည်းဆာ ကြည့်နိုင်မည့် နေရာငါးခုအတွက် ကျပ်သိန်းသုံးထောင့်ငါးရာကျော် သုံးစွဲမည်

**မန္တလေး၊ ဇန်နဝါရီ ၂၈**

ပုဂံဒေသ နေဝင်ဆည်းဆာ ကြည့်ရှုနိုင်မည့် နေရာငါးခုအတွက် ကျပ်သိန်းပေါင်း သုံးထောင့်ငါးရာကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရှိရသည်။

ယဉ်ကျေးမှုနယ်မြေအတွင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ဆည်းဆာနေဝင်ချိန်ကို ကြည့်ရှုရာတွင် ရှေးဟောင်းဘုရားစေတီပုထိုးများပေါ်မှတစ်ဆင့် ကြည့်ရှုနေရခြင်းကြောင့် ဘာသာရေးအရ အဂါရဝဖြစ်ခြင်း၊ ရှေးဟောင်းဘုရားစေတီပုထိုးများ၏ ကြံ့ခိုင်မှုအား ထိခိုက်စေနိုင်ခြင်းတို့ ဖြစ်နိုင်ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

ယင်းအပြင် တက်ရောက်ကြည့်ရှုသူများအတွက် အန္တရာယ်ကျရောက်နိုင်ခြင်း၊ အများပြည်သူမြင်ကွင်းတွင် သင့်လျော်မှု မရှိခြင်းတို့ကြောင့် ခရီးသွားဧည့်သည်များအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံမှုရှိသည့် ဆည်းဆာကြည့်ရှုရန် နေရာများ စီစဉ်ပေးခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

လက်ရှိတွင် နေဝင်ဆည်းဆာအလှကို ကြည့်ရှုနိုင်မည့် နေရာငါးနေရာလျာထားပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ကိုမောက်ကန်အတွက် ကျပ် ၅၇၆ သိန်း၊ စူဠာမဏိကန်အတွက် ကျပ် ၂၉၆ သိန်း၊ အိုးထိန်းကုန်းအရှေ့အတွက် ကျပ် ၅၁၅ သိန်း၊ အိုးထိန်းကုန်း အနောက်အတွက် ကျပ် ၆၈၅ သိန်း၊ ညောင်လက်ဖက်ကန်အတွက် ကျပ် ၁၅၁၆ သိန်း ကုန်ကျမည်ဖြစ်ပြီး အဆောက်အအုံဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ ၂ ၊ အဆောက်အအုံ အထူးအဖွဲ့(၇) မှ တာဝန်ယူဆောက်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှလည်း သိရှိရသည်။

နေဝင်နေထွက် ကြည့်ရှုနိုင်မည့် အဆိုပါနေရာများရှိ ကန်ဘောင်များကို မြှင့်တင်ပေးခြင်း၊ မြေပြုပြင်ပေးခြင်းတို့ ပြုလုပ်ပေးမည်ဖြစ်ရာ လက်ရှိတွင် အနောက်ဖွားစောကျေးရွာအုပ်စုမှ ကိုမောက်ကန်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ပုဂံဒေသသို့ နှစ်စဉ် နိုင်ငံခြားသားဧည့်သည် နှစ်သိန်းခွဲခန့် ဝင်ရောက်လျက်ရှိပြီး ပြည်တွင်းပြည်ပ ဧည့်သည်များအနေနှင့် နေဝင်နေထွက်ချိန် ရှုခင်းများကို စိတ်ဝင်တစား ကြည့်ရှုတတ်ကြကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် (ပုဂံဌာနခွဲ) မှတ်တမ်းများအရလည်း သိရသည်။

ရှုခင်းကြည့်နိုင်သည့်နေရာများ ပြုလုပ်ပြီးပါက စေတီပုထိုးများပေါ်သို့ တက်ရောက်ကြည့်ရှုခွင့် ပြုတော့မည်မဟုတ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက ပြောကြားထားသည်။ ■ **LC**

# ပင်လုံညီလာခံ အကြိုအထိမ်းအမှတ် မူကြိုကလေးများ ကဗျာ၊ ပုံပြင်နှင့် သီချင်းဆို ပြိုင်မည်

**ကျိုင်းတုံ၊ ဇန်နဝါရီ ၂၈**

ဒုတိယအကြိမ်မြောက်ကျင်းပမည့် ၂၁ရာစုပင်လုံညီလာခံ အကြိုအထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ မူကြိုကလေးငယ်များ ကဗျာ၊ ပုံပြင်နှင့် သီချင်းဆိုပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၀ရက်တွင် မြို့နယ်ရှိ မူလတန်းကြို ကျောင်းများတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်လူမှုဝန်ထမ်း ဦးစီးဌာနထံမှ သိရသည်။

NEWS PHOTO



ဓာတ်ပုံ - မြင့်မိုးညို

**ရန်ကုန်- နေပြည်တော် အမြန်လမ်းတိုးဂိတ်တွင် မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့က ယနေ့ ဇန်နဝါရီလ ၂၈ ရက် နံနက်ပိုင်းက အမြန်လမ်း အသုံးပြုသွားလာနေသော မော်တော်ယာဉ်များကို ခါးပတ်ပတ်ရန် သတိပေးစတစ်ကာ၊ လက်ကမ်းစာစောင်နှင့် ရေသန့်ဘူးများ ပေးဝေခြင်းတို့ကို ပြုလုပ်ခဲ့သည်။**

အဆိုပါ ပြိုင်ပွဲတွင် ဖြေဆိုရမည့် မေးခွန်းများကို လူမှုဝန်ထမ်း ဦးစီးဌာနက ထုတ်ပြန်ပေးမည်ကြောင်း၊ ကျိုင်းငမ်းမူလတန်းကြိုကျောင်းမှ ကျောင်းသား ၅၈ ဦး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆုရသူများကို ထိုက်တန်စွာ ဆုချီးမြှင့်မည် ဖြစ်ကြောင်း ကျိုင်းငမ်းမူလတန်းကြိုကျောင်းအုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌဦးကျော်တင့်က ပြောကြားသည်။

ကျိုင်းတုံမြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု မူလတန်းကြိုကျောင်း ၁၀ခုကျော်နှင့် ကိုယ်ထူကိုယ်ထ မူလတန်းကြိုကျောင်း ၁၀ခုရှိကြောင်း ယင်းဌာနထံမှ သိရသည်။ ■ **R-16**

The VOICE Daily
**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Ye Win Saung, Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

## Editor's Word

# စည်းကမ်းရှိမှ တိုးတက်မည်

ကျွန်တော်တို့ မြန်မာလူ့အဖွဲ့အစည်းမှာ အမြဲလိုလို ပြောစရာဖြစ်နေတာက စည်းကမ်းမဲ့တဲ့စရိုက်လို့ပြောရင် လွန်မယ်မထင်ဘူး။ အဲလိုပြောစရာဖြစ်အောင်လည်း နေ့တိုင်း၊ အချိန်တိုင်း၊ နေရာတိုင်းမှာ စည်းကမ်းမဲ့သူတွေချည်း တွေ့နေ ရတယ်။

ရန်ကုန်မှာရော၊ ကျန်တဲ့မြို့တွေမှာရော တစ်နိုင်ငံလုံးမှာပါ မြင်သာထင်သာရှိတာကတော့ တွေ့ကရာ အမှိုက်ပစ်တာပဲ။ အမှိုက်ဆိုတဲ့အထဲမှာ ကွမ်းတံတွေး မဆင်မခြင်ထွေးတာ၊ ဆေးလိပ်တို၊ ကွမ်းယာအိတ်၊ တစ်ရှူးစ၊ သောက်ပြီးသား ရေသန့်ဘူး၊ အချိုရည်ဘူးခွံ၊ သရေစာထုပ်၊ ပလတ်စတစ်အိတ် စတဲ့ အမှိုက်တွေပါတယ်။

ကားတွေကလည်း အရင်လိုပဲ စည်းကမ်းမဲ့မြဲ၊ မဲ့ဆဲ၊ စည်းကမ်းဖောက်မြဲ၊ ဖောက်ဆဲပဲ။ ဘတ်စ်ကားတွေကလည်း နာမည်သာပြောင်းသွားတယ်၊ ကားတွေနဲ့ ဒရိုင်ဘာ၊ စပယ်ယာက အဟောင်းတွေဆိုတော့ မယဉ်ကျေးမြဲ ကားပြိုင်မောင်းဆဲ၊ မှတ်တိုင်မဟုတ်တဲ့နေရာတွေမှာ ရပ်ပြီး လူအတင်၊ အချ လုပ်ဆဲပဲ။

ကိုယ်ပိုင်ကားတွေနဲ့ တက္ကစီတွေလည်း ဘာထူးလဲ။ မရပ်ရမယ့်နေရာမှာ နှစ်ထပ်၊ သုံးထပ်ရပ်ဆဲ၊ အလွတ်ချိုးကွေ့ကြောကနေ တည့်ဖြတ်မောင်းဆဲ၊ မီးပွိုင့်မှာ တန်းစီစောင့်နေတဲ့ အတည့်ယာဉ်ကြောထဲကို အလွတ်ချိုးကွေ့ကြောကနေ သူလို ငါလို တန်းမစီဘဲ ခေါင်းထိုးဖြတ်ဝင်ဆဲ၊ မျဉ်းဝါကြက်ခြေခတ်ဘောင်ပေါ်၊ မျဉ်းကျားပေါ်ကို ပိတ်ရပ်ဆဲ၊ မျဉ်းကျားကူးသူတွေကို ဦးစားမပေးဘဲ အရှိန်တင်မောင်းဆဲပဲ။

အကြည့်ရအဆိုးဆုံးကတော့ နံပါတ်ပြားမတပ်ရသေးတဲ့အတွက် အရောင်းပြခန်းနဲ့ က.ည.နရုံး အသွားခရီးကိုသာ မောင်းခွင့်ပြုထားတဲ့ကားတွေ နေရာအနှံ့မှာ အဆီးအတားမရှိ ဥဒဟိုမောင်းနေတာပဲ။ ညပိုင်းဆို ပိုတောင်များသေးတယ်။ အဲဒီကားတွေနဲ့ အကြမ်းဖက်လုပ်ရပ်လုပ်သွားရင်၊ လူတိုက်ပြီး ထွက်ပြေးသွားရင် ဘာမှ စုံစမ်းထောက်လှမ်းလို့မရဘဲ ခံရသူတွေသာ ကိုယ်ကျိုးနည်းမယ်။

လမ်းလျှောက်တဲ့သူတွေကို သိပ်မပြောချင်ပေမယ့် စည်းကမ်းနဲ့ပတ်သက်ရင်တော့ ချန်ထားခဲ့လို့မရဘူး။ အန္တရာယ်ကင်းကင်း၊ စည်းကမ်းတကျ၊ နိုင်ငံကြီးသားပီပီ လမ်းကူးဖို့ဆောက်ပေးထားတဲ့ လူကူးတံတားတွေပေါ်က မကူးဘဲ ကိုယ့်အလှည့်မရောက်သေးခင် အရှိန်နဲ့ မီးပွိုင့်ဖြတ်နေတဲ့ ကားတွေကြားထဲကနေ အသက်ကို မခေ့နမထားဘဲ အလုအယက် လမ်းဖြတ်ကူးဆဲ၊ လူကူးမျဉ်းကျားမရှိတဲ့ တွေ့ကရာနေရာကနေ အသက်လုပြီး ဖြတ်ကူးဆဲပဲ။

ရပ်ကွက်တွေ၊ လမ်းတွေထဲက အိမ်တွေလည်း နဂိုအတိုင်း စည်းကမ်းမဲ့မြဲ၊ ဖောက်မြဲပဲ။ ကိုယ့်အိမ်ရှေ့ စည်ပင်ပိုင်လမ်း တစ်နည်းဆိုရရင် အများပိုင်လမ်းကို ကိုယ်ပိုင်လိုလုပ်ပြီး အပင်စိုက်၊ ခြံခတ်၊ အုတ်ခုံရိုက် တချို့ဆိုင်ခန်းဆောက် ငှားစားတာမျိုးနဲ့တောင် နယ်ချဲ့ထားကြတယ်။ လိုအပ်လို့ လုပ်ထားတဲ့ နောက်ဖေးလမ်းကြား၊ မီးတားလမ်းကြားတွေဆို ကျောချင်းကပ်ရှိနေတဲ့ အိမ်တွေအချင်းချင်း တက်ညီလက်ညီ ဝေခြမ်းပြီး အပိုင်သိမ်းထားကြတာလည်းရှိတယ်။

မြို့ထဲက အိမ်ဆိုင်တွေ၊ ဈေးဆိုင်တွေဆိုလည်း ပလက်ဖောင်း တစ်ခြမ်းလောက်အထိ ဆိုင်ခင်းလို့ရရင်ခင်း၊ အောက်မှာခင်းမရရင် အပေါ်ကနေ တန်းထုတ်၊ ပစ္စည်းတွေချိတ်ဆွဲပြီး ကျူးကြလို့ လူတွေက လမ်းပေါ်ဆင်းလျှောက်နေကြရတယ်။ တစ်လောကမှ ကမ်းနားလမ်းမှာ နေရာပြောင်းဖွင့်ပေးတဲ့ ညဈေးတန်းကဆိုင်တွေက လမ်းဘေးရေမြောင်းထဲ ပစ်ထားခဲ့တဲ့အမှိုက်တွေကို စည်ပင်လုပ်သားတွေက အပတ်တိုင်း ဆယ်ပေးနေရတာ အလုပ်တစ်ခု။

ဒါဆို အဲလို စည်းကမ်းတကျဖြစ်အောင် ထိန်းသိမ်းကြီးကြပ်ပေးတဲ့သူတွေနဲ့ စံပြဖြစ်အောင် နေရမယ့်သူတွေကရော စည်းကမ်းရှိကြရဲ့လားလို့ မေးရင် မရှိသေးဘူးလို့ဖြေရမယ်။ အဲတော့ သာမန်ပြည်သူတွေ စည်းကမ်းဖောက်တာ ဘာမှမဆန်းဘူးလို့ပြောရမယ်။

တကယ်တော့ မြန်မာပြည်သူတွေ စည်းကမ်းပျက်လာတာ ဆယ်စုနှစ်တော်တော်များများတောင် ကြာနေပြီလို့ ဆိုရမယ်။ ကျောင်းသင်ခန်းစာတွေမှာ စည်းကမ်းရှိဖို့ သင်ပေးပေမယ့် ကျောင်းအပြင်ရောက်သွားရင် သင်ထားတာနဲ့ ပြောင်းပြန်ဖြစ်နေတဲ့အတွက် ငယ်စဉ်ကတည်းက ကျောင်းတွင် စည်းကမ်းရှိ၍ အပြင်တွင် စည်းကမ်းမဲ့နိုင်သည်လို့ သင်မပေးရုံတစ်မည်ပဲ ကျန်တော့တာကိုး။

နောက်တစ်ခုက ဥပဒေရဲ့ ကာကွယ်၊ ထိန်းသိမ်း၊ ကြီးကြပ်၊ အရေးယူမှုပေါ့။ ဥပဒေက မျက်နှာလိုက်၊ ဘက်လိုက်နေသမျှ ဥပဒေအတိုင်း တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ကျောသား၊ ရင်သားမခွဲဘဲ အရေးမယူနိုင်သေးသမျှ စည်းကမ်းမဲ့နေကြဦးမှာပဲ။

အရေးကြီးတာက ငယ်စဉ်ကတည်းက ကျောင်းတွင်းနဲ့ ကျောင်းပြင် စည်းကမ်း အတူတူပဲဖြစ်အောင် ချိတ်ဆက်ပေးဖို့နဲ့ ဥပဒေစိုးမိုးမှုရှိဖို့ နှစ်ချက်ပဲ။ အဲဒီနှစ်ချက်ပြည့်စုံရင် ကျွန်တော်တို့မြန်မာတွေ စည်းကမ်းမရှိရင် ကြိုက်သလို ပြောနိုင်တယ်။ အဲလိုစည်းကမ်းရှိလာပြီဆိုရင် နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်ပြီလို့သာ မှတ်လိုက်တော့။ အဲလိုဖြစ်ဖို့ဆိုရင် နံပါတ်တစ်က အစိုးရမှာ တာဝန်ရှိတယ်။ နံပါတ်နှစ်က ပြည်သူတွေက ပူးပေါင်းဆောင်ရွက်ရမယ်။ အဲဒီနှစ်ခုမှာ အနိမ့်ဆုံးအဆင့် ကိုယ့်တာဝန် ကိုယ်ကျေကြရင် ကျွန်တော်တို့ သွားချင် ရောက်ချင်တဲ့ပန်းတိုင် မြန်မြန်ရောက်မယ်လို့ ဆိုပါရစေ။

**အယ်ဒီတာ (၂၈-၁-၂၀၁၇)**

# ဒုတိယ ပင်လုံညီလာခံသို့ လီဆူကိုယ်စားလှယ် ငါးဦးတက်မည်

**မြစ်ကြီးနား၊ ဇန်နဝါရီ ၂၈**

ဒုတိယအကြိမ် ကျင်းပမည့် ပင်လုံညီလာခံတွင် လီဆူတစ်မျိုးသားလုံး ဆိုင်ရာ အမျိုးသား ကိုယ်စားလှယ်ငါးဦးတက်ရောက်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရ အဖွဲ့ဝင် လီဆူရေးရာဝန်ကြီး ဦးအားတိယောဟန်က ပြောကြားသည်။

အဆိုပါပင်လုံညီလာခံတွင် တိုင်းရင်းသားများ ရင်ကြားစေ့ရေးနှင့် အဓိကအားဖြင့် ဖက်ဒရယ်အကြောင်းအရာများကို တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"အရင်ကတော့ ပါတီတစ်ခုက တက်ခွင့်ရှိမယ်လို့ပြောထားတာကိုး။ အခုက အမျိုးသား ကိုယ်စားအဖြစ်တက်ရောက်တော့ လီဆူတွေရဲ့ သဘောထားကို တင်ပြနိုင်မယ်"ဟု ၎င်းက ဆိုသည်။

ပြီးခဲ့သည့် ပထမအကြိမ်ပင်လုံညီလာခံတွင် နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် လီဆူအမျိုးသားတိုးတက်ရေး (ဒူးလေး) ပါတီက တက်ရောက်ခဲ့ပြီး လီဆူကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသကို တောင်းဆိုတင်ပြခဲ့သည်။

"ပါတီတစ်ခုဆို ပါတီနိုင်ငံရေးမူနဲ့သွားမယ်။ အမျိုးသားရေးဆို အမျိုးသားမူနဲ့ဆိုင်တာပဲ သွားရမယ်။ အခုက အမျိုးသားရေး ကိုယ်စားလှယ်နဲ့သွားတော့ လီဆူတွေအတွက် ပိုပြီးအကျိုးရှိမယ်ထင်တယ်"ဟု ကချင်ပြည်နယ် လီဆူရေးရာဝန်ကြီး ဦးအားတိယောဟန်က ဆိုသည်။

လာမည့် ဖေဖော်ဝါရီလအတွင်း ဒုတိယအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံညီလာခံတွင် တင်ပြရန် ကချင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် အခြားတိုင်းရင်းသားအနေနှင့်လည်း အသီးသီးဆွေးနွေး ပြင်ဆင်လျက်ရှိသည်။ ■ **R-06**

# ကရင်ကျေးလက်လမ်း ဖွံ့ဖြိုးရေး မဟာဗျူဟာ ဆွေးနွေး

**ဘားအံ၊ ဇန်နဝါရီ ၂၈**



ဓာတ်ပုံ - စောကျော်ဌေး

**ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ကျေးလက်လမ်းများနှင့် ပတ်သက်၍ ဆွေးနွေးနေစဉ်**

ကရင်ပြည်နယ်ရှိ ကျေးလက်ဒေသချင်းဆက်လမ်းများ ဖောက်လုပ်ရာတွင် ကောင်းမွန်သော နည်းလမ်းများ ရရှိစေရန်အတွက် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာမူကြမ်းအတွက် အကြံဉာဏ်ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၆ က ဘားအံမြို့နယ်၊ သီရိဘားအံ ဟိုတယ်တွင် ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကရင်ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင် ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း၊ ဆွေးနွေးပွဲတွင် ကျေးလက်များ ဒေသချင်းဆက်လမ်းများနှင့် ပတ်သက်၍ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူးက ဒေသအတွင်း ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန်ရှိသည်များကို ရှင်းပြခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များက ဒေသတွင်းလမ်းများ၏ အာမခံချက်နှင့် ပတ်သက်၍ မေးမြန်းခြင်း တင်ဒါ ခေါ်ယူရာတွင် ဒေသခံကုမ္ပဏီများကို ဦးစားပေးစဉ်းစားရန် တင်ပြခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် တိုက်တွန်း ပြောကြားခြင်း၊ လမ်းများအဆင့်အတန်းမီအောင် ဖောက်လုပ်ရန် အကြံပြုဆွေးနွေးခဲ့သည်။

"ခုလို အစိုးရအဖွဲ့အစည်းတွေရယ်၊ လွှတ်တော် ကိုယ်စားလှယ်တွေရယ်၊ ဌာနဆိုင်ရာရယ် တွေ့ဆုံပူးပေါင်းပြီး ရှေ့ဆက်လုပ်ရမယ့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေကို ဆွေးနွေးခြင်းဖြင့် အကျိုးရှိလာပါလိမ့်မယ်၊ ရရှိလာတဲ့ မူကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆီတင်ပြသွားမှာပါ" ဟု ကရင်ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်က ပြောကြားသည်။ ■ **R-17**


## ဝန်ထမ်းအလိုရှိသည်

အမျိုးသမီးဝန်ထမ်း - (၅)ဦး

စီနီကမ္ဘာ့ချည်မျှင်စက်ရုံ A/4(a) ၊(၆၂)လမ်း

သားရေနယ်လမ်း၊ ငွေတော်ကျိုကုန်းရပ်ကွက်

ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့

Ph : 09-6501608,09-6808176,02-5154824


# NEWS IN BRIEF

## ကုန်တင်ယာဉ်နှင့်တိုက်၍ ဆိုင်ကယ်စီးလာသည့် အမျိုးသမီးသေဆုံး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှောင်လမ်းတွင် ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်က ၁၂ ဘီးကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိခဲ့ရာ အမျိုးသမီးတစ်ဦး အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ကြောင်း နယ်မြေခံ သာစည်ရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

ယင်းနေ့က သာစည်မြို့နယ်၊ အဖျောက်ကျေးရွာအနီးမှ ဖြတ်သန်းသွားသည့် မိတ္ထီလာမြို့ရှောင်လမ်း (ကန်တောင်-သပြေဝ ကားလမ်းပိုင်း) မိုင်တိုင်အမှတ် ၅/၇ နှင့် ၆/၈ ကြားတွင် ကန်တောင်ဘက်မှ သပြေဝဘက်သို့မောင်းနှင်လာသော ၁၂ ဘီး ယာဉ်က မျက်နှာချင်းဆိုင်မှ မခိုင်ဖြူလွင် ၂၈ နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုဝင်ရောက်တိုက်မိရာ မခိုင်ဖြူလွင်သည် ဒဏ်ရာများရရှိပြီး သေဆုံးခဲ့ကြောင်း မှုခင်းမှတ်တမ်းအရ သိရှိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အေးနိုင်လွင်ကို သာစည်မြို့မရဲစခန်းက ယာဉ်(ပ)၅/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ - ၃၀၄-က အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ယင်းရဲစခန်းထံမှ စုံစမ်းသိရသည်။ ■ **R-01**

## ကျိုင်းတုံတွင် စာပေဟောပြောပွဲကျင်းပမည်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့မြို့တော်ခန်းမတွင် ဖေဖော်ဝါရီလ ၁ရက် ညနေ၆နာရီတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ စာရေးဆရာကြီးများဖြစ်သော မြင်းမူမောင်နိုင်မိုး၊ ချစ်နိုင်(စိတ်ပညာ)နှင့် နွမ်ဂျာသိုင်းတို့က လာရောက်ဟောပြောမည် ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ် စာရေးဆရာအသင်းထံမှသိရသည်။

ကျိုင်းတုံမြို့ရှိ ဒေသခံ တိုင်းရင်းသားများ အသိပညာ ဗဟုသုတ တိုးပွားစေရန်နှင့် လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတင်းစာဆရာအသင်းနှင့် စာရေးဆရာအသင်းတို့ ပူးပေါင်းကာ စာပေဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ကျိုင်းတုံမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောကြားသည်။

"ဒီဒေသမှာ စာပေဟောပြောပွဲတွေ မကျင်းပတာကြာပြီဆိုတော့ စာပေဟောပြောပွဲ ဖြစ်မြောက်ဖို့အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းတွေ စုပေါင်းပြီး ဆောင်ရွက်တာပါ"ဟု တိုင်းလိယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းဟောင်နွဲ့က ပြောဆိုသည်။ ■ **R-16**


**TRADEMARK CAUTION**

**ACAVA LIMITED**, a company incorporated in **Malta** having its office at **167 Merchants Street, Valleta, VLT, 1177, Malta** is the Owner and Sole Proprietor of the following trademark "**AJE**":-

**(Reg. No. IV/6107/2009; Reg. No. IV/9565/2012)**

This trademark is used in respect of the following goods:-

"Waters (table-), carbonated beverages, non-alcoholic beverages, nectars, juices, fruit juices, juice (fruit-), beer, effervescing beverages, aerated water, isotonic beverages" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833

**Dated: 29th January 2017**

# တောင်ငူမြို့မ ဈေးသူဈေးသားများ၏သဘောကို ဆန့်ကျင်ပါက သပိတ်စခန်းဖွင့် တောင်းဆိုမည်

**တောင်ငူ၊ ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မဈေးကြီး အသစ်ပြန်လည်တည်ဆောက်ရေးအတွက် ဈေးသူ၊ ဈေးသားများ၏ သဘောဆန္ဒကိုတိုင်းဒေသကြီး အစိုးရအဖွဲ့ လျစ်လျူရှုပါက သပိတ်စခန်းဖွင့်ကာ တောင်းဆိုမည် ဖြစ်ကြောင်း ဈေးသူဈေးသားများက ပြောကြားသည်။

ဇန်နဝါရီလ ၂၆ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ မြစည်းခုံ သာသနာ့ဗိမာန်တော်ကြီးတွင် ဈေးသူ၊ ဈေးသား ၁၀၀ ကျော်နှင့် မြို့နယ်ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဈေးသစ်တည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများအပြင် ယခင်အစိုးရလက်ထက်က ဈေးတည်ဆောက်ခွင့်ရအောင်စည်တီးသံ အများပိုင်ကုမ္ပဏီ တာဝန်ရှိသူတို့တွေ့ဆုံဆွေးနွေးစဉ် ဈေးသူ၊ ဈေးသားများက အထက်ပါအတိုင်းပြောကြားသည်။

လွန်ခဲ့သော ရက်ပိုင်းက ပဲခူးတိုင်းဝန်ကြီးချုပ်နှင့် ပဲခူးတိုင်း စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးချုပ်ထံ ဈေးတည်ဆောက်ရေးအတွက် သွားရောက်တွေ့ဆုံရာ ဝန်ကြီးချုပ်နှင့် တွေ့ခွင့်မရကြောင်း၊ စည်ပင်ဝန်ကြီးက အစိုးရ အစီအစဉ်ဖြင့် လုပ်ဆောင်မည်ဖြစ်ပြီး ဈေးသူ၊ ဈေးသားများ၏ ဆန္ဒကို မလိုက်လျောနိုင်သည့် သဘောမျိုး ပြောဆိုကြောင်း ဈေးသစ်တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်သိန်းက ပြောကြားသည်။

"ဒီတစ်လအတွင်း အကြောင်းမပြန်ရင်တော့ ဈေးသူ၊ ဈေးသားတွေရဲ့ ဆန္ဒသဘောအတိုင်း လုပ်ကြမှာပါ" ဟု ၎င်းက ပြောဆိုသည်။

ယခင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၁၆ခုနှစ်၊ မတ်လ ၂၈ ရက်က ထုတ်ပြန်ခဲ့သော ပေးခဲ့သည့် အမိန့်ကြေညာစာကို လက်ရှိ ပဲခူးတိုင်းဝန်ကြီးချုပ် ဦးသိန်းဝင်းနှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်တို့က လျစ်လျူရှုပြီး ၂၀၁၆ နိုဝင်ဘာလ ၁၄ ရက်နေ့က နိုင်ငံပိုင်သတင်းစာများတွင် တင်ဒါအသစ် ထပ်မံခေါ်ယူခဲ့ကြောင်း၊ ယခင်အစိုးရလက်ထက် ဈေးသစ်တည်ဆောက်ခွင့် ရရှိထားသည့် အောင်စည်တီးသံ အများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာ ဦးဘဆွေက ပြောကြားသည်။

ယင်းအတွက်ကြောင့် ယခုအစိုးရသစ်အား ဥပဒေကြောင်းအရ မည်သို့အရေးယူနိုင်သည်ကို ရှင်းလင်းစွာ သိရှိလိုကြောင်း ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်ထံ ဇန်နဝါရီလ ၂၅ ရက်က စာရေးသားကာ ပေးပို့မေးမြန်းထားကြောင်း၊ ဈေးမီးလောင်မှု သုံးနှစ်ပြည့်ချိန်အထိ လျစ်လျူရှုမည်ဆိုပါက ဈေးသူဈေးသားတွေနဲ့အတူ သပိတ်စခန်းဖွင့် ဆန္ဒပြမည်ဖြစ်ပြီး တာဝန်ရှိသူများကိုလည်း ဥပဒေကြောင်းနှင့် တရားစွဲဆိုမည်ဖြစ်ကြောင်းဟု ၎င်းက ပြောဆိုသည်။



ဓာတ်ပုံ - ဇေယျာကို

အဆိုပါ မီးလောင်ပြင်နေရာတွင် ဈေးသစ်တည်ဆောက်နိုင်ရေးအတွက် ၂၀၁၆ခုနှစ် ဇူလိုင်လက စင်ကာပူရောက် မြန်မာနိုင်ငံသား ကျွမ်းကျင်ပညာရှင်အချို့၏ ကူညီမှုဖြင့် ကနဦးတိုင်းတာ စစ်ဆေးခဲ့ကြောင်း၊ ယင်းနေရာတွင် အဆင့်မြင့် Commercial Complex အဖြစ် အသစ်တည်ဆောက်ရန် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့က ဈေးသစ်တည်ဆောက်ရေးအတွက် တင်ဒါခေါ်ယူခဲ့သည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့ ညနေပိုင်းက စတင်ကာ တောင်ငူမြို့မဈေး မီးလောင်မှုကြောင့် ဈေးရုံပေါင်း ၂၀ နီးပါးအနက် ဈေးရုံ ၁၂ ရုံ၊ ဈေးဆိုင်ခန်း ၈၀၀ ကျော် ဆုံးရှုံးခဲ့ပြီး ကျပ်သန်း ခြောက်ထောင်ခန့် နစ်နာခဲ့ကြောင်း၊ ဈေးသစ်တည်ဆောင်ရန် ယခင်အစိုးရ လက်ထက် တင်ဒါနှစ်ကြိမ်ခေါ်ယူခဲ့ပြီး ယခုအစိုးရသစ် လက်ထက် ပထမဦးဆုံးအကြိမ် တင်ဒါခေါ်ယူခဲ့သည်။ ■ R-15

# သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ရွှေလုပ်ကွက်များ သက်တမ်းတိုးချပေးသင့်ဟုဆို

**သပိတ်ကျင်း၊ ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်အတွင်း တူးဖော်ထုတ်လုပ်လျက်ရှိသည့် ရွှေတူးဖော်ရေးကုမ္ပဏီများအနက် သတ္တုတွင်းဥပဒေနှင့် ညီညွတ်သည့် ရွှေသတ္တုလုပ်ကွက်များကို သက်တမ်းတိုးအမြန်ဆုံးဆောင်ရွက်ပေးသင့်ကြောင်း လေးမိုင်ကျေးရွာဒေသခံ ရွှေတူးဖော်ရေးကုမ္ပဏီ အလုပ်သမားများက တညီတညွတ်တည်းပြောကြားသည်။

ကုမ္ပဏီများ သက်တမ်းတိုးပေးရေး၊ မပေးရေးနှင့်ပတ်သက်၍ ပြဿနာဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စု အစိုးရအဖွဲ့ တာဝန်ရှိသူများသည် ကွင်းဆင်းစစ်ဆေး၍ သက်တမ်းတိုးအမြန်ဆောင်ရွက်ပေးမှသာ မလိုလားအပ်သည့်ပြဿနာများ ဖြစ်ပေါ်ခြင်းမရှိဘဲ ဒေသခံအလုပ်သမားများ ဆက်လက်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း လေးမိုင်ကျေးရွာဒေသခံ ကုမ္ပဏီအလုပ်သမား ဦးမျိုးမြင့်က ပြောဆိုသည်။

"အခုကျွန်တော်တို့မိသားစုဆို ကုမ္ပဏီမှာ လစားရော၊ နေ့စားရောလုပ်ကိုင်နေရတဲ့အတွက် လက်ရှိမှာ စားဝတ်နေရေး ပြေလည်နေတယ်။ ဒါလေးတွေကို ထည့်မစဉ်းစားပဲဘဲနဲ့ ဥပဒေနဲ့ညီတဲ့ကုမ္ပဏီတွေသက်တမ်းတိုးခွင့်မပေးဘူး၊ ဆက်လက်လုပ်ကိုင်ခွင့်မပေးဘူးဆိုရင်တော့ လက်ရှိလုပ်ကိုင်နေတဲ့ အလုပ်သမားတွေအားလုံးအခက်အခဲဖြစ်လာနိုင်တယ်"ဟု ၎င်းကဆိုသည်။

မြို့နယ်အတွင်း လက်ရှိသတ္တုတူးဖော်ထုတ်လုပ်နေသည့် ကုမ္ပဏီ ၂၅ ခု ၊ လုပ်ကွက် ၈၀ ရှိရာ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့် လုပ်ကွက် ၄၀ ရှိပြီး ဦးပိုင်လုပ်ကွက် ၂၅ ကွက်၊ လုပ်ငန်းရှင် ကုမ္ပဏီလုပ်ကွက် ၅၅ ကွက်ရှိနေကြောင်း သပိတ်ကျင်းမြို့နယ် ရွှေတူးဖော်ထုတ်လုပ်ရေး ကော်မတီ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

"တချို့ကုမ္ပဏီတွေ ပြေလည်မှုမရရှိတာနဲ့ ကျန်တဲ့ကုမ္ပဏီတွေကိုလည်း သက်တမ်းတိုး ဆောင်ရွက်မပေးသေးဘူးဆိုတာတော့ သိပ်အဆင်မပြေဘူးပေါ့နော်။ အခုအစိုးရသစ်လက်ထက်မှာ ကုမ္ပဏီတော်တော်များကလည်း ဒေသခံတွေကို အလုပ်အကိုင် အခွင့်အလမ်းပေးတယ်။ ဆိုလိုချင်တာ က သတ်မှတ်ချက်နဲ့ကိုက်ညီတဲ့လုပ်ကွက် တွေကိုတော့အမြန်ဆုံး သက်တမ်းတိုးချထားပေးစေချင်တာပါ"ဟု G.D. Rock ကုမ္ပဏီတာဝန်ခံ ဦးနေလင်းသန်းက ဆိုသည်။

သတ္တုလုပ်ကွက်များ သက်တမ်းတိုးချထားပေးခြင်းသည် ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်ရိုက်လျှောက်ထားလုပ်ကိုင်ရခြင်းဖြစ်ပြီး ဒီဇင်ဘာလဆန်းကလည်း ပြည်ထောင်စုအစိုးရအဖွဲ့တာဝန်ရှိသူများထံသို့ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ နယ်မြေအေးချမ်းရေးနှင့် သက်တမ်းတိုးများအတွက်တင်ပြထားကြောင်း မန္တလေးတိုင်းဒေသကြီး သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမျိုးသစ်က ပြောကြားသည်။ ■ R-05

# ကောလင်းသစ်ထုတ်လုပ်ရေးတွင် ဆင်အမြွှာမွေးဖွား

**မုံရွာ၊ ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ် ခံစားလာကာသစ်တောကြိုးဝိုင်းအတွင်းရှိ ကောလင်းသစ်ထုတ်ရေးပိုင် ဆင်မကြီးသည် အမြွှာဆင်နှစ်ကောင်ကို ၇ နာရီခြား၍ မွေးဖွားခဲ့ကြောင်း ကောလင်းမြို့နယ်သစ်ထုတ်ရေးထံမှ သိရသည်။

အဆိုပါ ဆင်မကြီးက ဇန်နဝါရီလ ၂၅ ရက်နေ့ ညနေ ၆ နာရီခွဲဝန်းကျင်တွင် ဆင်ထီးကလေးကို မွေးဖွားခဲ့ပြီးနောက် ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက် ၁ နာရီ ၄၅ မိနစ်တွင် ဆင်အမကလေးကို မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း ကောလင်းသစ်ထုတ်ရေးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

"ဆင်မကြီးနဲ့ ဆင်ကလေးတွေ ကျန်းမာရေးကောင်းပါတယ်။ ဆင်ဆရာဝန်တွေ ကြည့်ရှု စောင့်ရှောက်နေပါတယ်" ဟု ၎င်းက ဆိုသည်။ ■ R-08


**TRADEMARK CAUTION**

ACAVA LIMITED, a company incorporated in Malta having its office at 167 Merchants Street, Valletta, VLT, 1177, Malta is the Owner and Sole Proprietor of the following trademark "AJE Big & Device":-

AJE Big

(Reg. No. IV/6106/2009; Reg. No. IV/9604/2012)

This trademark is used in respect of the following goods:-

"Aerated water, carbonated beverages, table water, juices, nectars, non-alcoholic beverages, beer" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

For ACAVA LIMITED
Khin Khin Zaw, LL.B, LL.M, Advocate
LawPlus Myanmar Ltd.
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833

Dated: 29th January 2017



အောင်ပြည့်စုံ
10',14',16'-8ထ ကားများဖြင့်
09-421041338,
09-73224763,09-250095114



မိဘမေတ္တာ (Gas)

# တိုင်းရင်းသားများ အခွင့်အရေးကိုသိမှ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်မည်ဟု မန္တလေးတိုင်းဝန်ကြီးချုပ်ပြော

မန္တလေး၊ ဇန်နဝါရီ ၂၈



ဓာတ်ပုံ – မောင်ရဲနွေ

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြို လူထုဆွေးနွေးပွဲသို့ တက်ရောက်လာသူများကို တွေ့ရစဉ်

မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရာတွင် တိုင်းရင်းသားများ ရသင့်ရထိုက်သည့် အခွင့်အရေးကို သိမှသာ အောင်မြင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

မန္တလေးမြို့၌ ဇန်နဝါရီလ ၂၈ ရက်နေ့ကကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၏ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြို လူထုဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က ပြောဆိုလိုက်ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများရှိနေသောကြောင့် မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အထက်ပါအတိုင်း ပြောကြားခြင်းလည်းဖြစ်သည်။

“ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးတယ်ဆိုကတည်းက ကိုယ်ကဘာပေးနိုင်သလဲဆိုတာ စဉ်းစားဆွေးနွေးမှ အောင်မြင်မယ်။ ကိုယ်ဘာရချင်သလဲဆိုပြီး ဆွေးနွေးနေသရွေ့ မအောင်မြင်နိုင်ပါဘူး။ နိုင်ငံ့မျက်နှာကို ကြည့်ရပါ့မယ်။ တိုင်းရင်းသားတွေရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကြည့်တာ နိုင်ငံမျက်နှာကြည့်တာပါပဲ” ဟုဎင်းကဆက်လက်ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဆွေးနွေးရသောကြောင့် အခက်အခဲရှိကြောင်း အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်မှ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောဆိုသည်။

လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ခေါင်းဆောင်အသီးသီး၏ နှလုံးသားတွင် စာနာစိတ်ရှိသည့်တစ်နေ့ စာနာစိတ်ရောက်သည့်နေ့သည် ငြိမ်းချမ်းရေးရမည့်နေ့ဖြစ်ကြောင်း မန္တလေးမြို့ခံ ဂဠုန်နီ ဆရာတော် ဦးကာဝိယက မိန့်ကြားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) က ဦးဆောင်ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ ညီလာခံ) အကြို လူထုဆွေးနွေးပွဲကိုမန္တလေးမြို့တော်ရှိ (Hotel Hazel) ၌ ဇန်နဝါရီလ ၂၈ ရက်နှင့် ၂၉ ရက်နေ့တို့တွင် ကျင်းပမည် ဖြစ်သည်။

ယင်းလူထုဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအပါအဝင် မန္တလေး၊ မြင်းခြံ၊ ကျောက်ဆည်၊ တံတားဦးမြို့တို့မှ နိုင်ငံရေးအင်အားစုများ၊ ABSDF ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ ■ M-01



ဓာတ်ပုံ – မြတ်မင်း

အထွေထွေဖွံ့ဖြိုးမှုနောက်ကျသောကလေးများ နေ့ပိုင်းစောင့်ရှောက်မှုစင်တာဖွင့်ပွဲသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကို တွေ့ရစဉ်။

# မသန်စွမ်းသူများ ဆရာဖြစ်သင်တန်း တက်ခွင့်ရရန် ညှိနှိုင်းဟု လူမှုဝန်ထမ်းဝန်ကြီးပြော

မန္တလေး၊ ဇန်နဝါရီ ၂၈

ပညာရေးဝန်ကြီးဌာနအောက်ရှိ ပညာရေးကောလိပ်များက ဆရာဖြစ်သင်တန်းသားများခေါ်ယူရာတွင် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများသင်တန်းတက်ခွင့်ရရန် ဝန်ကြီးဌာနချင်းညှိနှိုင်းဆောင်ရွက်နေကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ပညာရေးကောလိပ်များက ဆရာဖြစ်သင်တန်းသားများခေါ်ယူရာတွင် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ သင်တန်းတက်ခွင့် မရသည့်ကိစ္စရပ်နှင့် ပတ်သက်၍ဎင်းက ပြောကြားခြင်းဖြစ်သည်။

မန္တလေးမြို့တော်ရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း၌ ဇန်နဝါရီလ ၂၈ ရက်နေ့က ကျင်းပသည့် အထွေထွေဖွံ့ဖြိုးမှုနောက်ကျသော အထူးစောင့်ရှောက်မှုလိုအပ်နေသည့်ကလေးများ နေ့ပိုင်းစောင့်ရှောက်မှုစင်တာ ဖွင့်ပွဲအခမ်းအနား၌ ဒေါက်တာဝင်းမြတ်အေးက ထည့်သွင်းပြောဆိုခဲ့ခြင်းလည်းဖြစ်သည်။

“ဒါက မသန်စွမ်းနဲ့ဆိုင်ပါတယ်။ ပညာရေးဌာနကနေပြီးတော့ ပညာရေးကောလိပ်တွေမှာ ဆရာဖြစ်ရွေးချယ်တဲ့အခါမှာ မသန်စွမ်းတဲ့သူတွေကို များသောအားဖြင့် လက်မခံဘူးဆိုတာတွေ ရှိခဲ့ပါတယ်။ ဒါကို ပညာရေးဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီး ဆောင်ရွက်နေပါတယ်။ အဆင်ပြေသလောက် ရှိနေပါပြီ” ဟု ဎင်းကပြောဆိုသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးက ယင်းသို့ပြောဆိုခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း ထွက်ရှိခဲ့သော လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းအတွက် ဝင်ခွင့်ရသူများနှင့်ပတ်သက်၍ ညွှန်ကြားချက်တွင် မသန်စွမ်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာပညာရေးကောလိပ်တွင် သတင်းပို့သည့်အခါ လူတွေ့စစ်ဆေးရာ၌ ကိုယ်လက်အင်္ဂါချို့ယွင်းသူများ၊ ကျား၊ မ ပီသမှု မရှိသူများ၊ ဆရာတစ်ဦးတွင်ရှိသင့်ရှိထိုက်သော ကိုယ်ရည်ကိုယ်သွေး မရှိသူများကို သင်တန်းမှ ပြန်လည်စေလွှတ်မည်ဟု ပါရှိသည်။

“သူတို့မှာ ပါဝင်ဆောင်ရွက်နိုင်မှုရှိဖို့ လိုပါတယ်။ မသန်စွမ်းမိုလို့ ဒီနေရာမှာမပါရဘူး။ မသန်စွမ်းမိုလို့ ဒီကျောင်းမတက်ရဘူး၊ မသန်စွမ်းမို့လို့ ဒီအဖွဲ့အစည်းထဲမှာ မပါရဘူးဆိုတာတွေမဖြစ်ရအောင် ကျွန်တော်တို့ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဥပဒေတွေ၊ နည်းဥပဒေတွေကို ပြုပြင်ပြောင်းလဲနေတယ်။ ညှိနှိုင်းဆောင်ရွက်နေတယ်။ အနည်းငယ် မသန်စွမ်းတာနဲ့ပဲ ဆရာ၊ ဆရာမသင်တန်းမတက်ရဘူးဆိုတာတွေ ရှိခဲ့ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေပါတယ်” ဟု ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

လက်ရှိအချိန်၌ ဝန်ကြီးဌာနချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ဇန်နဝါရီနောက်ဆုံးပတ်တွင် အစည်းအဝေးတစ်ခုခေါ်ထားကြောင်း၊ လက်ရှိတွင်လည်း ဝန်ကြီးဌာနချင်း တိုက်ရိုက်ဆောင်ရွက်ခြင်းများ၊ လက်အောက်ခံဌာနချင်း ညှိနှိုင်းဆောင်ရွက်ခြင်းများ ရှိနေကြောင်း၊ မသန်စွမ်းနှင့်ပတ်သက်သည့် ဥပဒေများထုတ်ပြန်ထားပြီးဖြစ်၍ ထွက်ရှိလာမည့် နည်းဥပဒေများအတိုင်း ဆောင်ရွက်နိုင်ရန် ညှိနှိုင်းနေကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးထံမှ သိရသည်။ ■ M 05

**TRADEMARK CAUTION**

**ACAVA LIMITED**, a company incorporated in **Malta** having its office at **167 Merchants Street, Valletta, VLT, 1177, Malta** is the Owner and Sole Proprietor of the following trademark **"AJE COOL TEA & Device"**:-

COOL

(Reg. No. IV/9218/2009)

This trademark is used in respect of the following goods:-

"Beverages (tea-based -)" in Class 30.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833 **Dated: 29th January 2017**

# MICT ဝင်းတွင် အဲယားကွန်းတပ်ဆင်သူ နှစ်ဦး လေးလွှာမှ ပြုတ်ကျ

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

လှိုင်မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ MICT ဝင်းတွင် ဇန်နဝါရီလ ၂၇ ရက် ညနေပိုင်းက အဲယားကွန်း တပ်ဆင်နေသော အမျိုးသားနှစ်ဦး လေးလွှာတိုက်ခန်းပေါ်မှ မြေပြင်သို့ ပြုတ်ကျခဲ့ကြောင်း လှိုင်မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

တိုက်ပေါ်မှ ပြုတ်ကျသူ နှစ်ဦးမှာ လှိုင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်တွင် နေထိုင်သူ အသက် ၁၈ နှစ် အရွယ် ကိုဝင်းမင်းဦးနှင့် အသက် ၂၈ နှစ်အရွယ် ကိုဝေယံထွန်း တို့ဖြစ်ပြီး ယင်းနေ့ညနေက အမြင့် ပေ ၃၀ ခန့်ရှိ လေးလွှာတိုက်ခန်းတွင် အဲယားကွန်းတပ်ဆင်နေစဉ် Service Box ပြုတ်ကျသည်ကို လိုက်လံဖမ်းဆွဲရာမှ အရှိန်လွန်ပြီး နှစ်ဦးစလုံး ပြုတ်ကျခဲ့ကြောင်း လှိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးကပြောကြားသည်။

"ပစ္စည်းထည့်တဲ့ သေတ္တာပြုတ်ကျလို့ လိုက်ဖမ်းရာက နှစ်ယောက်စလုံး ပြုတ်ကျသွားတာ၊ မြေပေါ်မကျခင် မြေညီထပ်က ဆန်းရှိတ်ပေါ်တစ်ဆင့်ပြုတ်ကျခဲ့လို့ တော်သေးတယ်၊ နှစ်ယောက်စလုံး ဒဏ်ရာရခဲ့ပေမယ့် မစိုးရိမ်ရဘူး၊ ရဲစခန်းအနေနဲ့ကတော့ သတင်းတင်ထားတာပဲ ရှိတယ်၊ မတော်တဆဖြစ်တာမို့ အမှုဖွင့်ဆောင်ရွက်ထားခြင်းမရှိပါဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမြင့်ပေ ၃၀ ခန့်ရှိ လေးလွှာတိုက်ပေါ်မှ ပြုတ်ခဲ့သောကြောင့် ကိုဝေယံထွန်းမှာ ဘယ်လက်ကျိုးဒဏ်ရာ၊ တင်ပါးဆုံရိုးကျိုးဒဏ်ရာ၊ နဖူးရောင်ဒဏ်ရာ၊ ကျောကုန်းပွန်းပဲ့ဒဏ်ရာ၊ ဘယ်/ညာတံတောင်ဆစ်စုတ်ပြဲဒဏ်ရာနှင့် ကိုဝင်းမင်းဦးမှာ ညာ ပေါင်ကျိုးဒဏ်ရာ၊ ဘယ်ချိုစောင်း ပွန်းပဲ့ဒဏ်ရာ၊ ဘယ်တံတောင်ဆစ် ပွန်းပဲ့ဒဏ်ရာ၊ မေးစေ့ စုတ်ပြဲဒဏ်ရာများ ရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံသို့ အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် ဆေးကုသမှုခံယူနေကြောင်း လှိုင်မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ J16

# အကောက်ခွန်မဲ့သွင်းလာသည့် ရွှေတူးစက်ကိရိယာများ ရေပူဂိတ်တွင်ဖမ်းမိ

**လားရှိုး၊ ဇန်နဝါရီ ၂၈**

အကောက်ခွန်မဲ့ တရားမဝင်တင်သွင်းလာသည့် ရွှေတူးဖော်စက်ကိရိယာ ပစ္စည်းများကိုတင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးကို သိန်းနီရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိန်းနီရေပူစစ်ဆေးရေးစခန်းတာဝန်ခံ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်က ပြောကြားသည်။

ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်ဝန်းကျင်က မူဆယ်မှ လားရှိုးသို့မောင်းနှင်လာသည့် မော်တော်ယာဉ်သုံးစီးမှ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် စက်ကိရိယာများကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါမော်တော်ယာဉ်သုံးစီးမှာ ၁၀၅ မိုင် ကုန်သွယ်မှုဇုန်တွင် အခွန်ပေးဆောင်၍ တရားဝင်ဖြတ်သန်းလာခြင်း မဟုတ်ဘဲ ရှောင်ကွင်းလမ်းမှသယ်ဆောင်လာခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အဆိုပါအကောက်ခွန်မဲ့ ရွှေတူးဖော်စက်ကိရိယာများ တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးကို အသေးစိတ်စစ်ဆေးနိုင်ရန် လားရှိုးမြို့ အကောက်ခွန်ဦးစီးဌာနသို့ နေ့ချင်းလွှဲပြောင်းအပ်နှံခဲ့ကြောင်း သိန်းနီရေပူစစ်ဆေးရေးစခန်းထံမှ သိရသည်။

ယင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် ကုန်စည်စီးဆင်းရာတွင်နှောင့်နှေးမှုမရှိစေရန် ဖြတ်သန်းလာသည့် အဝင်အထွက် မော်တော်ယာဉ်များအားလုံးကိုတားဆီးစစ်ဆေးခြင်း ရှာဖွေခြင်းမပြုလုပ်ဘဲ မသင်္ကာသည့်မော်တော်ယာဉ်များနှင့် သတင်းရထားသည့် မော်တော်ယာဉ်များကိုသာ အဓိကစစ်ဆေးလျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနထံမှ သိရသည်။ ■ R-07

# ရွှေဘုံစံဆေးခန်းကို အများအမြင်အထင်လွဲအောင် အွန်လိုင်းပေါ် ဖော်ပြခဲ့သူကို ဖမ်းဆီးအရေးယူ

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်းရှိ ရွှေဘုံစံ (Shwe Bon San ) ရောဂါရှာဖွေရေးဆေးခန်း ဖုန်းနံပါတ်များကို အွန်လိုင်းပေါ်တင်၍ အများအမြင်အထင်လွဲအောင် ရေးသားဖော်ပြခဲ့သော ရွှေဘုံသာလမ်း (အထက်)မှ အထူးကုဆေးခန်း ပိုင်ရှင်၏ သားကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့် ဖမ်းဆီးထားကြောင်း ရွှေဘုံစံဆေးခန်းမှ မန်နေဂျင်း ဒါရိုက်တာဒေါ်နှင်းအေးစမ်းက ပြောကြားသည်။

ဖမ်းဆီးခံထားရသူ အသက် ၃၂ နှစ် ကိုစည်သူအောင်မှာ ရွှေဘုံသာလမ်း (အထက်)ရှိ အထူးကုဆေးခန်းတစ်ခုမှ ပိုင်ရှင်၏ သားဖြစ်ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလက မြန်မာ့သတင်းထူး သတင်းဦးဖေ့စ်ဘွတ်ခ်အကောင့်တွင် ရွှေဘုံစံဆေးခန်း ဖုန်းနံပါတ်များနှင့်အတူ ယင်းဆေးခန်းမှ အမျိုးသမီးများနှင့် ပျော်ပါးချင် ဆက်သွယ်ချင်လျှင် ခေါ်၍ရကြောင်း ဖော်ပြခဲ့သည်ဟု ဇန်နဝါရီလ ၂၇ ရက် မွန်းလွဲပိုင်းက ကမာရွတ်မြို့နယ်၊ ဒိုင်းမွန်းကွန်ဒို အနီးရှိ မြန်မာ NGOs Network ရုံးခန်းတွင် ဒေါ်နှင်းအေးစမ်းက မီဒီယာများကို ပြောကြားခဲ့သည်။

"သူ့ရဲ့ အုပ်ထိန်းသူ မိဘတွေရဲ့ မျက်နှာ နာစရာရှိတာကြောင့် အဲ့ဒီအချိန်က ကျွန်မအမှုမဖွင့်ခဲ့ဘူး၊ ၂၀၁၆ ဒီဇင်ဘာလ ၂၉ ရက်မှာ Htet Htet အမည်အကောင့်နဲ့ ဆေးခန်းဖုန်းနံပါတ်တွေ ထပ်ဖော်ပြပြီး ပျော်ပါးချင် ဆက်သွယ်လို့ရကြောင်း ထပ်တင်ခဲ့တယ်၊ ဆေးခန်းကို ဖုန်းတွေ တောက်လျှောက်ဝင်လာပြီး ဝန်ထမ်းမိန်းကလေးတွေခမျာ ညစ်ညစ်ညမ်းညမ်း စကားလုံးတွေ နေ့စဉ် အမေးခံ အပြောခံနေရတာ၊ ကျွန်မတို့ စီးပွားပျက်စီးအောင် ရည်ရွယ်လုပ်ကြံနေတာကြောင့် စည်သူအောင်ကို ဗဟန်းရဲစခန်းမှာ အမှုဖွင့် အရေးယူခဲ့တာယ်"ဟု၎င်းကဆက်လက်ပြောကြားသည်၊

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်တိုင်ကြားခံရသည့် ကိုစည်သူအောင်ကို ဇန်နဝါရီလ ၁၃ ရက် နေ့က ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းမှာ ရွှေဘုံစံဆေးခန်းမှ ဝန်ထမ်းဖြစ်သူ အသက် ၄၁ နှစ်အရွယ် အမျိုးသမီးကို လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်မှ စတင်ပြီး အွန်လိုင်းပေါ်တွင် အများအမြင်အထင်လွဲမှားပြီး အရှက်တကွဲဖြစ်စေမည့် စာနှင့်ဓာတ်ပုံများ ရေးသားဖော်ပြခဲ့ကြောင်း ယင်းအမျိုးသမီးက ပြောသည်။

"ခင်ပွန်းဆုံးပြီးနောက်ပိုင်း ၂၀၁၁ ခုနှစ်မှာ ကိုစည်သူအောင်တို့ မိဘတွေပိုင်တဲ့ရွှေဘုံသာလမ်းက အထူးကု ဆေးခန်းမှာ ကျွန်မ သူနာပြုအလုပ် ဝင်လုပ်ခဲ့တယ်၊ ဆေးခန်းပိုင်ရှင်ရဲ့သားက ကျွန်မကိုနည်းမျိုးစုံနဲ့ နှောင့်ယှက်နေတာကြောင့် ၂၀၁၆ ဖေဖော်ဝါရီလမှာ ကျွန်မ အလုပ်ထွက်လိုက်တယ်၊ ဒါပေမဲ့ သူက နည်းမျိုးစုံနဲ့ ကျွန်မကိုအရှက်တကွဲဖြစ်အောင် ဆက်လုပ်တယ်၊ လိုင်းပေါ်မှာ ကျွန်မနဲ့ ပျော်ပါးလို့ရကြောင်း ဓာတ်ပုံနဲ့ ဖုန်းနံပါတ် နေရပ်လိပ်စာတွေ ဖော်ပြခဲ့တယ်၊ ရှက်လွန်းလို့အိမ်ပြောင်းပေးတယ်၊ ကျွန်မကို အလုပ်ခန့်ခဲ့တဲ့ ရွှေဘုံစံဆေးခန်းနဲ့ အသက် ၁၈ နှစ်အရွယ် ကျွန်မရဲ့ သမီးပျိုလေးပါ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် သူက လိုင်းပေါ် မဟုတ်တာတွေ ရေးသားဖော်ပြခဲ့လို့ သူကို ကျွန်မတောင်ဥက္ကလာ ရဲစခန်းမှာ ထပ်အမှုဖွင့်ထားတယ်" ဟု ယင်း အမျိုးသမီး က ရှင်းပြသည်၊

လူမှုကွန်ရက်စာမျက်နှာတွင် အမျိုးသမီးများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန်၊ အကျိုးစီးပွားပျက်စီးစေရန် ရည်ရွယ်တိုက်ခိုက်မှုများ ရှိနေသောကြောင့် လက်ရှိ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ကို မပယ်ဖျက်သင့်ကြောင်းနှင့် ဥပဒေ၏ အားသာချက် အားနည်းချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာ ပြန်လည်ပြင်ဆင်သင့်ကြောင်း ယင်းသတင်းစာရှင်းလင်းပွဲကို ကူညီဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံ ကလေးသူငယ် အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်မှ ဥက္ကဋ္ဌ ဦးအာကာစိုးနောင်က ဆိုသည်။ S-03

# ခိုးမှုဖြင့် တိမ်းရှောင်နေသူကို မူးယစ်ဆေးနှင့်အတူ ဖမ်းမိ

**မိတ္ထီလာ၊ ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်တရားရုံးက ဖမ်းဝရမ်းထုတ်ပြန်ထားသည့် တရားခံပြေးတစ်ဦးကို မိတ္ထီလာမြို့ ချမ်းအေးသာယာရပ်ကွက် အနီးတွင် ရဲတပ်ဖွဲ့က ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရာတွင် ၎င်းထံမှမူးယစ်ဆေးဝါးများပါ ဖမ်းဆီးရမိခဲ့ကြောင်း အုပ်ချုပ်ရေးမှူးရုံးထံမှ စုံစမ်းသိရသည်။

ပျော်ဘွယ် ရဲစခန်းက (ပ) ၄၃၁/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ- ၃၉၀/၅၁၂၊ (ပ) ၄၃၂/၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ - ၃၇၉ /၅၁၂ တို့ဖြင့် ထွက်ပြေးနေသည့် တရားခံပြေး ရွှေဘကြီး(ခ) သရဲကို ဇန်နဝါရီလ ၂၆ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲ ကျော်က ချမ်းအေးသာယာ ရပ်ကွက်မြောက်ဘက်ရှိ ရှင်ပင်ကူသိမ်သို့ သွားသောလမ်းပေါ်တွင် ပိတ်ဆို့ ဖမ်းဆီးရာ စိတ်ကြွရူးသွပ်ဆေးပြားများကိုပါ ဖမ်းဆီးရမိခဲ့ကြောင်း မိတ္ထီလာမြို့မရဲစခန်း မှုခင်းမှတ်တမ်းများ အရသိရသည်။

"သူကပျော်ဘွယ်ဘက်မှာ ဖြစ်ခဲ့တဲ့ ဆိုင်ကယ်ခိုးမှုနဲ့ ပတ်သက်နေသူလို့ သိရတယ်။ ဒီကိုပြန်လာပြီးတိမ်းရှောင်နေတာ။ ကျူခုံမှာဝင်ပြီး ကစားနေတုန်း သတင်းအရ ရဲတွေက လာရောက်ဖမ်းဆီးတာလို့ သိရပါတယ်" ဟု ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် နီးစပ်သူတစ်ဦးက ဆိုသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်လာသူ ရွှေဘကြီး(ခ) သရဲကို နယ်မြေခံ မြို့မရဲစခန်းက မယ (ပ) ၂/၂၀၁၇ မူးစိတ်ပုဒ်မ- ၁၅/၁၆(ဂ) /၂၀(က)အရ ထပ်မံအမှုဖွင့်အရေးယူထားကြောင်း ယင်းရဲစခန်းထံမှ စုံစမ်းသိရှိရသည်။ ■

## မှုခင်းသတင်းတိုများ

■ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ဇင်္ဂမလမ်းတွင် ဇန်နဝါရီလ ၂၇ ရက် မွန်းလွဲပိုင်းက အငှားယာဉ်ပေါ်လိုက်ပါလာသည့် အမျိုးသမီး၏ လက်တွင် ကိုင်ဆောင်ထားသည့် ပိုက်ဆံအိတ်ကို ဆိုင်ကယ်တစ်စီးပေါ်ပါ အမျိုးသားနှစ်ဦးက ဆွဲလုယူထွက်ပြေးခဲ့သည်။

■ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် လော်ကားရေလှောင်ကန်ရှိ ဝက်ဖူးလျှိုတွင် ဇန်နဝါရီလ ၂၇ ရက် မွန်းလွဲ ၃ နာရီက အသက် ၄၃ နှစ်အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာမရှိဘဲ ရေနစ်သေဆုံးနေသည်ကိုတွေ့ရှိခဲ့သောကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် သိရှိရန် ရုပ်အလောင်းကို အင်းစိန်ဆေးရုံသို့ ပို့အပ်စစ်ဆေးနေသည်။

■ ဗဟန်းမြို့နယ်၊ လင့်လမ်းမှတ်တိုင်တွင် ဇန်နဝါရီလ ၂၆ ရက် နံနက် ၁၀ နာရီက YBS ယာဉ်လိုင်းအမှတ် ၂၀ ခရီးသည်တင်ယာဉ်ပေါ် လိုက်ပါလာ သည့် ခါးပိုက်နှိုက်သတင်းရရှိထားသော အမျိုးသားနှစ်ဦးကို တားဆီး စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည်နှစ်ဦးထံမှ နှိုက်ယူထားသည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်ငါးသောင်းခန့်ကို ၎င်းတို့ထံမှ သိမ်းဆည်းရမိခဲ့သည်။

■ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၃)ရပ်ကွက်၊ ကံ့ကော် လမ်းတွင် ဇန်နဝါရီလ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက လောင်းကစားသတင်း ရရှိထားသော အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးထံမှ နှစ်လုံးထီ ဂဏန်းများ ရေးထားသည့်စာအုပ်များနှင့်အတူ ငွေကျပ် ရှစ်သောင်းကျော်ကို သိမ်းဆည်းရမိခဲ့သည်။

■ သုံးခွမြို့နယ်၊ သာယာမြိုင်ကျေးရွာအနီး မုတ္တမပင်လယ်ကမ်းစပ်တွင် ဇန်နဝါရီလ ၂၆ ရက် ညနေ ၆ နာရီက တံငါလှေတစ်စီးပေါ်တွင် အမျိုးသားနှစ်ဦး စကားများရန်ဖြစ်ရာမှ အသက် ၂၂ နှစ်အရွယ် အမျိုးသားကို အသက် ၂၅ နှစ်အရွယ် အမျိုးသားက ဓားဖြစ်ခုတ်ကာ ရေထဲဆွဲနစ်ခဲ့သူကို ဖမ်းဆီး စစ်ဆေးနေသည်။ S-03

ခေါင်းမြင်မှုသည် ဖွံ့ဖြိုးသော သူတို့အတွက်ဖြစ်သည်
ဒေါက်တာဓနဇော်ဦး M.B.,B.S(MDY), MBA ( University of The Thai Chamber Of Commerce)
SNH
ဦးစီးသော
စံနှင်းထက်
ကိုယ်ပိုင်အထက်တန်းကျောင်း (ပြင်ဦးလွင်)
သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းထိ
လက်ခံသင်ကြားပေးနေပါသည်။
085-29922, 09-798885960



ဓာတ်ပုံ - အောင်နိုင်

# ကျောက်မျက်လုပ်ကွက် ၉၀ ကျော် ဖေဖော်ဝါရီတွင် သက်တမ်းကုန်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ဖေဖော်ဝါရီလအတွင်း သက်တမ်းကုန်ဆုံးမည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်ပေါင်း ၉၀ ကျော်ရှိပြီး ယင်းသက်တမ်းကုန် လုပ်ကွက်များမှာ သက်တမ်းတိုးရရှိရန် ကြန့်ကြာဦးမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းထံမှ သိရသည်။

“သက်တမ်းကုန်လုပ်ကွက်တွေနဲ့ ပတ်သက်ရင် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ရေးဆွဲခိုင်းပြီး လာတင်ခိုင်းထားတယ်။ သက်တမ်းတိုးခွင့်ပေးဖို့ဆိုတာက သေချာပြန်စိစစ်ရဦးမယ်။ ဧပြီလအထိတင်ဖို့ လုပ်ခိုင်းထားတယ်။ လောလောဆယ်မှာတော့ တိုးပေးဖို့အစီအစဉ်မရှိသေးဘူး” ဟု မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

လက်ရှိသက်တမ်းကုန်မည့် လုပ်ကွက်များတွင် လုံးခင်း၊ ဖားကန့်ရှိ ကျောက်စိမ်းလုပ်ကွက်များမှာ အများဆုံးဖြစ်ကြောင်း၊ လက်ရှိအစိုးရ တက်လာပြီးနောက်ပိုင်းတွင် လုံးခင်း၊ ဖားကန့်ရှိ ကျောက်စိမ်းတွင်းများကို လုပ်ကွက်အသစ်များ ချမပေးသည့်အပြင် သက်တမ်းတိုးပေးခြင်းလည်း မရှိကြောင်း ကျောက်မျက်လုပ်ငန်းရှင်များထံမှ သိရသည်။

ခေတ်အဆက်ဆက် ကျောက်စိမ်းတူးဖော်သည့် လုပ်ငန်းအများစုမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး အားနည်းသည့်အတွက် ယင်းကဲ့သို့ သက်တမ်းတိုးရန် ကြန့်ကြာနေခြင်းဖြစ်ကြောင်း၊ ကျောက်စိမ်းတူးဖော်သူအချို့မှာ တွင်းများမှ အလွန်အမင်း တူးဖော်မှုများရှိနေပြီး ကျောက်စိမ်းများမှာ ရောင်းမကုန်နိုင်အောင် ရှိနေခြင်းကြောင့် ဝန်ကြီးဌာနအနေနှင့် တူးဖော်မှုများကို အကန့်အသတ်ဖြင့် လုပ်ရန်စီစဉ်နေခြင်းဖြစ်ကြောင်း ကျောက်မျက်လုပ်ငန်းရှင် ဦးသောင်းထွန်းက ရှင်းပြသည်။

ကျောက်စိမ်း အများဆုံးထွက်သည့် ဖားကန့်၊ လုံးခင်းဒေသတွင် ကျောက်စိမ်းလုပ်ကွက်ပေါင်း ၇၄၀၀ ကျော်ရှိပြီး ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီပေါင်း ၈၀၀ ကျော်ရှိကြောင်း၊ လက်ရှိတွင် သက်တမ်းကုန်ဆုံးသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်ပေါင်း သုံးထောင်နီးပါးရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနထံမှ သိရသည်။ ■ J-13

# SCG နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ထိုင်းဘိလပ်မြေအမှတ်တံဆိပ် SCG သည် ပြည်တွင်းရှိ လုပ်ငန်းလက်တွဲဖော်များနှင့် သက်ဆိုင်သူများကို ကျေးဇူးတင်သည့် အထိမ်းအမှတ်အဖြစ် 'SCG Build with Pride 2017' နှစ်ပတ်လည် အခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက်နေ့က ရန်ကုန်မြို့ Novotel Yangon Max Hotel တွင် ကျင်းပခဲ့သည်။

SCG သည် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၂၀ ကျော်လုပ်ကိုင်လျက်ရှိပြီး SCG အမှတ်တံဆိပ် Power Of Elephant ဘိလပ်မြေ၊ Portland ဘိလပ်မြေ၊ အဖြူရောင်ဘိလပ်မြေ၊ ဖိုင်ဘာ-ဘိလပ်မြေပြားအစရှိသည့် ဘိလပ်မြေနှင့် ဆောက်လုပ်ရေးပစ္စည်းများကို ဖြန့်ချိထုတ်လုပ်လျက်ရှိကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

■ ဗညားကျော်

# သီရိလင်္ကာသို့ သုံးလအတွင်း ဆန်တန်ချိန် ငါးသောင်းတင်ပို့မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

သီရိလင်္ကာနိုင်ငံသို့ ဖေဖော်ဝါရီလမှစကာ ဧပြီလအထိ ဧည့်မထဆန် တန်ချိန် ငါးသောင်းတင်ပို့ရန်အတွက် ကနဦးဆွေးနွေးအတည်ပြုထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

ဇန်နဝါရီလ ၂၈ ရက်နေ့က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့လယ်ယာစီးပွား အများပိုင်ကော်ပိုရေးရှင်း (MAPCO) တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကာ ဆန်ပြည်ပတင်ပို့မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲနှင့် သီရိလင်္ကာနိုင်ငံသို့ G to G ဆန်တင်ပို့နိုင်ရန် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ယင်းဆွေးနွေးပွဲတွင် ကနဦးအတည်ပြုခဲ့ကြခြင်းဖြစ်သည်။

“ဈေးကတော့ သူတို့ဘက်ကို အကြောင်းကြားပြီး ပြန်အကြောင်းပြန်မှ အတိအကျသိရမှာပါ။ G to G သဘောတူလက်မှတ်လည်း မထိုးရသေးဘူး။ ဒါက ကျွန်တော်တို့ဘက်က ညှိနှိုင်းတာပေါ့” ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသို့ G to G ဆန်တင်ပို့ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ MAPCO နှင့် မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့တို့ တင်ပို့မည့်ပမာဏနှင့် ရောင်းချမည့်ဈေးနှုန်းတို့ကို ကြိုတင်ညှိနှိုင်းခဲ့ကြခြင်းဖြစ်ပြီး ယခုရလဒ်များကို သီရိလင်္ကာနိုင်ငံသို့ ပြန်လည်အကြောင်းကြားကာ နှစ်နိုင်ငံဆွေးနွေးပြီး သဘောတူလက်မှတ် ရေးထိုးသွားမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

■ J-11

# ကုန်ကြမ်းရှား၍ ငါးပိရောင်းအားကျ

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ငါးဖမ်းဆီးရရှိမှုနည်းပါးပြီး ကုန်ကြမ်းရှားပါးမှုကြောင့် ဇန်နဝါရီလမှစ၍ ငါးပိအရောင်းအဝယ်ကျဆင်းကြောင်း မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ် ရောင်းဝယ်သူများအသင်းထံမှ သိရသည်။

ရေချို၊ ရေငန်ငါးများ ဖမ်းဆီးရရှိမှုနည်းပါးလာသောကြောင့် လက်ရှိတွင် မွေးမြူရေးငါးများကို အဓိကအားထား၍ ငါးပိထုတ်လုပ်နေရပြီး ယခင်ကတစ်လလျှင် ငါးပိတန်ချိန် ၁၁၀၀၀ ခန့် ရောင်းချရသော်လည်း ယခုအခါတန်ချိန် ၆၀၀၀ ခန့်သာ ရောင်းချရတော့ကြောင်း ယင်းအသင်းအတွင်းရေးမှူး ဦးထွန်းစိန်က ပြောဆိုသည်။

“ကျွန်တော်တို့လုပ်ငန်းရှင်တွေ ကုန်ကြမ်းအခက်အခဲကို နေ့တိုင်းရင်ဆိုင်နေရပါတယ်။ ငါးပိ၊ ငါးခြောက်စက်ရုံတော်တော်များများလည်း အခက်အခဲဖြစ်ပါတယ်။ ပြည်တွင်းငါးပိစားနှုန်းကျတာလည်းပါတယ်” ဟု ၎င်းဆိုသည်။

ငါးဖမ်းဆီးရရှိမှုနည်းပါးသောကြောင့် ရန်ကုန်မြို့ ဘုရင့်နောင်ဈေးပွဲရုံရှိ ငါးခြောက်အများအပြားကို ရခိုင်ပြည်နယ်နှင့် မောင်တောဒေသဘက်သို့သာ အများဆုံးတင်ပို့နေရကြောင်း၊ ကုန်ကြမ်းရှားပါးသဖြင့် ငါးပိ၊ ငါးခြောက်လုပ်သားများ အလုပ်အကိုင်ရှားပါးခြင်း ဖြစ်ပေါ်မည်ကိုလည်း စိုးရိမ်ကြောင်း မြန်မာနိုင်ငံ ငါးပိငါးခြောက် ငံပြာရည် ထုတ်လုပ်ရောင်းဝယ်သူများအသင်းထံမှ သိရသည်။ ■ J-11







# ရွှေတိဂုံတောင်ဘက်မုခ်ရှိ ဓာတ်လှေကားနှစ်စင်း အသစ်လဲမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ ပြည်တွင်းဘုရားဖူးဧည့်သည်များ အဓိကအသုံးပြုနေသည့် ဓာတ်လှေကားနှစ်စင်းကိုဖေဖော်ဝါရီလတွင် စတင်အသစ်လဲလှယ်မည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ သိရသည်။

"လက်ရှိ တောင်ဘက်မှာက နိုင်ငံခြားသားနဲ့ ပြည်တွင်းအတွက်ဆိုပြီး ခွဲထားတယ်။ အခုလိုလဲလှယ်နေစဉ်မှာတော့ ပြည်တွင်းဘုရားဖူးရော နိုင်ငံခြားသားရော တွဲသုံးရမှာပါ" ဟု ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဓာတ်လှေကားအသစ် လဲလှယ်ခြင်းကို မတ်လအတွင်းပြီးစီးရန် စီစဉ်ထားကြောင်းနှင့် ဖြုတ်သိမ်းပြီးသော ဓာတ်လှေကားဟောင်း နှစ်စင်းကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ကြီးကြပ်မှုဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်သည်။

"ရွှေတိဂုံက မြန်မာနိုင်ငံရဲ့ အဓိကဆွဲဆောင်ရာ နေရာတစ်ခုလည်းဖြစ်နေတော့ ဝင်ရောက်တဲ့အနေအထားက အမြဲမြင့်တက်နေတာပါ။ ဝင်ရောက်လာတာများလာတာနဲ့အမျှ လုံခြုံရေးအပိုင်းရော၊ ဝန်ဆောင်မှုကဏ္ဍတွေပါ မြှင့်တင်ပေးနိုင်ဖို့ လိုတယ်" ဟု လိုင်စင်ရဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။

လက်ရှိအသုံးပြုနေသော ဓာတ်လှေကားများသည် သက်တမ်းနှစ် ၂၀ ကျော်ရှိသည့်အတွက် ဘုရားဖူးများ၏ လုံခြုံရေးအတွက် ဂျပန်နိုင်ငံ Mitsubishi ကော်ပိုရေးရှင်း၏လှူဒါန်းမှုဖြင့် ဓာတ်လှေကားအသစ်နှစ်စင်းကို လဲလှယ်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနထံမှ ဆက်လက်သိရသည်။ ■ J-14

# မြန်မာ-ကိုရီးယား ပူးပေါင်း၍ ဝက်မွေးမြူထုတ်လုပ်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ပြည်တွင်းဝက်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရန်အတွက် ကိုရီးယား-မြန်မာ နှစ်နိုင်ငံအကြား အဆင့်မြင့်ဝက် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။

ဇန်နဝါရီလ ၂၇ ရက်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ကိုရီးယားနိုင်ငံ၊ Katec Myanmar Co., Ltd. ဥက္ကဋ္ဌ Mr. Yong Woo Kim ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံကာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် အဆင့်မြင့်ဝက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများအတွက် ဆွေးနွေးခဲ့ကြကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

ဝက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီသည့် ကိုရီးယားနိုင်ငံမှ အကောင်းဆုံးဝက်မျိုးစိတ်များကို တင်သွင်း၍ ကိုရီးယားနည်းပညာဖြင့် မွေးမြူကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ထုတ်လုပ်နိုင်ရန် ပြုပြင်ထုတ်လုပ်သည့်အသင့်စက်ရုံများနှင့် သားသတ်စက်ရုံများ တည်ထောင်နိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Yong Woo Kim က ပြောကြားသည်။

ပြည်တွင်းတွင် ဝက်မွေးမြူရေးနည်းပညာများကိုလည်း သင်တန်းဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ယခုနှစ်မှစကာ ငါးနှစ်တာကာလအတွင်း အဆင့်ငါးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ ■ J-11




ပညာရေးဝန်ထမ်း မိသားစုကပေးအပ်သည့် ကရုဏာကြေးကို ဦးအောင်ဇင်ထွန်း၏ဖခင် ဦးကျော်ရှိန်က လက်ခံရယူနေစဉ်။

# ဆရာအောင်ဇင်ထွန်း၏မိသားစုကို ပညာရေးဝန်ထမ်းများ ကရုဏာကြေး သိန်း ၃၀ နီးပါးပေး

**မန္တလေး၊ ဇန်နဝါရီ ၂၈**

ဖားကန့်မြို့နယ်တွင် လက်နက်ကိုင်လူတစ်စု၏ သတ်ဖြတ်ခြင်းခံခဲ့ရသည့် ကျောင်းဆရာအောင်ဇင်ထွန်း၏ မိသားစုကို ပညာရေးဝန်ထမ်းမိသားစုက ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကျပ်သိန်း ၃၀ နီးပါး ကရုဏာကြေး ပေးအပ်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပညာရေးဝန်ထမ်းများ၊ မန္တလေးမြို့ခံ ကျောင်းဆရာ၊ ဆရာမများစုပေါင်းကာ မန္တလေးတက္ကသိုလ်၌ ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကရုဏာကြေးငွေ ၂,၉၄၀,၀၀၀ ကျပ် ကူညီခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမများအဖွဲ့ချုပ်ထံမှ သိရသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် ပညာရေးဝန်ထမ်းမိသားစုများပေးအပ်သည့် ကရုဏာကြေးကို ကျောင်းဆရာ ဦးအောင်ဇင်ထွန်း၏ဖခင် ဦးကျော်ရှိန်က လက်ခံရယူခဲ့သည်။

"ဘာမှမဟုတ်တဲ့ ကိစ္စလေးတစ်ခုကိုကြက်ကလေးငှက်ကလေးတစ်ကောင် သတ်လိုက်သလို လုပ်သွားတဲ့လုပ်ရပ်ကတော့ ငြိမ်းချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ခြောက်လှန့်လိုက်သလိုပါပဲ" ဟု ဦးကျော်ရှိန်က ပြောကြားသည်။

ဖားကန့်မြို့နယ် ပညာရေးမိသားစုများ၊ ဒေသခံတပ်မမှူး၊ ခရိုင်ပညာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုကလည်း ကျပ် ၃,၆၉၀,၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း ၎င်းကပြောဆိုသည်။

ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ ကျောင်းဆရာ ဦးအောင်ဇင်ထွန်း အသတ်ခံရမှုနှင့်ပတ်သက်၍ အမှုမှန်ဖော်ထုတ်ပေးရန် ပညာရေးဝန်ထမ်းမိသားစုများက ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးအချို့၌ ဆန္ဒထုတ်ဖော်မှုများကို ပြုလုပ်ခဲ့ကြသည်။ ■ M-04

**TRADEMARK CAUTION**

ACAVA LIMITED, a company incorporated in Malta having its office at 167 Merchants Street, Valleta, VLT, 1177, Malta is the Owner and Sole Proprietor of the following trademark "Big Cola":-

(Reg. No. IV/3353/2007; Reg. No. IV/6111/2009; Reg. No. IV/9607/2012)

This trademark is used in respect of the following goods:-

"Aerated water, carbonated beverages, table water, juices, nectars, non-alcoholic beverages, beer" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

For ACAVA LIMITED
Khin Khin Zaw, LL.B, LL.M, Advocate
LawPlus Myanmar Ltd.
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833
Dated: 29th January 2017

**TRADEMARK CAUTION**

ACAVA LIMITED, a company incorporated in Malta having its office at 167 Merchants Street, Valleta, VLT, 1177, Malta is the Owner and Sole Proprietor of the following trademark "AJE ORO & Device":-

(Reg. No. IV/6108/2009; Reg. No. IV/9606/2012)

This trademark is used in respect of the following goods:-

"Aerated water, carbonated beverages, table water, juice, nectars, non-alcoholic beverages, beer" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

For ACAVA LIMITED
Khin Khin Zaw, LL.B, LL.M, Advocate
LawPlus Myanmar Ltd.
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833
Dated: 29th January 2017

# တောင်ငူပညာရေးဝန်ထမ်းများက ကျောင်းဆရာအသတ်ခံရမှု အမြန်ဆုံးဖော်ထုတ်ရေး ဆန္ဒထုတ်ဖော်

**တောင်ငူ၊ ဇန်နဝါရီ ၂၈**



ဓာတ်ပုံ – ဓေယျာကို

ကျောင်းဆရာ အသတ်ခံရမှု အမြန်ဆုံးဖော်ထုတ်ပေးရေးအတွက် တောင်ငူတွင် ဆရာဆရာမများ ဆန္ဒထုတ်ဖော်နေသည်ကို တွေ့ရစဉ်

တောင်ငူမြို့ ရွှေဆံတော် ဘုရား အနောက်ဖက်မုခ် အနီးတွင် ဇန်နဝါရီလ ၂၈ရက် မွန်းလွဲပိုင်းက တောင်ငူရှိပညာရေး ဝန်ထမ်း ဆရာဆရာမများက ကချင်ပြည်နယ် ဖားကန့်မြို့မှ အလယ်တန်းပြဆရာ အသတ်ခံရမှုနှင့် ပတ်သက်၍ အမြန်ဆုံးဖော်ထုတ်ပေးရေးအတွက် ဆုတောင်းကာ မြို့တွင်း စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း ဦးဆောင်သူများထံမှ သိရသည်။

"ကျောင်းဆရာ တစ်ယောက်အသတ်ခံရတာက ပညာရေး ဝန်ထမ်းတွေရဲ့ ဘဝမလုံခြုံတာကို ဖော်ပြနေပါတယ်၊ အမှုနဲ့ ပတ်သက်ပြီး အမှုမှန် ဖော်ထုတ် အရေးယူပေးဖို့နဲ့ ပညာရေး ဝန်ထမ်းတွေရဲ့ဘဝ လုံခြုံအောင် ဆောင်ရွက် ပေးဖို့ အခုလို ဆုတောင်းပြီး ဆန္ဒဖော်ထုတ်ရတာပါ" ဟု တောင်ငူမြို့ အထက်တန်းကျောင်း တစ်ကျောင်းမှ ကျောင်းအုပ် ဆရာမကြီး တစ်ဦးက ပြောကြားသည်။

ဆုတောင်း ဆန္ဒဖော်ထုတ်ပွဲသို့ တောင်ငူမြို့ရှိ ပညာရေး ဝန်ထမ်းများနှင့် ပြင်ပ ကျူရှင်ဆရာအယောက် ၅၀ နီးပါး တက်ရောက်ခဲ့ပြီး ရွှေဆံတော်ဘုရားရင်ပြင်တွင် ဆုတောင်းကာ အမှတ်တရာ ကဗျာများ ရွတ်ဆိုခဲ့ကြောင်း၊ ယင်းနောက် တောင်ငူမြို့တွင်းသို့ စီတန်းလှည့်လည်ကာ ကြွေးကြော်သံများဖြင့် ဆန္ဒဖော်ထုတ် တောင်းဆိုခဲ့ကြသည်။

ဇန်နဝါရီလ ၁၈ ရက်က ကချင်ပြည်နယ် ဖားကန့်မြို့နန်းမဖြစ်ကျေးရွာ၌ လက်နက်ကိုင်အဖွဲ့ တစ်ခုက အလယ်တန်းပြဆရာ ဦးအောင်ဇင်ထွန်းကို သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်၍ ရန်ကုန်၊ မန္တလေး ၊ မြို့ကြီးအချို့တွင် ပညာရေးအသိုင်းအဝိုင်းမှ ဆရာဆရာမများက ဇန်နဝါရီလ တတိယပတ်မှ စတင်ကာ ဆန္ဒထုတ်ဖော်ခဲ့သည်။

■R-15

# နတ်မောက်တွင် ဂျပန်ထောက်ပံ့ငွေဖြင့် သံကူကွန်ကရစ်တံတား တည်ဆောက်

**နတ်မောက်၊ ဇန်နဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် ဂျပန်သံရုံးမှကူညီထောက်ပံ့ငွေဖြင့် သံကူကွန်ကရစ်တံတား စတင်တည်ဆောက်နေကြောင်း တံတားတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းက ပြော ကြားသည်။

အဆိုပါတံတားမှာ နတ်မောက်မြို့နယ် လေးအိမ်- ငွေးကုန်း- ရေငံ- ဝံအူ- ရွှေကွေ့လမ်းပေါ်တည်ရှိပြီး ငွေးကုန်းနှင့် ရေငံကျေးရွာအကြားရှိ ရေချောင်းကို ဖြတ်သန်း တည်ဆောက်ကာ နတ်မောက်-ပျော်ဘွယ်လမ်းမကြီးနှင့် ချိတ်ဆက်မည်ဖြစ်ပြီး တံတားအလျားမှာ ပေ ၁၄၀ အရှည်ရှိကြောင်း ဦးထွန်းဝင်းက ရှင်းပြသည်။

တံတားတည်ဆောက်နိုင်ရေးအတွက် လိုအပ်သောအချက်အလက်များကို နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မြေစာရင်းဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဝိုင်းဝန်းကူညီခဲ့ကြပြီး ဂျပန်သံရုံးကလည်း ပါဝင်ကူညီခဲ့ကြောင်း ၎င်းက ဆိုသည်။

"မိုးရာသီဆိုရင် ချောင်းရေလာတုန်းဆိုဘယ်မှထွက်မရဘူး။ နတ်မောက်ကိုသွားဖို့ဆိုရင် အခြားဘက်ကနေ ကွေ့ပတ်သွားနေရတာ" ဟု ၎င်းကဆိုသည်။

ရေငံတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် ဇော်ထက်ပိုင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေပြီး တံတား၏ ခံနိုင်ဝန်မှာ ၁၅ တန်ဖြစ်ကာ တည်ဆောက်ချိန် တစ်နှစ်အတွင်းအပြီး ဆောက်လုပ်မည်ဖြစ်ကြောင်း စီမံကိန်းဆိုင်ရာ အချက်အလက်များအရ သိရသည်။

■ R-02

# ခရမ်းရှိ လယ်ဧက ၂၀၀ ခန့် ဆားငန်ရေကြောင့် ပျက်စီးဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ခရမ်းမြို့နယ် ခမတ်ကျေးရွာအုပ်စုရှိ ကျေးရွာများမှ စိုက်ပျိုးလယ်မြေများအတွင်းသို့ ငါးမွေးကန်များမှ စွန့်ပစ်ပစ္စည်းများနှင့် ဆားဓာတ်ပျော်ဝင်ရေများ စိမ့်ထွက်ခြင်းများကြောင့် လယ်ဧက ၂၀၀ ကျော်ခန့် ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း ဒေသများက ပြောကြားသည်။

အဆိုပါငါးကန်များသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ခမတ်ရွာ၊ သက္ကယ်ကုန်းရွာ၊ ကန်ညီနောင်ရွာ၊ ကျွဲတလင်းရွာ၊ ပျဉ်းမကန်၊ ညာဏ်ကျွန်းရွာနှင့် ဇွဲတွန်ရွာများက ပိုင်ဆိုင်သည့် စားကျက်မြေဧကပေါင်း ၃၀၀၀ ကျော်ကို လုပ်ငန်းရှင်အချို့က သိမ်းယူကာ ငါးမွေးမြူရေးကန်များ တူးဖော်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ရပ်မိရပ်ဖ ဦးမောင်ဆန်းက ပြောကြားသည်။

"၂၀၀၉ ခုနှစ်နောက်ပိုင်းမှာတော့ အကုန်လုံးလိုလို ငါးမွေးကန်တွေဖြစ်ကုန်ပါတယ်။ စစ်အစိုးရလက်ထက်တစ်လျှောက်လုံး အကြိမ်ကြိမ် အဓမ္မ သိမ်းယူခဲ့တယ်။ ဘယ်သူသိမ်းမှန်းလည်း မသိပါဘူး။ ခုဆိုရင် ကျွန်တော်တို့ကျေးရွာပိုင်စားကျက်မြေအားလုံးက ငါးမွေးကန်တွေချည်း ဖြစ်ကုန်ပါပြီ" ဟု ၎င်းက ဆိုသည်။

ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်သည့်အတွက် ဒေသခံလယ်ယာလုပ်ကိုင်သည့်တောင်သူများ၏ စိုက်ပျိုးသီးနှံများ နှစ်စဉ် ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း ယင်းသို့ ထိခိုက်နစ်နာမှုများကို ဖြေရှင်းပေးရန် ဦးသိန်းစိန်အစိုးရလက်ထက်က တင်ပြခဲ့သော်လည်း မည်သို့မှ တုံ့ပြန်မှုမရခဲ့ကြောင်း လယ်သမားခေါင်းဆောင် ဦးကျော်မင်းစိန်က ပြောကြားသည်။

"ကန်ထဲက ရေတွေက လယ်ထဲစိမ့်ထွက်တာမျိုးတွေ၊ ဆားမြေတွေ လယ်ထဲကျလာတာမျိုးတွေရှိလာတဲ့အတွက် နှစ်စဉ် စပါးရော၊ ပဲရော အထွက်နှုန်းကျတာမျိုးတွေ အပင်သေတာတွေ ဖြစ်တယ်။ အရင်က စပါးဆိုရင် တစ်ဧက တင်း၄၀ကျော်။ ပဲ ၂၅ တင်းလောက် ထွက်တယ်။ ခုဆို ထက်ဝက်တောင်မရဘဲ အရှုံးပေါ်နေပါတယ်" ဟု ၎င်းက ဆိုသည်။

လုပ်ငန်းရှင်တစ်စု လုပ်ကိုင်လျက်ရှိသော ငါးမွေးကန်မြေနေရာများသည် ကျေးရွာပိုင် စားကျက်မြေများဖြစ်ပြီး ထိုနေရာတွင် ယခင်က ကြက်၊ ဘဲ မွေးမြူခြင်း၊ နို့စားနွားမွေးမြူခြင်းတို့အပြင် ခိုင်းနွားများ လွှတ်ကျောင်းခဲ့ကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

ကျေးရွာအတွင်းရှိ လယ်သမားများ နစ်နာမှုများကို ဦးသိန်းစိန်အစိုးရလက်ထက်တွင် သုံးကြိမ်ခန့်တင်ပြတောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသောကြောင့် လက်ရှိအစိုးရက ဖြေရှင်းပေးရန် တင်ပြထားကြောင်း ခမတ်ကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

■ သန့်ဇင်ထွန်း

# ကညွတ်ကွင်းတွင် အမြောက်ကျည်ဆန်ဟောင်းတွေ့

**တောင်ငူ၊ ဇန်နဝါရီ၂၈**

ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့မင်းလမ်းကူး ကျေးရွာအုပ်စု ရေအိုးစင်ရွာကွင်းချောင်းရှိ သဲစုပ်လုပ်ငန်းခွင် တစ်ခုတွင် ဇန်နဝါရီလ ၂၇ ရက်ညပိုင်းက အမြောက်ကျည်ဆန်ဟောင်းတစ်ခုကို တွေ့ရှိကြောင်း ကညွတ်ကွင်းနယ်မြေရဲစခန်းမှူး ရဲအုပ်စန်းဦးက ပြောကြားသည်။

သဲစုပ်လုပ်ငန်းလုပ်ကိုင်နေသူများက အမြောက်ကျည်ဆန် တွေ့ရှိကြောင်း ရဲစခန်းထံအကြောင်းကြားသဖြင့် တာဝန်ရှိသူများက သွားရောက် စစ်ဆေးခဲ့ကြောင်း၊ အမြောက်ကျည်ဆန်တစ်ခုကို တွေ့ရှိပြီး ယင်းကျည်ဆန်ကို စခန်းရှေ့တွင် သဲအိတ်ဖြင့် ကာရံထားကာ အမှတ် ၄၃၉ ခြေမြန်တပ်ရင်းသို့ပို့ဆောင်ရန် ဆောင်ရွက်နေကြောင်း ၎င်းက ရှင်းပြသည်။

သဲစုပ်လုပ်သားနှစ်ဦးက ၂၂လက်မရှည်ပြီး လုံးပတ် ၁၀ လက်မရှိသော အမြောက်ကျည်ဆန်ဟောင်းတစ်ခုကို တွေ့ရှိခဲ့ရကြောင်း ကညွတ်ကွင်းနယ်မြေရဲစခန်းထံမှ သိရသည်။

■ R-15


**TRADEMARK CAUTION**

**ACAVA LIMITED**, a company incorporated in **Malta** having its office at **167 Merchants Street, Valleta, VLT, 1177, Malta** is the Owner and Sole Proprietor of the following trademark **"Cielo"**:-

**(Reg. No. IV/3354/2007; Reg. No. IV/6112/2009; Reg. No. IV/9608/2012)**

This trademark is used in respect of the following goods:-
"Waters (table-), carbonated beverages, non-alcoholic beverages" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833 **Dated: 29th January 2017**

**TRADEMARK CAUTION**

**ACAVA LIMITED**, a company incorporated in **Malta** having its office at **167 Merchants Street, Valleta, VLT, 1177, Malta** is the Owner and Sole Proprietor of the following trademark **"AJE Big Aqua Vital & Device"**:-

**(Reg. No. IV/6097/2009; Reg. No. IV/9595/2012)**

This trademark is used in respect of the following goods:-
"Waters (table-), carbonated beverages, non-alcoholic beverages" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833 **Dated: 29th January 2017**

# သောက်ရေသန့်လုပ်ငန်း ခြောက်ခုကို FDA တရားစွဲ

ရန်ကုန် ၊ ဇန်နဝါရီ ၂၈

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က ရန်ကုန်တိုင်းအတွင်း လုပ်ငန်းထောက်ခံချက်မရှိဘဲ ထုတ်လုပ်ရောင်းချလျက်ရှိသည့် သောက်ရေသန့်လုပ်ငန်းခြောက်ခုကို တရားစွဲဆိုထားကြောင်း FDA ၏ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသန်းထွဋ်က ပြောကြားသည်။

"အရေးယူတာက အရင်တည်းက တောက်လျှောက်လုပ်နေပေမယ့် ဒီခြောက်ခုကို မနေ့ (ဇန်နဝါရီ ၂၇) က တရားစွဲတယ်။ ထောက်ခံချက်မရှိဘူး။ စစ်ကြည့်တော့လည်း အရည်အသွေး မကောင်းဘူး။ ရဲအရေးပိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် FDA ရုံးအနေနဲ့ပဲ တရားစွဲထားတယ်" ဟု ၎င်းက ရှင်းပြသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ လုပ်ငန်းထောက်ခံချက်နှင့် အရည်အသွေးအာမခံ မရထားသော မရမ်းကုန်း၊ လှိုင်၊ တောင်ဥက္ကလာပ၊ တိုက်ကြီး၊ ဒဂုံ(အရှေ့) နှင့်သဃ်န်းကျွန်းမြို့နယ်တို့မှ တရားမဝင် ထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသည့် လုပ်ငန်းရှင်များကို FDA က တရားစွဲဆိုထားကြောင်း ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပသည့် သောက်ရေသန့်လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးပွဲထံမှသိရသည်။

FDA အနေနှင့် တရားမဝင် ထုတ်လုပ်ဖြန့်ဖြူးနေသူများကို အရေးယူဆောင်ရွက်မှုများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေနှင့် FDA သို့ ထောက်ခံချက်တင်သည့်နေရာတွင်လည်း ကြန့်ကြာမှုများရှိနေသေးကြောင်း၊ သောက်ရေသန့်လုပ်ငန်းရှင်အချို့က ပြောဆိုသည်။

"FDA မှာ ကြန့်ကြာတာက သူတို့အရည်အသွေးမကောင်းလို့။ Sample ပို့ရင် ဓာတ်ခွဲစစ်ဆေးရတယ်။ ရောဂါပိုးနဲ့ ဓာတုဗေဒပစ္စည်း နှစ်မျိုးကိုပေ့ါ။ Coliform ဆိုတဲ့ လူ့မစင်ပိုးနဲ့ဆက်စပ်တဲ့ ဗက်တီးရီးယားပိုးပါတာကိုတော့ ဘယ်လိုမှ လက်မခံနိုင်ဘူး။ နောက် Standard Plate Count လို့ခေါ်တဲ့ သာမာန်တွေ့ရတဲ့ ဗက်တီးရီးယားပိုးတွေက သတ်မှတ်တာထက် ကျော်နေတာ တွေကြောင့်ပေ့ါ။ တချို့သောလုပ်ငန်းရှင်တွေက လိုက်နာမှုအားနည်းကြတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က ထပ်လောင်းပြောကြားသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) အနေနှင့် ဝန်ထမ်းအင်အားများကိုတိုးချဲ့၍ သောက်ရေသန့်စစ်ဆေးခြင်းများကို တိုင်းနှင့်ပြည်နယ်အလိုက် လုပ်ဆောင်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှစ်ခုကို ရန်ကုန်ရုံး၌ စစ်ဆေးတော့မည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနထံမှသိရသည်။

FDA အနေနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သောက်ရေသန့်လုပ်ငန်း ၉၇၄ ခုကို ထောက်ခံချက်ပေးထားပြီး ဖြစ်ကြောင်း၊ သောက်ရေသန့်ယဉ်ကျေးမှုသည် ၁၉၉၂-၁၉၉၃ ခုနှစ်ဝန်းကျင်တွင် ထွန်းကားခဲ့ပြီး ယခုအခါ ကျေးရွာများအထိပါ လူတိုင်းသောက်သုံးလျက်ရှိသည့်အတွက် တရားမဝင်ဆောင်ရွက်နေခြင်းများ၊ အရည်အသွေးမပြည့်မီမှုများကို အရှိန်အဟုန်မြှင့်ကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ထောက်ခံချက်လျှောက်ထားရာတွင်လည်း စစ်ဆေးမှုလေးကြိမ်ကျသည့် သူများအနေနှင့် ယင်းလုပ်ငန်းကို ဆက်မလုပ်ရန် ယနေ့ပြုလုပ်သော ဆွေးနွေးပွဲတွင် သဘောတူခဲ့ကြောင်း ဆွေးနွေးပွဲ ရလဒ်များအရ သိရသည်။ ■ J-12

# သံတွဲမှ ဆိုင်ကယ်ကယ်ရီဖြင့် ရောက်လာသည့် ဘင်္ဂါလီတစ်ဦး ဒဂုံရောအဝေးပြေးဝင်းတွင် ဖမ်းမိ

ရန်ကုန်၊ ဇန်နဝါရီ ၂၈

လှိုင်သာယာမြို့နယ်၊ ဒဂုံရောအဝေးပြေးကားဝင်းတွင် ဇန်နဝါရီလ ၂၆ ရက်ည ၁၁ နာရီက ရခိုင်ပြည်နယ်မှ ရန်ကုန်သို့ ဆိုင်ကယ် ကယ်ရီဖြင့် ခိုးဝင်လာသော အသက် ၁၉ နှစ်အရွယ် ဘင်္ဂါလီ အမျိုးသားတစ်ဦးကို ဖမ်းမိခဲ့သည်။

ဖမ်းမိသူသည် ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဆင်ကြီးပြင်ကျေးရွာတွင် နေထိုင်သော မောင်ကျော်ကျော် (ခ) မာမွတ်နွန်ဖြစ်ပြီး ဇန်နဝါရီလ ၁၅ ရက်နေ့က မင်းပြားမြို့မှတစ်ဆင့် စက်လှေဖြင့် ပေါက်တောမြို့၊ ဆင်တဲမှော်ကျေးရွာ၊ ယင်းမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ သံတွဲမြို့၊ သံတွဲမြို့မှတစ်ဆင့် ဆိုင်ကယ်ကယ်ရီဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့ကြောင်း စစ်ဆေးချက်အရ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

"ယာဉ်စစ်ပိတ်ဆို့ ဆောင်ရွက်ရင်းလာကြိုမယ့် ဦးလေးဖြစ်သူကို ရပ်စောင့်နေတဲ့ သူ့ကို မသင်္ကာလို့ စစ်ဆေးခဲ့ရာက ဖမ်းမိခဲ့တာပါ၊ ရခိုင်ပြည်နယ်ကနေ ဒီကိုလာတာ ၁၀ ရက်လောက်ကြာတယ်လို့ အမှုဖွင့်တိုင်ချက်အရ သိရပါတယ်၊ ခရီးသွားလာခွင့် တရားဝင်အထောက်အထားမရှိလို့ လဝကဥပဒေနဲ့ အရေးယူသွားမယ်" ဟု လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖမ်းမိသူအမျိုးသားကို လှိုင်သာယာမြို့နယ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုလဝကမှူး ဦးတင်ထူးကျော်က သောင်ကြီးနယ်မြေရဲစခန်းတွင် ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၆(၂)၊၆(၃) ဖြင့် အရေးယူပေးနိုင်ရန် အမှုဖွင့် တိုင်ကြားထားသည်။ ■ J-16

# ထားဝယ်စီမံကိန်းအတွက် ဂျပန်ဝန်ကြီးချုပ် အကြံပေးအဖွဲ့ လာရောက်

ထားဝယ်၊ ဇန်နဝါရီ ၂၈

ထားဝယ်အထူး စီးပွားရေးဇုန် စီမံကိန်းအတွက်ဂျပန်ဝန်ကြီးချုပ်၏အကြံပေးအဖွဲ့သည် ဇန်နဝါရီလ ၂၉ ရက်တွင် နေပြည်တော်သို့ လာရောက်မည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

နေပြည်တော်တွင် တနင်္သာရီတိုင်းဝန်ကြီးချုပ် အပါအဝင် သက်ဆိုင်သည့် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ထားဝယ်အထူး စီးပွားရေးဇုန် စီမံကိန်းကိစ္စကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ဒု - ဥက္ကဋ္ဌ ဖြစ်သည့် တနင်္သာရီတိုင်းအစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက ပြောကြားသည်။

"ဘာတွေ ဆွေးနွေးလဲဆိုတဲ့အသေးစိတ်ကတော့ ဆွေးနွေးပွဲပြီးမှ သိရမှာပါ" ဟု ဦးဖြိုးဝင်းထွန်းက ဆိုသည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ပြီးခဲ့သည့် ဒီဇင်ဘာလက ဂျပန်နိုင်ငံသို့သွားရောက်ကာ ဂျပန်ဝန်ကြီးချုပ်အကြံပေးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တစ်လကျော်အကြာတွင် မြန်မာနိုင်ငံသို့ လာရောက်ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် အကြံပေး ခရီးစဉ်မတိုင်မီ ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့နှင့် ဂျပန်နိုင်ငံ၏ လွှတ်တော်အမတ်တစ်ဦး ပါဝင်သည့်အဖွဲ့များက ထားဝယ်စီမံကိန်းကို လာရောက်လေ့လာခဲ့ကြသည်ဟု ဦးဖြိုးဝင်းထွန်းက ပြောသည်။

"ဂျပန်ရဲ့စိတ်ဝင်စားမှုက ပိုများလာတယ်။ ထိတွေ့မှုလည်း များလာတော့ မျှော်လင့်ချက် ပိုကောင်းတာပေ့ါ။ ဒီစီမံကိန်း ဖြစ်လာစေချင်တယ်" ဟု ၎င်းက ဆိုသည်။

ယခုဇန်နဝါရီလ ဆန်းပိုင်းက ထားဝယ်အထူးစီးပွားရေး ဇုန်စီမံကိန်းနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုကော်မတီနှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီး ထိုင်းအစိုးရဘက်မှလမ်းအတွက်အကူအညီပေးရန် ကမ်းလှမ်းထားကြောင်း ကော်မတီထံမှ သိရသည်။ ■Dawei Watch


## မြန်မာပြည်မှာ ဆန်းရှိုင်း

သားရေစစ်စစ် ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်များ (ပင်ရင်း)

၁။ အမှတ်(၁၄/A)၊ ၁၈ - ၁၉ လမ်းကြား၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ☎ ၀၁-၅၂၈၀၆

၂။ ☎ ၀၁-၇၁၀၀၆

၃။ ☎ ၀၁-၂၂၆၄၁၊ ၀၁-၇၅၁၀၃

၄။ ☎ ၀၁-၂၂၁၈၅

၅။ ☎ ၀၈၅-၂၂၉၂၇

၆။ အမှတ်(၄၃၆)၊ ရန်ကုန်မြို့


# အမျိုးသမီးတစ်ဦး တောင်ဥက္ကလာပတွင် စကေဘာဖြင့် အထိုးခံရ

ရန်ကုန်၊ ဇန်နဝါရီ ၂၈

တောင်ဥက္ကလာပမြို့နယ်၊ ၁၅ ရပ်ကွက်၊ ကျောက်ကွင်းတွင် ဇန်နဝါရီလ ၂၇ ရက်မွန်းလွဲ ၁ နာရီက အိမ်ချင်းကပ်နေအိမ်မှ လင်မယားနှစ်ဦး စကားများရန်ဖြစ်သည်ကို ခင်ပွန်းဖြစ်သူထံ ပြန်ပြောပြနေသည့် အသက် ၄၀ အရွယ် အမျိုးသမီး စကေဘာဖြင့် ဆင့်ထိုးခံရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

စကေဘာဖြင့် ထိုးခံရသော ဒေါ်ကုလားမမှာ ယင်းနေ့က ဘေးချင်းကပ်နေအိမ်မှ ဦးမြင့်အောင်၏ဇနီးမှာ စကားများ ရန်ဖြစ်ရာမှ အိမ်ပေါ်မှဆင်းသွားကြောင်း ၎င်း၏ခင်ပွန်းကို ပြောပြနေစဉ် အသက် ၄၈ နှစ်အရွယ် ဦးမြင့်အောင်က နေအိမ်ပေါ်တက်လာပြီး စကေဘာဖြင့် ဆင့်ထိုးခဲ့သောကြောင့် ဒေါ်ကုလားမ၏ မေးစေ့၊ ချိုင်းအောက်၊ လက်ပြင်နှင့်ပေါင်တို့တွင် ပေါက်ပြဲဒဏ်ရာများ ရခဲ့သည်။

ဒဏ်ရာများ ရရှိခဲ့သည့် ဒေါ်ကုလားမကို သဃ်န်းကျွန်းမြို့နယ်၊ စံပြဆေးရုံသို့ တင်ပို့ထားပြီး နာကျင်ဒဏ်ရာများ ရရှိအောင် ပြုလုပ်ခဲ့သည့် ဦးမြင့်အောင်ကို တောင်ဥက္ကလာပမြို့မ ရဲစခန်းက (ပ) ၆၈/၁၇၊ ပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ပြီး ဖမ်းဆီးစစ်ဆေးနေသည်။ ■


**TRADEMARK CAUTION**

**ACAVA LIMITED**, a company incorporated in **Malta** having its office at **167 Merchants Street, Valleta, VLT, 1177, Malta** is the Owner and Sole Proprietor of the following trademark **"PULPIN & Device"**:-

**(Reg. No. IV/6101/2009; Reg. No. IV/9599/2012)**

This trademark is used in respect of the following goods:-

"Juices, nectars, carbonated beverages, non-alcoholic beverages" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 4306483 **Dated: 29th January 2017**



**TRADEMARK CAUTION**

**ACAVA LIMITED**, a company incorporated in **Malta** having its office at **167 Merchants Street, Valleta, VLT, 1177, Malta** is the Owner and Sole Proprietor of the following trademark **"PULP & Device"**:-

**(Reg. No. IV/3353/2007; Reg. No. IV/6100/2009; Reg. No. IV/9598/2012)**

This trademark is used in respect of the following goods:-

"Nectars, juices, carbonated beverages, non-alcoholic beverages, fruit juice, juice (fruit-)" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833 **Dated: 29th January 2017**

# ချင်းနှင့် ပအိုဝ်း အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ချင်းအမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကိုလာမည့်ဖေဖော်ဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ယင်းဆွေးနွေးပွဲကို ဦးဆောင်ကျင်းပမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ထုတ်ပြန်ပြောဆိုသည်။

NCA လက်မှတ်ရေးထိုးထားသည့် နယ်မြေများတွင် လူမျိုးအလိုက် ကျင်းပသည့် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ် ဘားအံမြို့တွင် ပြီးခဲ့သည့် ရက်ပိုင်းက ပထမဦးဆုံးအကြိမ် ကျင်းပပြီးစီးခဲ့ပြီး အခြားအပစ်ရပ်ထိုးထားသည့် လက်နက်ကိုင်နယ်မြေများတွင်လည်း ကျင်းပရန် ပြင်ဆင်လာခြင်းဖြစ်သည်။

ချင်းအမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကိုလာမည့်ဖေဖော်ဝါရီလအတွင်း ချင်းအမျိုးသားတပ်ဦး(CNF)၊ ချင်းပြည်နယ်အစိုးရ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ချမှတ်ထားသည့် လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း CNF အထွေထွေအတွင်းရေးမှူး ဆလိုင်းသလာဟဲက ဆိုသည်။

ချင်းပြည် တည်ဆောက်ရေးနှင့် ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် လိုအပ်သည့် စုပေါင်းအင်အားအတိုင်း ချင်းအမျိုးသားတို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ၎င်းက ဆိုသည်။

ဆွေးနွေးပွဲကျင်းပရန် အဆင်သင့်ဖြစ်သည့် အပစ်ရပ်လက်မှတ်ထိုးထားသည့် နယ်မြေများတွင် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်သွားရန် UPDJC စည်းကမ်းချက်များရှိပြီး UPDJC ဒုဥက္ကဋ္ဌ သုံးဦးက အတည်ပြု၍ ဥက္ကဋ္ဌထံ တင်ပြသွားပြီးမှသာ အတည်ဖြစ်မည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးကော်မရှင် အကြံပေး ဦးလှမောင်ရွှေက ပြောသည်။

"လက်ရှိကတော့ ခွင့်ပြုထားတယ်ဆိုတဲ့အဆင့်ကိုတော့ မရောက်သေးဘူးပေါ့၊ အဆင်သင့်ဖြစ်တဲ့ဒေသကို တင်ပြပြီးတော့ ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌ သုံးဦးက အတည်ပြုရင်တော့ ကျင်းပလို့တော့ရပြီလို့ UPDJC စည်းကမ်းချက်ရှိပါတယ်" ဟု ၎င်းက ဆိုသည်။

ထို့ပြင် ပအိုဝ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရန် ငြိမ်းချမ်းရေးကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိထားပြီး ပအိုဝ်းလူမျိုး အများဆုံးအခြေချရာ ရှမ်းပြည်နယ်တောင်ပိုင်းဒေသများတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက ပြောသည်။

လက်ရှိတွင် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပထမဦးဆုံးအကြိမ်အနေနှင့် ကရင်ပြည်နယ် ဘားအံမြို့တွင် ဇန်နဝါရီလ ၁၈ရက်နေ့က စတင်ကျင်းပခဲ့ပြီး အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းဖိုရမ်တို့ကို တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ယခုလအတွင်း ကျင်းပသွားရန် စီစဉ်ထားကြောင်း ငြိမ်းချမ်းရေးကော်မရှင်ထံမှ သိရသည်။

NCA ကိုကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ ပအိုဝ်းလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)စသည့်လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့က လက်မှတ်ရေးထိုးထားသည်။

■ J-08

# နိုင်ငံရေးဆွေးနွေးပွဲအတွက် ရှမ်းလူထုသဘောထား ကောက်ယူမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပချိန်တွင် ရှမ်းလူထု၏သဘောထားဆန္ဒများ ပါဝင်နိုင်ရန်အတွက် ပြည်သူ့အမြင်သဘောထားများကို ဖေဖော်ဝါရီ ၉ ရက်အထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း ရှမ်းပြည်ညီညွတ်ရေးကော်မတီ(CSSU) အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်က ပြောကြားသည်။

ဖေဖော်ဝါရီလတွင် ကျင်းပမည့် ရှမ်းလူမျိုးများ၏ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ရှမ်းပြည်နယ်မှ နိုင်ငံရေးပါတီများ၊ ရှမ်းတိုင်းရင်းသားပါတီများ၊ ရှမ်းလက်နက်ကိုင်အဖွဲ့များနှင့် ရှမ်းလူမှုအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် CSSU မှဦးဆောင်ကာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို တောင်ကြီးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုဌာန၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင် ကျင်းပခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲမှ ရှမ်းတိုင်းရင်းသားများ၏ အမြင်သဘောထားများ ကောက်ယူရန်အတွက် အဖွဲ့ ၁၄ ဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း ၎င်းက ပြောသည်။

"ရှမ်းလူထုဆန္ဒက ဘယ်လိုရှိသလဲဆိုတာကို လိုက်မေးမယ်။ ဆွေးနွေးမယ်ပေါ့။ ခေါင်းစဉ်တွေအနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာတွေကို လိုက်လံဆွေးနွေးပြီး သူတို့ သဘောထားမှတ်ချက်တွေကို ကောက်ယူသွားမယ်။ ဒီနေ့ စကောက်နေကြပြီ" ဟု ဦးစိုင်းညွန့်လွင်က ဆိုသည်။

အမြင်သဘောထား ကောက်ယူရာတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ရောက်ရှိနေသည့် ရှမ်းတိုင်းရင်းသားများထံသွားရောက်မေးမြန်း ကောက်ယူမည်ဖြစ်ပြီး အဆိုပါပြည်နယ်သုံးခုနှင့် တိုင်းဒေသကြီးနှစ်ခုအတွင်းမှ မြို့နယ်ပေါင်း ၄၅ မြို့နယ်ကိုကွင်းဆင်းကောက်ယူရန်လျာထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ယင်းမှရရှိလာသော သဘောထားရလဒ်များကို ဖေဖော်ဝါရီလတွင် ကျင်းပမည့် ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေး၌ တင်ပြသွားမည်ဖြစ်ကြောင်း CSSU မှအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးစိုင်းလိတ်က ဆိုသည်။

ရှမ်းပြည်ညီညွတ်ရေး ကော်မတီ (CSSU) ကို ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ပါတီတို့အပါအဝင် ရှမ်းလူငယ်အဖွဲ့အစည်းများ၊ ရှမ်းအရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားပြီး ယင်းကော်မတီဥက္ကဋ္ဌမှာ SNLD ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦးဖြစ်သည်။

NCA အရ ကျင်းပသည့်လူမျိုးအလိုက် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ဇန်နဝါရီ ၁၈ ရက်က ကရင်ပြည်နယ်တွင်ကရင်လူမျိုးများက ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီး ဒေသအလိုက်ကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင်ကျင်းပခဲ့သည်။ ■ ရွှေဖူးခင်

# ထုတ်ပယ်ခံ အလုပ်သမားလေးဦးကို မည်သည့်အကြောင်းနှင့်မျှ ပြန်မခန့်ဟု မန်နေဂျာပြော

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ ရှမင်မောနီး(မြန်မာ) အထည်ချုပ်စက်ရုံမှ ထုတ်ပယ်ခံထားရသည့် အလုပ်သမားခေါင်းဆောင်လေးဦးကို ပြန်လည်ခန့်အပ်ပေးရန်တောင်းဆိုမှုနှင့်ပတ်သက်ပြီး မည်သည့်အကြောင်းနှင့်မျှ အလုပ်ပြန်မခန့်နိုင်ကြောင်း ယင်းစက်ရုံမှ လူ့စွမ်းအားအရင်းအမြစ်မန်နေဂျာ ဒေါ်အေးသီဂိသန့်က ပြောကြားသည်။

"အခုက အလုပ်သမားစည်းကမ်းကို ချိုးဖောက်လို့ အလုပ်ထုတ်တာဆိုတော့ သူတို့ဘက်က တရားစွဲရင်လည်း ဗီဒီယိုဖိုင်တွေလည်းရှိတယ်။ ခုံသမာဓိကောင်စီက ပြန်ခန့်ဆိုလည်း မဖြစ်ဘူး။ တရားစွဲဆိုလည်း အစွဲခံပြီး အလုပ်ထုတ်မယ်" ဟု ၎င်းက ပြောကြားသည်။

ရှမင်မောနီး(မြန်မာ) အထည်ချုပ်စက်ရုံမှ အလုပ်သမားခေါင်းဆောင်လေးဦးကိုဇန်နဝါရီ ၂၅ ရက်က အလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် အလုပ်ပြန်လည်ခန့်အပ်ပေးရန် လှိုင်သာယာ ညှိနှိုင်းဖျန်ဖြေရေးရုံး၌ ညှိနှိုင်းခဲ့ရာ အဆင်မပြေသည့်အတွက် အလုပ်သမား ၃၀၀ ခန့်က စက်ရုံရှေ့၌ ဆန္ဒထုတ်ဖော်လျက်ရှိပြီး ခုံသမာဓိကောင်စီထံသို့လည်း တိုင်ကြားထားကြောင်း၊ ထိုသို့တိုင်ကြားရာတွင် ထူးခြားမှုမရှိပါက အဆင့်ဆင့်သို့ ဆက်လက်တိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းများ ပြုသွားမည်ဟု လှိုင်သာယာမြို့နယ် ချည်မျှင်နှင့် အထည်အလိပ်အလုပ်သမားများသမဂ္ဂအဖွဲ့အစည်းမှ ဥက္ကဋ္ဌ ကိုရဲသူရက ပြောဆိုသည်။

"ကျွန်တော်တို့ အခု တရားစွဲဖို့ ခုံသမာဓိကို တိုင်ကြားထားတယ်။ မရရင် အဆင့်ဆင့် တက်သွားမယ်။ နောက်ပိုင်းမှာ ထိုင်သပိတ်ကို အရှိန်မြှင့်ဖို့ကိုလည်း စဉ်းစားထားတယ်" ဟု ၎င်းကပြောကြားသည်။

ယင်းစက်ရုံတွင် အလုပ်သမားများ ရပိုင်ခွင့်နှင့် လစာပေးပုံစနစ်ကို အငြင်းပွားမှုဖြစ်ပွားခဲ့သောကြောင့် ဇန်နဝါရီ ၂၀ ရက်ကလည်း ဆန္ဒထုတ်ဖော်ခဲ့သဖြင့် ညှိနှိုင်းသဘောတူစာချုပ်ကို လှိုင်သာယာမြို့နယ် ဖျန်ဖြေရေးရုံး၌ နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုခဲ့သေးသည်။

ယခုဖြစ်စဉ်မှာ အဆိုပါနှစ်ဦးသဘောတူစာချုပ်ကိုအလုပ်ရှင်ဘက်က ဖောက်ဖျက်၍ အလုပ်သမားများကို အလုပ်ထုတ်ခဲ့သည်ဟုဆိုကာ အလုပ်သမားများဘက်က ညှိနှိုင်းမှုများကို ပြုစေခဲ့ခြင်းဖြစ်သည်။

"အလုပ်ရှင်ကတော့ ပြန်မခန့်ဘူးတဲ့။ ခုံသမာဓိကို လွှဲတော့မယ်။ တရားစွဲ မယ်လို့ စာတင်ထားတယ်။ မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးက ချုပ်ဆိုထားတာကိုအလုပ်ရှင်ကပျက်ကွက်တယ်ဆိုပြီးတရားစွဲမယ်လို့ ပြောချင်တာ။ ချိုးဖောက်တယ်၊ မဖောက်ဘူး ဆိုတာကို အမှုကိုပြန်စစ်ရမယ်။ စစ်ပြီး အစည်းအဝေးထိုင် ကောင်စီအမိန့်ကို နာခံရဦးမယ်" ဟု လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးရုံးမှ ဦးစီးမှူးဦးခင်မောင်ချိုက ပြောကြားသည်။

အလုပ်သမားခေါင်းဆောင် လေးဦးကို အလုပ်ပြန်ခန့်ရန် စက်ရုံအလုပ်သမား ၃၀၀ ခန့်က ဇန်နဝါရီ ၂၅ ရက်မှစ၍ ၂၈ ရက် မွန်းလွဲပိုင်း(သတင်းရယူချိန်)အထိ စက်ရုံရှေ့၌ ထိုင်သပိတ်ပြုလုပ်ဆန္ဒထုတ်ဖော်လျက်ရှိသည်။ ■ ခင်မြတ်မြတ်ဝေ


**TRADEMARK CAUTION**

**ACAVA LIMITED**, a company incorporated in Malta having its office at 167 Merchants Street, Valleta, VLT, 1177, Malta is the Owner and Sole Proprietor of the following trademark "CIFRUT & Device":-

(Reg. No. IV/6102/2009; Reg. No. IV/9600/2012)

This trademark is used in respect of the following goods:-
"Juices,Nectars, carbonated beverages, non-alcoholic beverages" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
LawPlus Myanmar Ltd.
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833 Dated: 29th January 2017

**TRADEMARK CAUTION**

**ACAVA LIMITED.**, a company incorporated in Malta having its office at 167 Merchants Street, Valleta, VLT, 1177, Malta is the Owner and Sole Proprietor of the following trademark "KP KOLAR REAL & Device":-

(Reg. No. IV/6105/2009; Reg. No. IV/9603/2012)

This trademark is used in respect of the following goods:-
"Aerated water, carbonated beverages, table water, juices, nectars, non-alcoholic beverages, beer" in Class 32.

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to the law.

**For ACAVA LIMITED**
Khin Khin Zaw, LL.B, LL.M, Advocate
LawPlus Myanmar Ltd.
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833 Dated: 29th January 2017

# လန်းတယ်ဆိုတာရဲ့ နောက်ကွယ်မှာ

## အောင်အောင် (IR)



အခုနောက်ပိုင်း တီဗီဇာတ်လမ်းတွေမှာ ကိုရီးယားကား၊ တရုတ်ကားတွေအပြင် ထိုင်းကားတွေ၊ ဖိလစ်ပိုင်ကားတွေပါ ပြလာတယ်။ အဲဒီလို ပြနေတာ ကတော့ကြာပါပြီ။ အရင်က မြန်မာလူငယ်တွေ အကြားမှာ ဟောလိဝုဒ်က အမေရိကန်မင်းသား၊ မင်းသမီးတွေ အကြောင်းပဲ ပြောဖို့ရှိပေမယ့် အခုတော့ဒေသတွင်း က မင်းသား၊ မင်းသမီးတွေရဲ့အကြောင်းတွေပါ စိတ်ဝင်တစား ရှိလာတယ်။ ကိုရီးယားကတော့ ဒီမှာ ခေတ်စားနေတာ ကြာလှပြီဆိုတော့ ထားလိုက်ပါ။ ဒီလိုနဲ့ ထိုင်း မင်းသား၊ ဖိလစ်ပိုင်မင်းသား၊ ဗီယက်နမ်မင်းသားဆိုတာတွေ လူငယ်မိန်းကလေးတွေ အကြားမှာ အပြောများလာတယ်။ လမ်းမှာ နိုင်ငံခြားသား ခပ်ချောချောတွေတွေ့ရင်လည်း လန်းလို့၊ ချောလို့၊ ဖြောင့်လို့ဆိုပြီး အထူးသဖြင့် အမျိုးသမီးတွေက စိတ်ဝင်စားတတ်ကြတယ်။

သူတို့စိတ်ဝင်စားပါတယ်ဆိုတဲ့ ချောတဲ့၊ ဖြောင့်တဲ့ အနောက်တိုင်းသား၊ အရှေ့တိုင်းသားတွေကို သတိထားလေ့လာဖြစ်တယ်။ အဓိကက ပြည့်စုံကြံ့ခိုင်ကြတယ်ပေါ့။ တောင့်တင်းတဲ့ ကိုယ်ကာယမျိုး ရှိတတ်တယ်။ အသားအရေ ချောမွတ်ပြေပြစ် အပြစ်ကင်းတယ်ပေါ့။ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်၊ အသားအရေ၊ ရုပ်ရည်အားလုံး အစပ်အဟပ်တည့်တယ်ပေါ့။ စာရေးသူတို့ဆီမှာကတော့ အားလုံး အစပ်အဟပ်တည့်တဲ့ သူဆိုတာ သိပ်များများ မရှိလှဘူး။ အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ် တစ်ခုခုတော့ လိုအပ်နေတယ်။ အားလုံး အစပ်အဟပ်တည့် အဆင်ပြေတဲ့သူဆိုတာ နိုင်ငံခြားမှာလည်း နည်းပါတယ်။ သို့သော် မြန်မာထက်စာရင်တော့ နိုင်ငံခြားမှာ ကျန်းမာရေးနဲ့ ပြည့်စုံပြီး တောင့်တင်းသန်မာ ရုပ်ရည်သန့်ပြန့်တဲ့ အမျိုးသား၊ အမျိုးသမီးတွေ အများကြီး ရှိပါတယ်။ နိုင်ငံခြားဆိုတာက အနောက်နိုင်ငံတွေ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်းနဲ့ အခြားအိမ်နီးချင်းနိုင်ငံတွေကို ပြောတာနော်။

အမျိုးသမီးတွေက နိုင်ငံခြားသား အမျိုးသားတွေ စိတ်ဝင်စားတာပြောရင် အမျိုးသားတွေကကော နိုင်ငံခြားသူ အမျိုးသမီးတွေကို စိတ်မဝင်စားဘူးလားလို့ မေးရင် ယောကျ်ားပဲ စိတ်ဝင်စားတာပေါ့ဗျာ။ အမှုမဲ့၊ အမှတ်မဲ့နေတဲ့သူတွေကတော့ ဟုတ်တာပေါ့။ သူတို့က ဘယ်လိုကြက်သားမျိုးက ကောင်းလဲ၊ ဘယ်လိုဝက်သားမျိုးက ကောင်းလဲ သတိမပြုမိတတ်ကြဘူး။ အသားဆို စားလိုက်တာပဲ။ လူဆိုတာ ဘာမဆို ဗိမ်ခံတတ်ရတယ်။ အကောင်းဆုံးတွေ ရွေးချယ်တတ်ရတယ်။ ဘာအကောင်းဆုံးလဲဆိုတာ သိရတယ်။ နေစမ်းပါဦး။ လူအကြောင်းကနေ ဘယ်လိုလုပ် ကြက်အကြောင်း၊ ဝက်အကြောင်း ဘယ်လိုရောက်သွားတာလဲဆိုရင် အရသာခံစားမှု ကွာဟပုံကို တင်ပြလိုခြင်း ဖြစ်တယ်ဗျာ။ တချို့ကလည်း ညိုမှ၊ တူးမှ၊ ခါးမှ ကြိုက်တယ်ဆိုတာမျိုးလည်း ရှိပါတယ်။ သဘောပေါ့ဗျာ။ ဖြူဖြူဖွေးဖွေး၊ ချိုချိုမြမြ၊ ရွှရွှလှလှလေးလည်း ကြိုက်တဲ့သူတွေ ရှိမှာ၊ များမှာပေါ့။




စာရေးသူကတော့ အရှေ့၊ အနောက် နိုင်ငံပေါင်းစုံ ခရီးသွားခဲ့ရတာဆိုတော့ မိန်းမနဲ့ပတ်သက်ရင် ရှုထောင့်အမျိုးမျိုးက မြင်ခဲ့၊ တွေ့ခဲ့တယ်ဗျာ။ အာရှသားမို့လားတော့ မသိဘူး။ အာရှသူတွေကို အနောက်နိုင်ငံသူတွေထက် ပိုနှစ်သက်မိတာတော့ အမှန်ပဲဗျ။ ရုပ်ရည်ချောမောပြီး ပေမီ၊ ဒေါက်မီ၊ အရပ်အမောင်း ကောင်းကောင်း၊ ကိုယ်ထည်တောင့်တောင့်၊ တင်၊ ရင် အသားအရေ ဘာမှပြောစရာမရှိတဲ့ အာရှသူတွေ အတော်များများကို ဂျပန်တို့၊ ကိုရီးယားတို့၊ တရုတ်တို့၊ ဟောင်ကောင်တို့၊ ထိုင်းတို့မှာ ကျောင်းမှာ၊ အရပ်ထဲမှာ၊ ဘတ်စ်ကားဂိတ်တွေမှာ မကြာမကြာ တွေ့ခဲ့ဖူးတယ်။ နိုင်ငံခြားမှာ ဘောင်းဘီတိုတိုကျပ်ကျပ်၊ စကတ်တိုနံ့နံ့နဲ့မိန်းကလေးတွေ၊ အမျိုးသမီးတွေ ရထားစီးရင်၊ ဘတ်စ်ကားစီးရင် ခဏခဏကြုံတယ်။ သူတို့ဆီမှာလည်း ကားပေါ်၊ ရထားပေါ်မှာ မဖွယ်မရာ အလုပ်ခံရတယ်ဆိုတာ ရှိပါတယ်။ သို့သော် ဒီမှာလိုတော့ မဟုတ်ဘူး။ သိကြပါလိမ့်မယ်။ ဒီမှာ လူကျပ်တဲ့အချိန်မှာ အဲဒီလို ဘောင်းဘီအတို၊ စကတ်အတိုလေးနဲ့ ဘတ်စ်ကား၊ ရထားစီးကြည့်ပါလား။ အတွင်းခံဘောင်းဘီနဲ့ စကတ်ဆိုတာ တစ်စစီဖြစ်သွားမယ်။ နှာဘူးချင်းအတူတူတောင် ဟိုက နှာဘူးတွေက စည်းနဲ့ကမ်းနဲ့ ဘူးကြတာ ဖြစ်တယ်။

ဒီမှာကတော့ အခုဖြစ်နေတဲ့ မှုခင်းတွေကိုကြည့်လိုက်၊ လစ်ရင်လုပ်မယ်ဆိုတဲ့သူတွေ များတယ်။ ဒီမှာ အတိုအနံ့ဝတ်ပြီး ပြဿနာတက်လို့ကတော့ မိန်းကလေးတွေမှာ ခံလည်းခံရသေး၊ အပြောလည်း ခံရသေး၊ မိအေးနှစ်ခါနာ ဖြစ်တယ်။ အဲဒီလိုအချိန်မျိုးကျရင် အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေးဆိုတာ ဘယ်မှာမှန်း ကိုယ်မသိဘူး။ လုပ်တဲ့သူ၊ ကျူးလွန်တဲ့သူတွေကို ဖော်ထုတ်အရေးယူမယ်၊ ပြစ်ဒဏ်ချမှတ်မယ်၊ အမျိုးသမီးတွေအတွက် လုံခြုံတဲ့ဝန်းကျင် ဖန်တီးတည်ဆောက်မယ်ဆိုတာမျိုးတွေထက် နင်တို့ အနေအထိုင်မတတ်လို့ ခံရတာ နည်းတောင်နည်းသေးတယ်ဆိုပြီး ဖြစ်တတ်တယ်။ အာရှ အိမ်နီးချင်းနိုင်ငံလမ်းတွေ၊ မြေအောက်ရထားဘူတာရုံတွေမှာ မိန်းကလေးတွေ ညဘက်သန်းခေါင် လွတ်လွတ်လပ်လပ် အဖော်မပါ တစ်ကိုယ်တည်း သွားလာနေကြချိန်မှာ စာရေးသူတို့ဆီမှာတော့ ညဘက် အမျိုးသမီးတစ်ဦး လမ်းပေါ်ထွက်ဖို့ဆိုတာ အတော်မလွယ်လှဘူး။ ဒီမှာက ကလေးသူငယ်တွေတောင် ခဏခဏ လိင်ပိုင်းဆိုင်ရာ အစော်ကားခံနေရတော့ အချို့လူတွေဆို ကိုးတန်း မိန်းကလေး၊ ဆယ်တန်း မိန်းကလေး အစော်ကားခံရတယ်ကြားရင်တောင် ကိုးတန်းပဲ၊ မငယ်တော့ပါဘူး ဆိုတာမျိုး ဖြစ်လာနေတယ်။ နိုင်ငံတကာ ကလေးသူငယ်ဥပဒေအရ အသက် ၁၈ နှစ်အောက်ကို အရွယ်မရောက်သေးသူလို့ပဲ သတ်မှတ်ပါတယ်။

ဒီဆောင်းပါးမှာ အဓိကရေးချင်တဲ့ အကြောင်းအချက်တစ်ခုက လန်းတယ်ဆိုတဲ့ကိစ္စပါ။ ဘာကြောင့် သူတို့ဆီမှာ လန်းတဲ့သူတွေ များရတာလဲပေါ့။ တချို့ကလည်း မွေးရာပါ အသားအရေကြောင့်လို့ ဆိုကြတယ်။ အဲဒါနဲ့တော့ သိပ်မဆိုင်လှဘူး။ ဖြူဖြူ မည်းမည်း၊ ညိုညို အဓိကက ကြည့်ကောင်းဖို့ပဲ။ လန်းတယ်၊ မလန်းဘူးဆိုတာ ဆင်းရဲတာ အဓိကပေါ့။ လူကဆင်းရဲတော့ အသိစိတ်ပါ ဆင်းရဲလာတယ်။ မြန်မာနိုင်ငံမှာ ဆင်းရဲတဲ့သူတွေ များတယ်လေ။ ဆင်းရဲတော့ ကောင်းကောင်း မွန်မွန်မစားနိုင်ဘူး။ မဝတ်နိုင်ဘူး။ ဆင်းရဲပြီး အသိစိတ်နည်းရင် ပိုဆိုးတာပေါ့။ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလို အိမ်ထောင်ကျပြီး လူနွမ်း၊ စိတ်နွမ်းနဲ့ မျိုးဆက်အနွမ်းတွေ မွေးထုတ်တော့တာပေါ့။ အသိစိတ်ဆိုတာ ဒီနေရာမှာ အရေးကြီးတယ်။ ဘယ်နိုင်ငံမှ တစ်ချိန်လုံး ချမ်းသာမနေဘူး။ သိပ်ကိုဆင်းရဲသွားတဲ့ အချိန်မျိုးတွေ ရှိတယ်။ အိမ်တစ်လုံး မီးလောင်သွားသလိုပေါ့။ အကုန်ကုန်တာပဲ။ သို့သော် အသိစိတ်ကြီးရင် အချိန်အတိုင်းအတာ တစ်ခုအတွင်းမှာ ပြန်ထူထောင်နိုင်တယ်။

ဥပမာ-ဂျပန်နိုင်ငံ။ ဒုတိယကမ္ဘာစစ်ပြီးတော့ ဂျပန် စစ်ရှုံးတယ်။ တစ်နိုင်ငံလုံး ပြာပုံဖြစ်သွားခဲ့တယ်။ တစ်ပူပေါ်နှစ်ပူဆင့် ဒေသတွင်းနိုင်ငံတွေကိုလည်း စစ်လျော်ကြေးငွေတွေ ပေးရတယ်။ အဲဒီလို ဆင်းရဲစဉ်ကာလ ဂျပန်ပြည်သူတွေ ကြံ့ကြံ့ခံခဲ့တယ်။ အဲဒီကာလ ထမင်းငတ်တဲ့ ဂျပန်မိသားစုတွေ အများကြီး ရှိခဲ့တယ်။ ထမင်းတစ်နပ်ပဲစားရတဲ့သူတွေ၊ ရေဝဝလင်လင်မသောက်ရတဲ့သူတွေ ရှိခဲ့တယ်။ သို့သော် နိုင်ငံသားတွေ အသိစိတ်ကြီးကြတော့ ဒီနေ့ ဂျပန်ဆိုတာ စစ်ပြီးကာလ ဂျပန်နဲ့ တခြားစီ ဖြစ်သွားပြီ။ အစားအသောက်ကတစ်ဆင့်၊ ကျန်းမာရေး လေ့ကျင့်ခန်းတွေကတစ်ဆင့် ဂျပန်တွေ အရပ်ရှည်လာကြပြီး တစ်ချိန်က ဂျပန်ငပုဆိုတာ သမိုင်းစာအုပ်ထဲမှာ ကျန်ခဲ့ပြီ။ ကိုးရီယားနိုင်ငံဆိုလည်း ဒီလိုပဲ။ ၁၉၅၀ ဝန်းကျင် ကိုရီးယားစစ်ပွဲကြီးမှာ ကိုရီးယားတွေ သန်းနဲ့ချီပြီး သေကြတယ်။ စစ်ပြီးတော့ တောင်၊ မြောက် နှစ်နိုင်ငံလုံး အငတ်ဘေးကျခဲ့တယ်။ အဲဒီကာလ အမေရိကန်က တောင်ကိုရီးယားမှာ စစ်စခန်းဆောက်ဖို့စီစဉ်တော့ အလုပ်သမားတွေကို ဖိလစ်ပိုင်နိုင်ငံက ခေါ်သုံးတယ်။ ကိုရီးယားတွေက အပျင်းထူလို့တဲ့။ အဲဒီတုန်းက ကိုရီးယားတွေဆိုလည်း အရုပ်ဆိုးတယ်ဆိုပြီး အပြောခံခဲ့ရတယ်။ အခု ကိုရီးယားဆိုတာ အထူးသဖြင့် တောင်ကိုရီးယားဆိုတာ အာရှရဲ့အလန်းဆုံးစာရင်းဝင်နေပြီ။ ဆိုချင်တာ ဂျပန်ရော၊ ကိုရီးယားရော နိုင်ငံသားတွေ အသိစိတ်ကြီးခဲ့ကြလို့ ဆင်းရဲခြင်းက လွတ်မြောက်ခဲ့တာ ဖြစ်တယ်။ မြန်မာအချို့ကတော့ သူတို့ ဆင်းရဲတာကို ဟိုဟိုဒီဒီ အပြစ်တင်နေတာ များတယ်။ မြန်မာတွေ အသိစိတ်မဆင်းရဲဖို့ လိုတယ်နော်။ အသိစိတ်ကြီးခြင်းဟာ ဆင်းရဲခြင်းမှ လွတ်မြောက်စေတယ်။

အချုပ်ဆိုရရင် နိုင်ငံတကာအဆင့်မှ လန်းချင်တယ်ဆိုရင် ငယ်ငယ်ကတည်းက နေတတ်၊ ထိုင်တတ်ဖို့ အရေးကြီးတယ်။ နည်းစနစ်၊ အနေအထိုင်၊ အစားအသောက်မှန်ဖို့လိုတယ်။ ကိုယ့်အတွက် မဖြစ်နိုင်ဘူးဆိုရင်တောင် ကိုယ့်မျိုးဆက်၊ ကိုယ့်ဝန်းကျင်ကို အသိစိတ်အမွေ ပေးနိုင်ခဲ့ရမယ်။ တောင့်တင်းသန်မာ ကိုယ်ကာယကြံ့ခိုင်တဲ့ မြန်မာလူငယ်မျိုးဆက် အမြန်ဆုံးဖြစ်ထွန်းလာစေဖို့ ဒီဆောင်းပါးကတစ်ဆင့် ဆန္ဒပြုလိုက်ပါတယ်။

■ **အောင်အောင် (IR)**



# ဖင်လန်နိုင်ငံမှ

# ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး

**ဖင်လန်** နိုင်ငံမှ ကလေးသူငယ်များအပေါ် နိုင်ငံတော်က ပြုစုစောင့်ရှောက်ပေးမှုများသည် မနာလိုချင်စရာ ကောင်းလောက်အောင် ဖြစ်သည်ဟု ဆိုရမည်။ အိမ်ထောင်ဦးစီး ဖခင်တစ်ဦးသည် သတ်မှတ်ထားသည့် အားလပ်ရက်များ မပါ မိသားစုနှင့် အတူနေထိုင်နိုင်ခွင့် တစ်နှစ်လျှင် ၃၆ ရက် ပေးထားသည်။ ထို့ပြင် သားသမီးများကို အတန်းကြီးများကို တက်တော့မည်ဆိုလျှင်လည်း ပညာသင်စရိတ်ဆိုကာ အစိုးရထံမှ ပိုက်ဆံချေးခွင့် ပေးထားသေးသည်။ ချေးငွေအတွက်အတိုးမှာ ၁ ရာခိုင်နှုန်းသာ ဖြစ်သည်။

အိမ်တွင် ကလေးများရှိနေပြီး မိဘနှစ်ဦးစလုံးက အလုပ်ထွက်လုပ်နေသည်ဆိုလျှင် ကလေးများကို အရွယ်အလိုက် နေ့ကလေးထိန်းကျောင်း သို့မဟုတ် မူကြိုကို အခမဲ့ ပို့ထားခွင့်ရှိသည့်အပြင် ကလေးကို အသက် ၁၇ နှစ်အရွယ်ရောက်သည်အထိ တစ်လလျှင် ယူရို ၁၀၀ ထောက်ပံ့ကြေး ပေးထားသေးသည်။

ဖင်လန်နိုင်ငံတွင် ကလေးသေပျောက်မှုနှုန်း အလွန်နည်းသည်။ ကျောင်းနေနိုင်သည့် အရွယ်နှုန်းလည်း အလွန်များသည်။ အမေရိကန်ပြည်ထောင်စုထက် ဆင်းရဲမှုနှုန်းအလွန်နည်းပြီး ကမ္ဘာပေါ်တွင် ဒုတိယ ပျော်ရွှင်စရာအကောင်းဆုံး နိုင်ငံတစ်နိုင်စာရင်းလည်း ဝင်ခဲ့သည်။

ဖင်လန်နိုင်ငံ မိခင်လောင်းများဘဝ အလွန် စိတ်ချမ်းသာစရာကောင်းလှသည်။ မိခင်လောင်း ကိုယ်ဝန်သည်တိုင်းကို အစိုးရက 'ကလေးသေတ္တာ' များကို လက်ဆောင်ပေးလေ့ရှိသည်။ ထိုသေတ္တာများထဲတွင် မွေးလာမည့်ကလေးများအတွက် လိုအပ်မည့် ပစ္စည်းအစုံကို ထည့်ပေးထားသည်။ ကလေးသေးခံမှသည်၊ အိပ်ရာခင်းအဆုံး အားလုံးပါသည်။

ဖင်လန်ပညာရေးစနစ်သည် ကမ္ဘာ့ထိပ်တန်း အကောင်းဆုံး စာရင်းဝင်ပါသည်။ အာရှကျောင်းသားများကဲ့သို့ အလွတ်ကျက် စာမေးပွဲဖြေ အမှတ်ပေးစနစ်ဖြင့် အတန်းတင်ပေးသည့်စနစ်ကို မကျင့်သုံးပါ။ ကျောင်းကိုလာသည့်ကလေးများကို ခွဲခြားခြင်း ကွဲပြားစေသည့် စနစ်များ မကျင့်သုံးပါ။ ကျောင်းလာသည့်ကလေးတစ်ဦးကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တဆိုသည့် သဘောတရားများကို ဦးစွာဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်ပျိုးထောင်ပေးပါသည်။

နိုင်ငံ၏ လူမှုဖူလုံရေးစနစ်က အလွန်ကောင်းသည်။ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လျှင် ပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဟုသဘောထားပြီး လုပ်ဆောင်ပေးနေသည်။ နိုင်ငံအတွင်း နိုင်ငံရေးကလည်း အပြိုင်အဆိုင် နိုင်ငံရေးအုပ်စုတွေမရှိ။ ၁၉၆၀ လောက်ကတည်းက မိသားစုများနှင့် နိုင်ငံသူ နိုင်ငံသားတို့ဘဝ လုံခြုံစိတ်ချရရေးကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

ဖင်လန်နိုင်ငံ၏ နေ့ကလေးထိန်းစနစ်များကို သက်ဆိုင်ရာ မြူနီစီပယ်စီရင်စုတိုင်းတွင် ဖွင့်လှစ်ပေးထားသည်။ ကျောင်းနေအရွယ်သည် ၇ နှစ်မှဖြစ်သောကြောင့် ကျောင်းနေအရွယ် မရောက်သေးသည့်ကလေးတိုင်းအတွက် ECEC (Early Childhood Education and Care) အခွင့်အရေး ခံစားခွင့်များကို ပေးထားသည်။ ECEC က မိဘတိုင်းကို အစိုးရဖွင့်ထားသည့် ကျောင်းတွင် ထားမည်လော၊ ပုဂ္ဂလိကဖွင့်ထားသည့် ကျောင်းတွင် ထားမည်လော ကြိုက်ရာရွေးချယ်ခွင့် ပေးထားသည်။

နေ့ကလေးထိန်းကျောင်းများတွင် အရည်အသွေးပြည့်ဝသည့် ပညာများပေးရေးအတွက် အစိုးရက တာဝန်ယူပေးထားသည်။ ကလေးတိုင်းကို ကစားရင်း ပညာသင်စေသည့်စနစ်ကို ကျင့်သုံးခိုင်းထားသည်။ သူတို့၏ မူကြိုနှင့် နေ့ကလေးကျောင်းများတွင် သင်ကြားသည့်စနစ်ကို 'Educare' စနစ်ဟု ခေါ်ကြသည်။ ပညာသင်ကြားသည်ဆိုခြင်းထက် ကလေးများ၏ သင်ယူလိုစိတ်နှင့် စိတ်ပါဝင်စားမှုများကို စောင့်ကြည့်ပြီး ဆရာဆရာမများက လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းသည် ဖင်လန် အောက်ခြေပညာရေးစနစ်၏ အဓိကကျသောအပိုင်း ဖြစ်ပါသည်။

ECEC စနစ်တွင် တစ်နိုင်ငံလုံးရှိ နေ့ကလေးထိန်းကျောင်းတိုင်းအား နိုင်ငံတော်အဆင့်ဖြင့် လမ်းညွှန်ချက်များ ထုတ်ပြန်ထားပေးသည့်အတိုင်း သင်ကြားပေးရန် သတ်မှတ်ထားသည်။ National Curriculum Guidelines on ECEC (2005) ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားပြီဖြစ်သည်။

အသက် ၇ နှစ်မပြည့်မီ သတ်မှတ်ထားသော ကျောင်းတစ်ဆင့်ကို Pre-primary အဆင့်ဟု သတ်မှတ် သင်ကြားပေးသည်။ ထိုအဆင့်ကို မူကြိုဟုသတ်မှတ်ကာ ၆ နှစ်အရွယ်ကလေးတိုင်း တက်ရောက်ကြရသည်။ ၂၀၁၅ ဩဂုတ်လကတည်းက ထိုအတန်းကို မသင်မနေရ ပညာရေးစနစ်အတွင်းထည့်ပြီး သင်ကြားနိုင်ရေး ဆောင်ရွက်ပေးထားသည်။

နေ့ကလေးထိန်းနှင့်မူကြိုတန်းများတွင် သင်ကြားရမည့်စနစ်များကို National Core Curriculum for Pre-primary Education (2010) အရ သတ်မှတ်ပြဋ္ဌာန်းထားပေးပါသည်။ သင်ရိုးညွှန်းတမ်းများကိုလည်း သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း ၂၀၁၆ ခုနှစ်ကတည်းက ပြုပြင်ပြောင်းလဲ သင်ကြားခဲ့ကြသည်။

ECEC အဖွဲ့သည်း ပညာရေးဝန်ကြီးလက်အောက်တွင်ရှိသည်။ နေ့ကလေးထိန်းနှင့် မူကြိုပညာရေးကို အခြေခိုင်စေရန်နှင့် စနစ်ကျစေရန် ပညာရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်ကတည်းက ကိုင်တွယ်ဆောင်ရွက်ခဲ့သည်။ ပညာရေးကို နိုင်ငံ့အရေးနှင့်ထပ်တူ အရေးအကြီးဆုံးကိစ္စတစ်ခုအနေနှင့် ဆောင်ရွက်နေသောကြောင့်လည်း ကမ္ဘာ့ထိပ်တန်းပညာနိုင်ငံတော်ဖြစ်လာခဲ့ရသည်။ ■ **E01 (Ref : The Atlantic, Finnish National Agency for Education)**

## ပုံပြင်

**ဟိုး** ရှေးရှေးက မိခင်ဝမ်းထဲမှ ထွက်လုလု ကလေးတစ်ယောက်သည် ဘုရားသခင်ကို မေးလိုက်သည်။

ကလေး - "အရှင်ဘုရား။ မနက်ဖြန် အရှင်က ကျွန်တော်မျိုးကို အပြင်လောကသို့ ပို့မယ်လို့ သိရပါတယ်။ အပြင်လောကမှာ ကူရာကယ်ရာမဲ့ဘဝ ရောက်ရတော့မယ် ထင်ပါတယ်"

ဘုရားသခင် - "အပြင်မှာ နတ်မိမယ်လေးတွေ အများကြီးရှိတယ်။ သင့်အတွက် အကောင်းဆုံး တစ်ဦးကို ရွေးချယ်ပြီး တာဝန်ပေးထားတယ်။ သူစောင့်နေပါတယ်။ သင့်ကို ကူညီလိမ့်မယ်"

ကလေး - "အရှင်ဘုရား ကောင်းကင်ဘုံမှာ ကျွန်တော်မျိုးက ဘာမှ လုပ်ရသည်မဟုတ်ပါ။ သီချင်းဆိုလိုက် ပြုံးပျော်လိုက်နှင့် နေခဲ့ရတာပါ။ အပြင်လောကမှာ ပျော်စရာကောင်းပါ့မလား"

ဘုရားသခင် - "သင့်ရဲ့နတ်မိမယ်လေးက သင့်အတွက် သီချင်းတွေဆိုပြလိမ့်မယ်။ တစ်နေ့လုံးလည်း ပြုံးပြနေလိမ့်မယ်။ သူ့မေတ္တာတွေကြောင့် သင် ပျော်ရွှင်မှာ အမှန်ပဲ"

ကလေး - "သူတို့က ကျွန်တော်မျိုးကိုစကားတွေလာပြောရင် ဘယ်လိုလုပ်မလဲ။ သူတို့စကားတွေကို ကျွန်တော် နားလည်ပါ့မလား"

ဘုရားသခင် - "သင့်ကိုစောင့်ရှောက်မည့် နတ်မိမယ်လေးက သူတို့ ဘာတွေ ပြောနေတယ်ဆိုတာ သင့်ကိုဘာသာတွေပြန်ပြလိမ့်မယ်။ မစိုးရိမ်ပါနဲ့။ နောက်တော့ သင်လည်း သူတို့ပြောတာတွေ နားလည်သွားအောင် နတ်မိမယ်လေးက သင့်ကိုသင်ပေးပါလိမ့်မယ်"

ကလေး - "အရှင်ဘုရားကို ကျွန်တော်မျိုးက အပြင်ရောက်မှ စကားပြောချင်ရင် ဘယ်လိုပြောရမလဲ"

ဘုရားသခင် - "ဒါလည်း မစိုးရိမ်နဲ့ ငါ့ထံကို စကားပြောဆိုတဲ့နည်း သင့်ရဲ့နတ်မိမယ်လေးက လက်လေးတွေကို ဆုပ်ကိုင်ပြီးတော့ သင်ပေးလိမ့်မယ်"

ကလေး - "လောကကြီးထဲမှာ လူဆိုးတွေလည်း ရှိတယ်လို့ ကြားရပါတယ်ဘုရား။ ကျွန်တော်မျိုးကို သူတို့ရန်က ဘယ်သူ ကာကွယ်ပေးမလဲ"

ဘုရားသခင် - "မပူပါနဲ့ သင့်ဘဝတစ်လျှောက်လုံးကို အဲဒီနတ်မိမယ်လေးကပဲ တာဝန်ယူပြီး စောင့်ရှောက်ကာကွယ်ပေးသွားလိမ့်မယ်"

ကလေး - "ဘုရားသခင်ကို ပြန်မတွေ့ရတော့မှာဖြစ်လို့ ပူဆွေး ဝမ်းနည်းနေမိပါတယ်ဘုရား"

ဘုရားသခင် - "သင့်ဘေးမှာ ရှိနေတဲ့ နတ်မိမယ်လေးက ငါ့အကြောင်း သင့်ကို အမြဲပြောနေလိမ့်မယ်။ ပြီးတော့ ငါ့ထံကို ပြန်လည်ရောက်ရှိနိုင်တဲ့ နည်းလမ်းတွေလည်း အမြဲပြောပြနေလိမ့်မယ်။ မပူပါနဲ့ သင့်အနားမှာ ငါအမြဲ ရှိနေမှာပါ"

ထိုအချိန်တွင် ကောင်းကင်ဘုံ၌ ရုတ်တရက် တိတ်ဆိတ်ပြီး ငြိမ်းချမ်းသွားသည်။ မြေပြင်ပေါ်မှ အသံများ ကြားနေရသည်။ ကလေးက စိုးရိမ်ပူပန်စွာဖြင့် ဘုရားသခင်ကို မေးလိုက်သည်။

ကလေး - "အရှင်ဘုရား ကျွန်တော်မျိုး သွားရမယ့်အချိန်ရောက်ပြီထင်ပါတယ်။ လူ့ပြည်ကိုရောက်လျှင် ကျွန်တော်မျိုးနှင့် ကြုံဆုံရမည့် နတ်မိမယ်လေး၏ အမည်ကို ပြောပြလိုက်စေချင်ပါတယ်။ သိခွင့်ပြုတော်မူပါ"

ဘုရားသခင် - "သင့်ကို စောင့်ရှောက်မယ့် နတ်မိမယ်အမည်ဟာ အရေးမကြီးပါဘူး။ သင်က အဲဒီ နတ်မိမယ်လေးနဲ့တွေ့ရင် မေမေလို့သာခေါ်လိုက်ပါ"

■ **E01 (The Child's Angel)**



Fun and Food Café

"ကလေးတွေက
ကိုယ်ပြောတာကို
နားမထောင်မှာ
ဘယ်တော့မှ မစိုးရိမ်နဲ့၊
သူတို့ကိုယ့်ကိုယ်
အမြဲစောင့်ကြည့်နေကြတာကိုပဲ စိုးရိမ်"

**Robert Fulghum**

**(American author)**

**(1937 - )**



# ဆေးကြိုက်တဲ့မောင်

သန့်ဇင်စိုး



'ကိုယ့်အတွက် အဓိပ္ပာယ်ရှိတဲ့အရာတစ်ခုကို သင်လုပ်နေပြီဆို နာကျင်မှုဆိုတဲ့အရာအကြောင်းကို စဉ်းစားဖို့အတွက် ခင်ဗျားမှာ အချိန်မရှိပါဘူး' ဟု စင်ကာပူသားကြီး မစ္စတာအွန်ကင်ချမ်းက ပြောကြားပါတယ်။

မစ္စတာအွန်ဟာ တရုတ်တိုင်းရင်းဆေးဖက်ဝင် သစ်ဥသစ်ဖုများ စိုက်ပျိုးတာ ဝါသနာထုံသူပါ။ ကိုယ်တိုင် လေ့လာသင်ကြား၊ ဗဟုသုတ ရှာဖွေစုဆောင်းသူ ဖြစ်သည်။ ရော်ဘာဖိနပ်လည်ရှည် အဝါရောင်ကြီးဝတ်ကာ ဝါးဦးထုပ်အပြားကြီးနှင့် တကယ့်လယ်သမားကြီးအလား အလုပ်လုပ်နေလေ့ရှိပါသည်။ သူ့ဆေးစိုက်ခင်းက စင်ကာပူမှာ ဖြစ်ပါတယ်။ မစ္စတာအွန်းသည် စင်ကာပူ NTU ကျောင်းဝင်းအတွင်းရှိ ရပ်ရွာဆေးပင်ဝါးပင် စိုက်ခင်းထဲတွင် ဖြစ်ပါသည်။ သူလုပ်သည့် အလုပ်များကား ဆေးပင်များစိုက်ခြင်း၊ လာရောက်ဆေးပင်တောင်းကြသူများကို အခမဲ့ဝေမျှပေးခြင်း၊ ရှင်းပြပေးခြင်းများ ပြုလုပ်ပေးသည်။ ဥယျာဉ်အတွင်း တရုတ်တိုင်းရင်းဆေးဖက်ဝင်အပင်များအကြောင်း သင်ကြားပြသမှုများလည်း လုပ်ပေးပါသည်။

ငယ်စဉ်ကတည်းက အွန် သည် အဆိုပါ ဥယျာဉ်မြေနှင့် မလှမ်းမကမ်းတွင် နေထိုင်ခဲ့သူ ဖြစ်သည်။ ကျောင်းဆင်းတိုင်း ညီအစ်ကိုများနှင့် မိဘများ၏ ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ဝင်ကူရသည်။ မစ္စတာအွန်သည် ငယ်စဉ်ကတည်းက တရုတ်ရိုးရာဆေးဖက်ဝင် အပင်များအကြောင်းကို စိတ်ဝင်စားကြသည်။ ညီအစ်ကိုတော်စပ်သူတစ်ဦး lymphoma ဝေဒနာဖြစ်ကတည်းက ဆေးဝယ်ရသည့် စရိတ်များ အလွန်ကြီးသည်ကို သူသတိထားမိခဲ့သည်။ ငွေကြေးမတတ်နိုင်သူများအတွက် ဘေးထွက်ဆိုးကျိုးမရှိသော အခမဲ့ဆေးဝါးများ ပေးနိုင်ရေးကို သူစဉ်းစားခဲ့ရာမှ အဆိုပါ ဥယျာဉ်ကို စဉ်းစားမိခဲ့ခြင်း ဖြစ်ပါသည်။ ဆေးဖက်ဝင်အပင်စုံကို ကြိုးစားပမ်းစားစိုက်ပျိုးပါတော့သည်။

ထိုအလုပ်ကို စလုပ်မည်ဆိုတော့ မစ္စတာအွန်၏ မိသားစုဝင်များက တားကြသည်။ အလုပ်ပင်ပင်ပန်းပန်းမျိုးကို ထိုအသက်အရွယ်မျိုးတွင် မလုပ်စေချင်တော့။ ပြီးတော့ ငွေကုန်ကြေးကျလည်း ရှိနိုင်ပါသည်။ မစ္စတာအွန်ကတော့ ၎င်း၏ ကိုယ်ပိုင်ပိုက်ဆံများကို အသုံးပြုကာ ဥယျာဉ်တစ်ခု ဖော်ဆောင်ပါတော့သည်။ ချော်လဲသဖြင့် ဒူးဒဏ်ရာရဖူးကာ ခွဲစိတ်ခဲ့ရဖူးသော်လည်း သူကတော့ နောက်မဆုတ်စတမ်း ဆေးပင်စိုက်သည့် လုပ်ငန်းကို လုပ်နေဆဲဖြစ်သည်။ "ကိုယ့်အတွက် အဓိပ္ပာယ်ရှိတဲ့ အလုပ်တစ်ခုကို လုပ်နေရမယ်ဆိုရင် နာကျင်မှုဆိုတဲ့အရာကို စဉ်းစားမိမှာမဟုတ်ပါဘူး" ဟု ၎င်းက မန်ဒရင်းဘာသာစကားဖြင့် ပြောကြားခဲ့ပါတယ်။ "နာကျင်နေတယ်ဆိုတာကို မေ့သွားပါလိမ့်မယ်" ဟု ၎င်းက ဆိုပါသည်။

ဆေးပင်ဆေးရွက်ဆေးမြစ် လာယူကြသူ ပြည်သူများက ဘယ်လိုဘယ်ပုံ သက်သာကြပါကြောင်း ပြောလာတဲ့အခါ ၎င်းအနေနှင့် ကျေနပ်ပီတိ ဖြစ်ရပါသည်။ ဆေးစွမ်းထက်မြက်ကြကြောင်း ဆက်သွယ်ပြောကြားလာကြတိုင်း နေ့စဉ်အလုပ်သွားပြီး စေတနာ့ဝန်ထမ်းရန်အတွက် ခွန်အားရစမြဲဖြစ်သည်။ လူဦးရေလေးထောင်ခန့်ကို ဆေးဖက်ဝင် သစ်ပင်ထွက်ပစ္စည်းများ လက်ဆောင်ပေးပြီး ဖြစ်သည်ဟု ၎င်းက ခန့်မှန်း ပြောကြားသည်။ သူ့ရဲ့ခြံတွင်း ဆေးပင်ဆိုင်ရာ ပညာပေးအစီအစဉ်များကို လာရောက်နားထောင်ကြသူများရှိသည်။ ဘာကြောင့် ထိုအလုပ်ကို နှစ်မြှုပ်လုပ်ကိုင်နေပါသလဲဆိုသည့် မေးခွန်းကလည်း ယေဘုယျကျသော မကြာခဏဖြေရသည့် မေးခွန်းဖြစ်ပါသည်။

သူ့ရဲ့ဆေးဝါးလှူဒါန်းမှု ပရဟိတလုပ်ငန်းများကို အမြတ်ထုတ်သူများလည်း ရှိသည်ဟု ဆိုပါသည်။ ထိုကဲ့သို့သော စိန်ခေါ်မှု ပြဿနာများကို ရင်ဆိုင်ရတိုင်း သူ့မိခင်ပြောကြားသော စကားတစ်ခုကို ပြန်လည်ကြားယောင်မိမြဲဖြစ်သည်။ "ဇွဲရှိရှိ အလုပ်လုပ်ပါ။ ဂုဏ်သိက္ခာရှိစွာ နေထိုင်ပါ" ဟူ၍ ဖြစ်သတည်း။ ဒီလို စိတ်ထားမျိုးနဲ့ပင် သူရှေ့ဆက်နေပါသည်။ "ဆေးပင်တွေကို ဖြည်းဖြည်းခူးပါ။ နေ့စဉ် လေ့ကျင့်ခန်းလုပ်ပါ။ စိတ်ထားကောင်းထားပါ" ဆိုသည့် အကြံဉာဏ်က သူ့ဥယျာဉ်သို့ လာသူတိုင်းကို သူပေးလေ့ရှိသည်။

စေတနာ့ဝန်ထမ်းများကလည်း နောက်ပိုင်းကျတော့ မစ္စတာအွန်၏ ဆေးစိုက်ခင်းသို့ လာရောက်ကြပါသည်။ ဆေးဖက်ဝင်အပင်များအကြောင်းကို မန်ဒရင်းတရုတ်စကားမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ပေးမည့် စေတနာ့ဝန်ထမ်းများ လိုကြောင်း ၎င်းကဆိုသည်။ ဆေးစိုက်ခင်းတွင် သုံးရမည့် ကုန်ကျစရိတ်များအတွက်လည်း လှူနိုင်ကြောင်း ၎င်းက ဖိတ်ခေါ်ပါသည်။ ရုပ်ဝတ္ထုပစ္စည်း တိုးတက်မှုများက အရာရာလွှမ်းမိုးထားသော စင်ကာပူလို နေရာမျိုးတွင် ယခုကဲ့သို့ အေးဆေးတည်ငြိမ်သည့် ဆေးစိုက်ခင်းသင်ခန်းတစ်ခုက တက္ကသိုလ်ရပ်ရွာစင်တာ မြေကွက်တွင် ရှိနေပါသည်။ တကယ့် လယ်ယာလုပ်သားကြီးပုံစံအတိုင်း တကုပ်ကုပ်အလုပ်လုပ်နေသော စင်ကာပူသားကြီး၏ စိတ်စေတနာက ရပ်ရွာစိတ်ဓာတ်များ စင်ကာပူတွင် ရှိနေသေးကြောင်း သက်သေသက္ကာယ ဖြစ်ပါပေသည်။ ■

**သန့်ဇင်စိုး**



# About Them













ဇန်နဝါရီလ ၂၃ ရက်နေ့က ရန်ကုန်မြို့ သံလွင်လမ်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနခွဲတွင် ကျင်းပခဲ့သည့် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေလုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ







ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက် ၇ နာရီ ၃၀ မိနစ်က ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံတွင်ကျင်းပခဲ့သည့် 'ဟန်းနီးမွန်း' ရုပ်ရှင်ဇာတ်ကားအထူးမိတ်ဆက်ပွဲ










ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ အမှတ် (၂၀) ပုလဲလမ်း ရွှေတောင်ကြားရပ်ကွက် ဗဟန်းမြို့နယ်တွင် ကျင်းပခဲ့သည့် **Paradiso** ကုမ္ပဏီ၏ မော်ဘီရုပ်ရှင်ရုံသစ်ဖွင့်ပွဲ










ဇန်နဝါရီလ ၂၈ ရက်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ **PARKROYAL** ဟိုတယ်တွင် ကျင်းပခဲ့သည့် 'မင်းနဲ့အတူတူ' စီးရီး စာနယ်ဇင်းမိတ်ဆက်ပွဲ



# “ကျွန်တော်တို့က ပေါ်အောင်မရိုက်ဘဲနဲ့ ဟာသကားကို သဘာဝကျကျနဲ့ ရယ်စရာဖြစ်အောင် ရိုက်ပြတာပါ။ ပရိသတ်တွေက ပေါတဲ့ကားက ဘယ်လိုကား၊ ရယ်ရတဲ့ဟာသကားက ဘယ်လိုကားဆိုတာ ကွဲကွဲပြားပြားသိကြပါတယ်”

## ပြည်ဟိန်းသီဟနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး


ဓာတ်ပုံ- သန့်ဇင်ဦး

**နာမည်ကျော် လူငယ်ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ပြည်ဟိန်းသီဟနဲ့ တွေ့ဆုံပြီး ဖေဖော်ဝါရီလအတွင်း ရုံတင်ပြသတော့မယ့် ကြီးကြီးကျယ်ကျယ် ရုပ်ရှင်ဇာတ်ကားအကြောင်း၊ မင်းလည်းဘိုကေ ငါလည်း ဘိုကေ ရုပ်ရှင်ဇာတ်ကားက ဝင်ငွေစံချိန်ချိုးခဲ့တဲ့အပေါ် ခံစားမှုနဲ့ မင်းသမီးခြောက်ယောက်နဲ့ ထူးထူးခြားခြား ရိုက်ကူးမယ့် ရုပ်ရှင်အကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: ကြီးကြီးကျယ်ကျယ် ရုပ်ရှင် ဇာတ်ကားမှာ ဟိန်းဝေယံနဲ့ မြင့်မြတ်ကို တွဲပေးပြီး ဘယ်လိုကြောင့် ရိုက်ဖြစ်သွားတာလဲ။**

**PHTH:** ဒီကားရိုက်ဖို့ ဟိန်းဝေယံတို့ရဲ့ မာန်ထက်ချီထုတ်လုပ်ရေးကနေ ကျွန်တော့်ကို လာပြောပါတယ်။ မြင့်မြတ်၊ ဟိန်းဝေယံ အတွဲနဲ့ ရုပ်ရှင်တစ်ကား ရိုက်ချင်တယ်တဲ့။ ဇာတ်လမ်းကတော့ လုံမရဲ့ ဇာတ်ကို သူတို့ ရွေးပေးတာပါ။ လိုတာလေးတွေ ကျွန်တော် ထပ်ဖြည့်တယ်။ ပိုနေတာလေးတွေလည်း ကျွန်တော် ဖြတ်ပစ်တယ်။ ပြီးတော့မှ ဇာတ်ညွှန်းပြန်ခွဲပြီးတော့ ရိုက်ဖြစ်တာပါ။ ဒီကားလေးကို ပရိသတ်တွေ သဘောကျမှာပါ။ ကျွန်တော်တို့ ပုပ္ပားမှာသွားရိုက်တုန်းက ကိုခင်လှိုင်၊ ကိုဒိန်းဒေါင်တို့ အခန်းတွေဆိုမပါဘူး။ ဇာတ်လမ်းကို ပြန်ကြည့်တော့ နည်းနည်းအားမရတာနဲ့ ကိုခင်လှိုင်၊ ကိုဒိန်းဒေါင်တို့ကို ငှားပြီး ရန်ကုန်မှာ ထပ်ဖြည့် ရိုက်တာပါ။

**Voice: ဒီကားမှာ ရွှေမှုံရတီက ယောကျ်ားလျာလုပ်ရတာနော်။ ဒါရိုက်တာတစ်ယောက်အနေနဲ့ သူ့ကိုရော ဘယ်လို သင်ကြားပြသပေးခဲ့ရလဲ။**

**PHTH:** ရွှေမှုံတို့ အိချောပိုတို့က သိပ်ပြီးပြောစရာမလိုပါဘူး။ နှစ်ယောက်လုံးက အက်တင်ကိုသေချာလုပ်နိုင်တဲ့ သူတွေပဲလေ။ ရွှေမှုံကတော့ ဒီကားမှာ ယောကျ်ားလျာလုပ်ရတော့ ကာရိုက်တာလေးဝင်အောင် နည်းနည်း ပြောပြပေးရတယ်။ ထူးထူးခြားခြားတစ်ခုကတော့ သူက ဒီကားမှာ ကွမ်းစားရတယ်။ အပြင်မှာဆို သူက လုံးဝကွမ်းမစားတတ်ဘူး။ ဒီကားမရိုက်ခင် နှစ်ရက်သုံးရက်လောက်မှာ ကွမ်းစားလေ့စားထရှိအောင် သူ့ကို ကြိုကျွေးထားတယ်။ သူ့ရဲ့ကာရိုက်တာအတွက် ပြင်ဆင်ပေးထားပါတယ်။

**Voice: ဟာသကားတွေအရိုက်များတဲ့ ဒါရိုက်တာတစ်ယောက်အနေနဲ့ Plot တွေ မထပ်အောင်ကျတော့ ဘယ်လိုစဉ်းစားဖြစ်လဲ။**

**PHTH:** ကျွန်တော်က ငါဒါရိုက်တာဆိုပြီး ကိုယ်လုပ်ချင်တာ လုပ်တာမဟုတ်ပါဘူး။ ဇာတ်ကားမှာ ပါဝင်တဲ့ သရုပ်ဆောင်တွေအားလုံးနဲ့ တိုင်တိုင်ပင်ပင်ညှိညှိနှိုင်းနှိုင်းနဲ့ ရိုက်ကြတာပါ။ ကိုဆင်မတို့၊ မဂွမ်းပုံတို့နဲ့လည်း ကြိုတိုင်ပင်ကြတယ်။ ဒီကားကို ပုပ္ပားမှာသွားရိုက်ခဲ့တာဆိုတော့ ညကျရင် နောက်တစ်နေ့မှာ ဘယ်လိုတွေ ရိုက်ကြမယ်ဆိုတာ ကြိုတိုင်ပင်ကြတယ်။ အဓိကကတော့ ကိုယ့်ကားမှာပါတဲ့ ဝါရင့်ဟာသသရုပ်ဆောင်တွေဆီကလည်း အကြံဉာဏ်တွေ ယူတယ်။ ကိုယ်ဖြစ်ချင်တာလေးတွေလည်း သူတို့ကို ပြောပြပါတယ်။

**Voice: မြင့်မြတ်၊ ကျော်ကျော်ဗိုတို့နဲ့ ရိုက်ခဲ့တဲ့ မင်းလည်းဘိုကေ၊ ငါလည်းဘိုကေ ရုပ်ရှင်က ဝင်ငွေစံချိန်ချိုးပြီး အောင်မြင်မှုရသွားတယ်နော်။ ဒီအပေါ်မှာ ဘယ်လိုခံစားမှုရှိလဲ။**

**PHTH:** ဒီကားက လက်ရှိ အချိန်အထိ ဝင်ငွေအများဆုံး ဇာတ်ကားအဖြစ် စံချိန်တင်ခဲ့ပါ တယ်။ ဒီအပေါ်မှာ ဒါရိုက်တာတစ်ယောက်အနေနဲ့ ခံစားမှုကတော့ အတိုင်းမသိ ပျော်ပါတယ်။ ရှေ့မှာ ရိုက်ခဲ့တဲ့ ကျွန်တော့်ရဲ့ပွဲဦးထွက် ရုပ်ရှင်ကားကြီး ဘောစိကလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ ဝင်ငွေ စံချိန်အများဆုံးတော့ မဖြစ်ခဲ့ဘူး။ နံပါတ်လေးလောက်ပဲရခဲ့တယ်။ မင်းလည်းဘိုကေ ရုပ်ရှင်ကျတော့ ၂၀၁၆ ခုနှစ်မှာ ဝင်ငွေစံချိန်အများဆုံးဖြစ်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်။

**Voice: မြန်မာပေါ်ကားတွေ ရုပ်ဆိုပြီး ဟာသကားတွေကို ဝေဖန်မှုတွေ မြင့်တက်ခဲ့တဲ့ အချိန်မှာ ဝင်ငွေစံချိန်ချိုးခဲ့တဲ့အပေါ်ရော ဘယ်လိုမြင်မိလဲ။**

**PHTH:** ကျွန်တော်တို့ ရိုက်တဲ့ ဇာတ်ကားတွေကို ဝေဖန်ကြတဲ့ ပရိသတ်တွေကိုတော့ အပြစ်မမြင်ပါဘူး။ သူတို့ ကလည်း ပြောကြဆိုကြတာက မြန်မာပေါ်ကားတွေကိုရုပ်ခိုင်းတာလေ။ ရှင်းရှင်းပြောရရင် ပေါတဲ့ကားတွေကို ရုပ်ခိုင်းတာလေ။ ဟာသကားတွေ ရုပ်ခိုင်းတာမဟုတ်ဘူး။ ကျွန်တော်တို့က ပေါ်အောင်မရိုက်ဘဲနဲ့ ဟာသကားကို သဘာဝကျကျနဲ့ ရယ်စရာဖြစ်အောင် ရိုက်ပြတာပါ။ ပရိသတ်တွေက ပေါတဲ့ကားက ဘယ်လိုကား၊ ရယ်ရတဲ့ဟာ သကားက ဘယ်လိုကားဆိုတာ ကွဲကွဲ ပြားပြားသိကြပါတယ်။

**Voice: ကိုယ်ရိုက်တဲ့ ဟာသကားတွေကို ပေါတယ်လို့အပြောမခံရအောင် ဘယ်လိုသတိထားပြီး ရိုက်ဖြစ်လဲ။**

**PHTH:** နောက်ပိုင်းတော့ ကျွန်တော်က ဇာတ်လမ်းတွေ မထပ်အောင် အဓိကထားပြီး ရွေးချယ်ပါတယ်။ ကျွန်တော်ရိုက်တဲ့ဟာသကားတွေမှာ သရုပ်ဆောင်အင်အားများတယ်ဆိုပေမယ့် ဝုန်းဝုန်းနဲ့ ဆူညံအော်ဟစ်နေတာမျိုး သိပ်မရိုက်ဘူး။ ဇာတ်လမ်းဇာတ်ကွက်နဲ့ သဘာဝကျကျရယ်ရအောင်ပဲ ရိုက်ပါတယ်။ ဟာသကားဆိုပေမယ့် ဇာတ်လမ်းဇာတ်အိမ်ကောင်းတဲ့ ဟာကို အဓိကထားပြီး ရွေးဖြစ်တယ်။ ဇာတ်အိမ်ပေါ်မူတည်ပြီးတော့မှ ကျန်တဲ့ ဟာသ Plot တွေထည့်ဖြစ်ပါတယ်။

**Voice: လက်ရှိမှာရော ဘယ်ဇာတ်ကားတွေ ရိုက်နေလဲ။ နောက်ထပ် ထူးထူးခြားခြား ရိုက်ဖို့ စီစဉ်ထားတဲ့ ဇာတ်ကားတွေရှိရင်ပြောပြပေးပါဦး။**

**PHTH:** ကျွန်တော်အခု အားသစ်တို့ရဲ့ ရွှေရတနာထုတ်လုပ်ရေးအတွက် ဂေါက်သီး ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားလေး ရိုက်နေပါတယ်။ သရုပ်ဆောင်တွေကတော့ အားသစ်နှစ်ကိုယ်ခွဲ၊ ပိုင်ဖြိုးသုနဲ့ ရွှေသမီးတို့ ပါပါ တယ်။ ဇာတ်လမ်းကတော့ အားသစ်က တောမှာတစ်ကိုယ်၊ မြို့မှာ တစ်ကိုယ်ပေ့ါ။ ဇာတ်လမ်းကတော့ ရိုးရိုးလေးပါပဲ။ အဓိကကတော့ ဟာသPlot တွေ၊ ဇာတ်လမ်းတင်ပြပုံတွေကို ဦးစားပေးပြီးရိုက်ထားတယ်။ ဟာသ သရုပ်ဆောင်တွေ အများကြီးပါပါတယ်။ တောသားနဲ့ မြို့သားဘဝချင်းဖလှယ်ကြတဲ့ ဇာတ်လမ်းမျိုးပါ။ ထူးထူးခြားခြား ဇာတ်ကားအနေနဲ့ကတော့ မေလထဲမှာ မင်းသမီး ခြောက်ယောက်နဲ့ ရုပ်ရှင်ကားကြီး တစ်ကား ရိုက်မယ်။ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ အိချောပို၊ ယုသန္တာတင်၊ ခိုင်သင်းကြည်၊ အေးမြတ်သူ တို့ပါပါတယ်။ ဇာတ်ကားနာမည်ကတော့ ဆူပါမော်ဒယ်လ်လို့ ပေးထားပါတယ်။ ■


သင်ဇာနွယ်ဝင်း Facebook Page

## ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ ချစ်သူနဲ့ မင်္ဂလာပွဲကျင်းပတော့မယ့် သဉ္ဇာနွယ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

နာမည်ကျော် လူငယ်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ သဉ္ဇာနွယ်ဝင်းက ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ သူ့ရဲ့ ချစ်သူ ကိုလှမျိုးမြင့်နဲ့ မင်္ဂလာဆည်ခံပွဲ ကျင်းပသွားတော့မှာဖြစ်ကြောင်း သူ့ရဲ့ Facebook Page ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေး ပြောကြားခဲ့ပါတယ်။

“သဉ္ဇာ့ရဲ့မင်္ဂလာဆည်ခံပွဲကို ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ ပြုလုပ်သွားမှာပါ။ သဉ္ဇာ့ကိုစိတ်ပူပေးကြ တဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။ ကိုလှမျိုးမြင့်က သဉ္ဇာ့ထက် သုံးနှစ်ကြီးပါတယ်။ အိမ်ထောင် မရှိတဲ့လူပျိုပါ” လို့ ၎င်းရဲ့ Facebook Page မှာ ရေးသားဖော်ပြထားပါတယ်။

သရုပ်ဆောင်သဉ္ဇာနွယ်ဝင်းက လူငယ်ပရိသတ်ကြိုက် နာမည်ကျော် အဆိုတော်တစ်ဦးနဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြပြီး၊ စိတ်သဘောထားချင်း မတိုက်ဆိုင်တဲ့အတွက် လမ်းခွဲခဲ့ကြပြီး နောက်မှာ လက်ရှိဘဝ လက်တွဲဖော်ဖြစ်တဲ့ ကိုလှမျိုးမြင့်နဲ့ ဖူးစာဆုံခဲ့တာဖြစ်ပါတယ်။

“ပြီးခဲ့တဲ့ ကိစ္စတွေမှာ ဘယ်သူကမှ ဘယ်သူ့ကို ထားခဲ့တာမျိုးမဟုတ်ဘဲ နှစ်ဖက်လုံး စိတ်သဘော ထားမတိုက်ဆိုင်လို့ လမ်းခွဲခဲ့ပြီးမှ အိမ်ထောင်ဖက်ကို တွေ့ခဲ့တာပါ။ သဉ္ဇာ့ကိုချစ်တဲ့လူတိုင်း၊ မုန်းတဲ့လူတိုင်း စေတနာဒေါသနဲ့ စဉ်းစားပေးတာဖြစ်တဲ့အတွက် တစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးတင်ပါတယ်ရှင်” လို့ သဉ္ဇာနွယ်ဝင်းက ရေးသားခဲ့ပါတယ်။

သရုပ်ဆောင် သဉ္ဇာနွယ်ဝင်းနဲ့ ချစ်သူဖြစ်သူ ကိုလှမျိုးမြင့်တို့ရဲ့ Pre Wedding ဓာတ်ပုံတွေက လူမှုကွန်ရက် Facebook မှာ ပျံ့နှံ့ခဲ့ပါတယ်။ သူ့ရဲ့ Facebook Page မှာ မင်္ဂလာပွဲကျင်းပမယ့် ရက်ကို ဖေဖော်ဝါရီလ ၃ ရက်နေ့လို့ ဖော်ပြထားပေမယ့် ပွဲကျင်းပမယ့်နေရာကိုတော့ ရေးသားဖော်ပြထားခြင်းမရှိပါဘူး။


ဂျင်းနီ Facebook Page

## ပထမဆုံး တစ်ကိုယ်တော်စီးရီးသစ် Happy Birthday ကို ဖေဖော်ဝါရီလအတွင်း ထွက်ရှိမယ့် ဂျင်းနီ

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

အဖွဲ့လိုက်စီးရီးတွေမှာ ပါဝင်ခဲ့တဲ့ သီချင်းတွေနဲ့ ပရိသတ်တွေရဲ့ အားပေးမှုကို ရရှိခဲ့တဲ့ တေးသံရှင် ဂျင်းနီက ပထမဆုံး တစ်ကိုယ်တော် စီးရီးဖြစ်တဲ့ Happy Birthday ကို ဖေဖော်ဝါရီလအတွင်း ထွက်ရှိနိုင်တော့မှာ ဖြစ်ကြောင်း The Voice ကို ပြောကြားပါတယ်။

“ဒီခွေက ညီမရဲ့ပထမဆုံး တစ်ကိုယ်တော်ခွေပါ။ ဒီခွေကို ထွက်မယ်လို့ ပြောပြီး မထွက်ဖြစ်တာ ကြာနေပါပြီ။ စောင့်နေရတဲ့ ပရိသတ်တွေကိုလည်း အားနာပါတယ်။ ဒီခွေကို သေချာအားစိုက်ပြီး လုပ်နေတဲ့အတွက် ကြာသွားတာပါ။ ပရိသတ်တွေကျေနပ်နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်” လို့ ယင်းစီးရီးနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းစီးရီးမှာတော့ သီချင်း ၉ ပုဒ်ပါဝင်မှာဖြစ်ပြီး၊ သီချင်းပုံစံတွေကတော့ ကိုယ်တစ်ခါမှ မဆိုဖူးသေးတဲ့ ပုံ စံမျိုးတွေရော၊ ပရိသတ်တွေကြိုက်နိုင်မယ့် ပုံစံမျိုးတွေရော မျှပြီး ထည့်ထားကြောင်း၊ ပထမဆုံးစီးရီးဖြစ်တဲ့အတွက် ပရိသတ်တွေရဲ့အားပေးမှုကိုလည်း အပြည့်အဝ ရချင်ကြောင်း ဂျင်းနီက ပြောကြားပါတယ်။

“ဒီခွေမှာ သီချင်းအနှေးလေးတွေလည်းပါတယ်။ အမြန်လေးတွေလည်းပါတယ်။ တချို့ ပရိသတ်တွေက ဂျင်းနီကို သီချင်းအနှေးလေးတွေနဲ့ ပိုလိုက်တယ်လို့ပြောကြတယ်။ ကလို့ကောင်းမယ့် သီချင်းလေးတွေလည်း ထည့်တော့ထည့်ထားပါတယ်။ ဒါပေမဲ့ ကိုယ့်အသက်အရွယ်အရ ကလို့ လည်း မကောင်းတော့ဘူးဆိုတော့ အနှေးလေးတွေ ဆိုရတာကို ပိုကြိုက်နေတယ်” လို့ ၎င်းကဆိုပါတယ်။

# Split နောက်က လိုက်ခဲ့ရတဲ့ Dog's Purpose နဲ့ ဒီတစ်ပတ်ရုပ်ရှင်

ဇာတ်ဝင်ခန်းတစ်ခုအတွက် တွန့်ဆုတ်ထိတ်လန့်နေတဲ့ ခွေးကို ကန်ထဲ အတင်းတွန်းချနေတဲ့ မှတ်တမ်းဗီဒီယိုဖိုင် ပေါက်ကြားခဲ့အပြီးမှာတော့ လက်ဆီဟောလ်စထရွမ်းရဲ့ A Dog's Purpose ဟာ ပေါက်သင့်သလောက်မပေါက်ဘဲ နံပါတ် ၂ နေရာ ရောက်သွားပါတယ်။ ဒါကြောင့် အိန္ဒိယနွယ်ဖွား ဒါရိုက်တာ နိုက်ရှီယာမာလန်ရဲ့ Split က ဒီတစ်ပတ် ဝင်ငွေအကောင်းဆုံးနေရာ ရောက်လာခဲ့ပါတယ်။

အော်စကာ ဆန်ခါတင်စာရင်းဝင်ထားပြီး ဆုရမယ်လို့နာမည်ကြီးနေတဲ့ Hidden Figures နဲ့ La La Land ကလည်း မြောက်အမေရိကတစ်လွှား ရုံတင် ဝင်ငွေ ဒေါ်လာ သန်း ၁၀၀ ပြည့်ပါတော့မယ်။

တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွေရဲ့ သပိတ်မှောက်ဖို့တောင်းဆိုမှုတွေနဲ့ ကြုံခဲ့ရပေမယ့် A Dog's Purpose ဟာ ဒီတစ်ပတ်ရုံဝင်ချိန်မှာ စုစုပေါင်း ဒေါ်လာ ၁၇ သန်းနဲ့ သန်း ၂၀ လောက်ရဖို့ ရှိနေပါတယ်။ ဒါပေမဲ့ မူလခန့်မှန်းခဲ့တဲ့ ဒေါ်လာ ၂၄ သန်းဆိုတဲ့ယှဉ်ရင်တော့ နည်းသွားတယ်ဆိုရမှာပါ။

A Dog's Purpose ရုပ်ရှင်ထုတ်လုပ်သူတွေကတော့ ပေါက်ကြားတဲ့ ဗီဒီယိုဖိုင်ဟာ တည်းဖြတ်ထားတာဖြစ်ပြီး အလွဲလုပ်ခဲ့တာမဟုတ်ဘဲ အကြိမ်ကြိမ်လေ့ကျင့်ပြီးသား ခွေးကလေးဟာ ရိုက်ကူးတဲ့နေ့ကျမှ တွန့်ဆုတ်နေတာလို့ ဆိုပါတယ်။ ဇာတ်ဝင်ခန်းကိုလည်း အဲဒီနေ့က မရိုက်ဖြစ်ဖူးလို့ ဆိုပါတယ်။ ဒါပေမဲ့ ခွေးကို ရေထဲချပေးရာမှာ မဆင်းဘဲ ပေးကပ်ကပ်လုပ်နေလို့ တွန်းချလိုက်လို့ အော်လိုက်တဲ့ နောက်ခံအသံတစ်ခုပါ ကြားခဲ့ရပါတယ်။

စိတ္တဇထိတ်လန့်သည်းဖို ဇာတ်ကား Split က ရုံတင်တာ ဒုတိယပတ် ရောက်နေပြီဖြစ်ပေမယ့် ဒီတစ်ပတ်အတွက် ဒေါ်လာ ၁၈ သန်း နဲ့ ၂၃ သန်းကြား ဝင်ငွေနဲ့ နံပါတ်တစ်နေရာမှာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။ ကုန်ကျစရိတ် ဒေါ်လာ ၉ သန်းပဲရှိပေမယ့် စုစုပေါင်းဝင်ငွေမှာ သန်း ၅၀ ကျော်သွားပါပြီ။

ဂိမ်းကနေ ရုပ်ရှင်ဖြစ်လာတဲ့ Resident Evil ဇာတ်ကားတွေထဲက နောက်ဆုံးနဲ့ ဆဋ္ဌမမြောက် ဇာတ်ကား The Final Chapter ကတော့ တတိယနေရာမှာရှိနေပါတယ်။ ဒီတစ်ပတ်ထဲ ဒေါ်လာ ၁၃ သန်းနဲ့ ၁၅ သန်းကြား ဝင်ငွေရဖို့ရှိနေပါတယ်။ ဒီဇာတ်ကားက ဂျပန်တစ်နိုင်ငံတည်းတင် ဝင်ငွေ ဒေါ်လာ ၃၅ သန်း ရထားပြီးဖြစ်ပါတယ်။

နာမည်ကျော်ရုပ်ရှင်မင်းသား မက်သယူး မက်ကော့ဂ်နေ သရုပ်ဆောင်ထားတဲ့ Gold ဇာတ်ကားကတော့ ရုံတင်တင်ချင်းပဲ 'ကွဲ' သွားပါတယ်။ ရုံ ၂၀၀၀ ကျော် တစ်ပြိုင်နက်ပြရာမှာ ဒေါ်လာ ၃ သန်းနဲ့ ၄ သန်းပဲဝင်တယ်ဆိုတာ မက်ကော့ဂ်နေရဲ့ သမိုင်းမှာ အဆိုးဆုံး ရလဒ်ဖြစ်ပါတယ်။ အခုနောက်ပိုင်း နာမည်ကြီးမင်းသားတွေကိုအားကိုးပြီး ရုံတင်တဲ့ ကားတွေ တောက်လျှောက်ကွဲနေပါတယ်။





ဂျွန်ဟတ်နှင့် သူ၏ နာမည်ကျော်ဇာတ်ဝင်ခန်းများ

## 'Elephant Man' နှင့် 'Harry Potter' ဇာတ်ကားများဖြင့် ထင်ရှားသူ ရုပ်ရှင်မင်းသားကြီး ဂျွန်ဟတ် ကွယ်လွန်

'The Elephant Man' ဇာတ်ကားမှာ သရုပ်ဆောင်ခဲ့တာကြောင့် ဆင်လူသားလို့ လူသိများပြီး ဟယ်ရီပေါ်တာ ဇာတ်ကားတွေမှာ မှော်နှင်တံ ဖန်တီးသူအဖြစ် ပါဝင်ခဲ့တဲ့ ဗြိတိန်နိုင်ငံသား ရုပ်ရှင်မင်းသားကြီး ဂျွန်ဟတ်ဟာ အသက် ၇၇ နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ပါတယ်။

အော်စကာဆု နှစ်ကြိမ် ဆန်ခါတင်စာရင်းဝင် ဂျွန်ဟတ်ဟာ ၂၀၁၅ ခုနှစ်ကစပြီး မုန့်ချိုအိတ် (ပန်ကရိယ)ကင်ဆာ ရောဂါ ခံစားခဲ့ရပါတယ်။ အဲဒီနှစ်မှာပဲ ဂျွန်ဟတ်ကို သူရဲ့ရုပ်ရှင်လောက ဆောင်ရွက်မှုများအတွက် ဘုရင်မကြီး အဲလိဇဘက်က သူကောင်းဘွဲ့ကို ချီးမြှင့်ခဲ့ပါတယ်။

ဂျွန်ဟတ်ဟာ ၁၉၆၀ ပြည့်နှစ်မှာ The Royal Academy of Dramatic Art က ဖွင့်တဲ့ သရုပ်ဆောင်သင်တန်း တက်ရောက်ခဲ့ပြီး သူရဲ့ သရုပ်ဆောင်ဘဝကိုတော့ ဗြိတိန် ရုပ်သံလိုင်းတွေမှာ စတင်ခဲ့ပါတယ်။

အမေရိကန်က ပရိသတ်တွေကတော့ သူ့ကို ၁၉၇၈ ခုနှစ်တုန်းက ဇာတ်ကား 'Midnight Express' မှာ တူရကီထောင်ထဲက ဆေးသမားတစ်ယောက် အနေနဲ့ ၁၉၈၀ ခုနှစ်တုန်းက ဇာတ်ကား 'The Elephant Man' မှာ ဂျွန်မဲရစ် အနေနဲ့သာ သိကြတာပါ။

နှောင်းခေတ် လူငယ်တွေကြားထဲမှာတော့ သူ့ကို Alien ကားထဲမှာ ပထမဆုံး ရင်ပွင့်သေခဲ့ရသူ ကိန်းအနေနဲ့ သိကြပါတယ်။ ဂျွန်ဟတ်ဟာ ဇာတ်ကားပေါင်း ၁၀၀ ကျော် ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ နာမည်ကြီးတဲ့ V for Vendetta ဇာတ်ကားထဲမှာလည်း ပါဝင်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ Doctor Who ဇာတ်လမ်းတွဲမှာ War Doctor အနေနဲ့ ပါဝင်ခဲ့ပါသေးတယ်။

## တေလာဆွစ်ဖ်နဲ့ ဇေန်မာလစ်ရဲ့ အလန်းဆုံး အမ်တီဗီ I Don't Wanna Live Forever

တေလာဆွစ်ဖ်တစ်ယောက်တော့ ကန်းထရီးစတား 'မိန်းမကောင်းလေး' ပုံရိပ်ကို လုံးဝချန်ထားခဲ့ပြီထင်ပါတယ်။

I Don't Wanna Live Forever သီချင်း အမ်တီဗီဟာ ဆွစ်ဖ်ရဲ့ လိုင်ဆွဲဆောင်မှုအပြင်းဆုံး တေးဂီတဗီဒီယိုလို့ ဆိုနိုင်ပါတယ်။ Fifty Shades Darker လိင်အသားပေး ဒရာမာဇာတ်ကားရဲ့ ဇာတ်ဝင်တေးဖြစ်တဲ့ ဒီသီချင်းကို One Direction အဖွဲ့သားဟောင်း ဇေန်မာလစ်နဲ့အတူ သီဆိုထားတာဖြစ်ပါတယ်။

ကွဲပြဲကြတဲ့ စုံတွဲတစ်တွဲအဖြစ် သရုပ်ဖော်ထားပြီး နှစ်ဦးစလုံးက တည်းခိုခန်းတစ်ခုထဲမှာ ပေါက်ကွဲနေကြပုံမျိုး ရိုက်ကူးထားကြပါတယ်။ မာလစ်က ကြွေပန်းအိုးတွေကို ကြမ်းပြင်ပေါ် ပစ်ချ၊ စားပွဲနဲ့ မီးအိမ်ကို တွန်းလှဲပြီး ဆွစ်ဖ်ကတော့ မှန်ကိုခွဲ၊ ခေါင်းအုံးတွေပစ်ပေါက်၊ နှင်းဆီဖြူအရွက်တွေ ခြွေချနဲ့ပေါ့။

လန်ဒန်မှာ ရိုက်ထားတဲ့ ဒီဗီဒီယိုဖိုင်မှာ ဟိုတယ်တစ်ဝိုက် ပါပါရာဇီတွေရဲ့အရိပ်တွေ လိုက်နေတဲ့ ပုံစံမျိုး ဖန်တီးထားတာဖြစ်ပါတယ်။ ဒီအမ်တီဗီဟာ iTunes စတိုးမှာ အရောင်းရဆုံးတေးဂီတဗီဒီယို နံပါတ် ၂ နေရာကိုနာရီပိုင်းအတွင်း ရောက်သွားခဲ့ပါတယ်။



## မယ်လာနီယာ ထရမ့် ပုံကို Vanity Fair မဂ္ဂဇင်း မက္ကဆီကို ဗားရှင်း တွင် မျက်နှာဖုံးတင်

လတ်တလော မက္ကဆီကိုနှင့် အမေရိကန် တံတိုင်းကိစ္စ ပြဿနာတက်နေချိန်မှာ သမ္မတကတော် မယ်လာနီယာ ထရမ့်ရဲ့ပုံကို Vanity Fair မဂ္ဂဇင်း မက္ကဆီကိုဗားရှင်း(ပုံနှိပ်မှု) မှာ မျက်နှာဖုံးအဖြစ် ဖော်ပြခဲ့ပါတယ်။

ပန်းကန်လုံးထဲမှာ ထည့်ထားတဲ့ ရတနာတွေကို ခက်ရင်းနဲ့စားဖို့ပြင်နေတဲ့ မယ်လာနီယာ ထရမ့်ရဲ့ ပုံကိုဖေဖော်ဝါရီလထုတ် မဂ္ဂဇင်းရဲ့မျက်နှာဖုံးမှာဖော်ပြခဲ့တာပါ။ မျက်နှာဖုံးက စာကြောင်းတစ်ကြောင်းမှာ ဆိုရင် မယ်လာနီယာ ထရမ့်ကို ဂျက်ကီ ကနေဒီအသစ်လို့တောင် တင်စားဖော်ပြခဲ့ပါတယ်။




မက္ကဆီကို နဲ့ အမေရိကန် နယ်စပ်ကြား တံတိုင်းဆောက်ဖို့ အတွက် ကုန်ကျစရိတ်ကို မက္ကဆီကိုနိုင်ငံ ကပေးရမယ်လို့ ထရမ့်က ပြောတာကြောင့် မက္ကဆီကို သမ္မတ အန်ရီကီ ပီညာနီတိုက ထရမ့်နဲ့ တွေ့မယ့် အစည်းအဝေးကို ဖျက်လိုက်တဲ့နေ့မှာပဲ Vanity Fair မဂ္ဂဇင်း မက္ကဆီကို ဗားရှင်းက မျက်နှာဖုံးပုံကို တွစ်တာမှာ တင်ခဲ့တာပါ။

၂၀၁၆ ဧပြီလမှာတုန်းက GQ မဂ္ဂဇင်းက သုံးပြီးသား မျက်နှာဖုံးပုံနဲ့ ဆောင်းပါးတွေကို Vanity Fair မဂ္ဂဇင်းက ပြန်သုံးထားတာပါ။ GQ မဂ္ဂဇင်းနဲ့ Vanity Fair မဂ္ဂဇင်းတို့ကို Conde Nast ကုမ္ပဏီက ပိုင်တာကြောင့် အခုလို ပြန်သုံးခွင့်ရတာပါ။

သမ္မတထရမ့်က အရင်ကတည်းက Vanity Fair နဲ့ ရန်စရှိခဲ့ကြတာပါ။

# အာဖဂန်တွင် စာသင်ကျောင်းများကို စစ်ဘက်အခြေစိုက် စခန်းအဖြစ် အစိုးရနှင့် တာလီဘန်တို့ အသုံးပြု

**ကဘူးလ်၊ ဇန်နဝါရီ ၂၈**

အာဖဂန်နစ္စတန်တွင် စာသင်ကျောင်းများကို အစိုးရတပ်များနှင့် သူပုန်များက စစ်ဘက်ဆိုင်ရာကိစ္စများအတွက် အသုံးပြုနေခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်းနှင့် ကလေးများအတွက် ပညာရေးဆုံးရှုံးသွားနိုင်ကြောင်း ပညာရေးဌာနအာဏာပိုင်များက ပြောကြားသည်ဟု VOA သတင်းတွင် ဖော်ပြထားသည်။

"စိတ်မကောင်းစရာကတော့ အာဖဂန်နိုင်ငံအနှံ့အပြားမှာ စာသင်ကျောင်း ၃၀ ဝန်းကျင်လောက်ကို အစိုးရတပ်နဲ့ သူပုန်တွေက စစ်ရေးကိစ္စအတွက် အသုံးပြုနေတာပါပဲ"ဟု ကဘူးမှ ပညာရေးဌာန တာဝန်ရှိသူတစ်ဦးက ရေဒီယိုလစ်ဘာတီသို့ ကြာသပတေးနေ့တွင် ပြောကြားသည်။

Human Rights Watch ၏ မနှစ်က အစီရင်ခံစာတွင် 'အာဖဂန်နစ္စတန်ရှိ စာသင်ကျောင်းများသည် အစိုးရတပ်များနှင့် သူပုန်တပ်များ နှစ်မျိုးစလုံး၏ခြိမ်းခြောက်ခြင်းခံနေရကြောင်း၊ ကလေးသူငယ်များအား ကာကွယ်ရန် အခွင့်အာဏာရရှိထားသော အစိုးရတပ်များကပင် ကလေးများကို အန္တရာယ်လမ်းပေါ်သို့ တွန်းပို့နေကြောင်း' ဖော်ပြခဲ့ပြီး စာသင်ကျောင်းများအား အစိုးရတပ်၏ စစ်ရေးကိစ္စအတွက် အသုံးပြုနေခြင်းကို ရပ်ဆိုင်းရန် တိုက်တွန်းထားသည်။

အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အိုဟာမက်ရန်မာဒက်ရှ်ကမူ စာသင်ကျောင်းများကို စာသင်ကျောင်းများကို တာလီဘန်သူပုန်များ၏ သိမ်းပိုက်မှု၊ ဖျက်ဆီးမှုများမှ ကာကွယ်ပေးခြင်းသာဖြစ်ပြီး ဝင်ရောက်တပ်စွဲထားခြင်း မဟုတ်ကြောင်း ရှင်းလင်းချက် ထုတ်ပြန်သည်။

အာဖဂန်နစ္စတန် အရှေ့မြောက်ဒေသ ဘာဂလန်အလယ်ပိုင်းတွင် အနည်းဆုံး စာသင်ကျောင်း နှစ်ကျောင်းခန့်မှာ တာလီဘန်များနှင့် တိုက်ပွဲဖြစ်နေစဉ်အတွင်း အစိုးရတပ်များက အသုံးပြုနေသောကြောင့် လပေါင်းများစွာ ကျောင်းပိတ်ထားရသည်ဟု ဒေသခံများက ပြောကြားသည်။

စာသင်ကျောင်းအတွင်း အစိုးရစစ်တပ်က တပ်စွဲထားသောကြောင့် အဘူမိုဟာမက် အထက်တန်းကျောင်းကို သုံးလ၊ ပါရှာရန် အလယ်တန်းကျောင်းကို ခုနစ်လ ပိတ်ထားရပြီး ကျောင်းထဲမှ တပ်များကို ဖယ်ရှားပေးရန် စစ်ဘက်တာဝန်ရှိသူများထံ အကြိမ်ကြိမ်စာရေး တောင်းဆိုသော်လည်း အကြောင်းပြန်ကြားခြင်းမရှိဟု အမည်မဖော်လိုသော ပညာရေးဌာန တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ထို့ပြင် ဘေးသင့်ဒေသများတွင် တာလီဘန်သူပုန်များနှင့် IS အဖွဲ့တို့၏ တိုက်ခိုက်မှုများကြောင့် ရပ်ဆိုင်းထားရသော စာသင်ကျောင်းများကိုလည်း အစိုးရတပ်များက အသုံးပြုနေသည်ဟု သိရှိရသည်။

ပညာရေးဒုတိယဝန်ကြီးဟောင်း ဆီဒစ်ပက်ဒ်မန်က "ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ စာသင်ကျောင်းတွေကို စစ်ရေးကိစ္စအတွက် အသုံးပြုမှုဟာ ထုံးစံလိုဖြစ်နေပါပြီ။ နှစ်ဖက်စလုံးက အသုံးပြုနေကြတာပါ။ စစ်တပ်က အခြေခံ အဆောက်အဦးတွေ မရှိတဲ့အတွက် ပိတ်ထားတဲ့ စာသင်ကျောင်းတွေကို အခြေစိုက်စခန်းအဖြစ် အသုံးပြုနေပါတယ်" ဟု ပြောကြားသည်။

အာဖဂန်နစ္စတန်တွင် ပညာရေးဌာနသည် တာလီဘန်အုပ်ချုပ်ရေးအလွန် ပြီးခဲ့သော ၁၅ နှစ်အတွင်း ကြီးမားသော ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ပြီး မိန်းကလေးများ အပါအဝင် ကျောင်းသားသန်းပေါင်းများစွာ ကျောင်းပြန်တက်နိုင်ခဲ့သည်။

သို့သော် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေမှုကြောင့် ပညာရေးအဖွဲ့အစည်းများမှာ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်ဟု HRW လူ့အခွင့်အရေးအုပ်စုက ပြောကြားသည်။

အရှေ့ပိုင်းနာဂရာပြည်နယ်တွင် IS အဖွဲ့က ကျောင်းများကို ပိတ်ပစ်သောကြောင့် မနှစ်က ကျောင်းပေါင်း ၅၈ ကျောင်းမှ ကျောင်းသား ၃၃,၀၀၀ ခန့် ကျောင်းတက်နိုင်ခြင်းမရှိကြဟု သိရှိရသည်။ ■ F-04


Reuters




# မြောက်ကိုရီးယား ပလူတိုနီယမ်ဓာတ်ပေါင်းဖို လုပ်ငန်းလည်ပတ်မှု ပြန်စနေသည်ဟု စောင့်ကြည့်အဖွဲ့ဆို

**ပြုံယမ်း၊ ဇန်နဝါရီ ၂၇**

မြောက်ကိုရီးယားနိုင်ငံ ယုံဗြွန်းရှိ ပလူတိုနီယမ် ဓာတ်ပေါင်းဖိုလုပ်ငန်းလည်ပတ်မှုများ ပြန်လည်စတင်နေသည်ဟု ယူဆရကြောင်း ပြုံယမ်းအစိုးရ၏ လက်နက်ထုတ်လုပ်မှုကိုစောင့်ကြည့်သည့် အမေရိကန် သုတေသနအဖွဲ့တစ်ခု၏ ထုတ်ပြန်မှုကို ကိုးကားပြီး VOA သတင်းကဖော်ပြသည်။

ပြုံယမ်းသည် လက်နက်ဖန်တီးနိုင်သည့်အဆင့် ပလူတိုနီယမ်ထုတ်လုပ်နိုင်သော အသုံးပြုပြီးလောင်စာတောင့်များကို ပြန်လည်ဆယ်ယူပြီးနောက် ဓာတ်ပေါင်းဖို ပြန်လည်မောင်းနှင်ရန် ပြင်ဆင်နေသည်ဟု 38North.org ဝက်ဘ်ဆိုက်တွင် လုပ်ငန်းသုံးဂြိုဟ်တုမှ ရိုက်ကူးထားသော ဓာတ်ပုံများကို ဖော်ပြပြီးသုံးသပ်ထားသည်။

အဆိုပါစောင့်ကြည့်ဝက်ဘ်ဆိုက်ကို ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၊ နိုင်ငံတကာ အဆင့်မြင့် လေ့လာရေးကျောင်းမှ ကွပ်ကဲစီမံနေခြင်းဖြစ်သည်။ ယုံဗြွန်းဓာတ်ပေါင်းဖို ဓာတ်ပုံများကိုကြည့်လျှင် ဓာတ်ပေါင်းဖို၏ ရေအေးထွက်ပေါက်ဟု ယူဆရသောနေရာမှာရေများ လျှံတက်နေသည်ကို တွေ့နိုင်ရာ ဓာတ်ပေါင်းဖိုလည်နေခြင်းအတွက် သက်သေဖြစ်ကြောင်းယင်း ဝက်ဘ်ဆိုက်တွင် သုံးသပ်ထားသည်။

အခြားအချက်အလက်များ မရှိသောကြောင့် ဓာတ်ပေါင်းဖိုလည်ပတ်မှုနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မပြောနိုင်သော်လည်း ဂရုပြုဖွယ်အခြေအနေဖြစ်ကြောင်း သုံးသပ်ထားသည်။

မြောက်ကိုရီးယားသည် သုံးစွဲပြီး ဓာတ်ပေါင်းဖိုလောင်စာတောင့်များမှ ကွဲထွားနိုင်သော ပလူတိုနီယမ်ကို ဓာတုနည်းဖြင့် ခွဲထုတ်ဆယ်ယူရန် နျူကလီးယားပြန်လည်ထုတ်လုပ်မှု နည်းပညာကို သုံးစွဲနိုင်စွမ်းရှိနေသည်ဟု ယူဆရသည်။

၅ မီဂါဝပ် ဓာတ်ပေါင်းဖိုနှင့် အခြားအဆောက်အအုံများပါဝင်သော ယုံဗြွန်းစက်ရုံဝင်းကို ၂၀၀၇ ခုနှစ်က မြောက်ကိုရီးယားနှင့် အမေရိကန်၊ တရုတ်၊ ဂျပန်၊ ရုရှား၊ တောင်ကိုရီးယားငါးနိုင်ငံသဘောတူညီချက်ဖြင့် ပိတ်ထားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း မြောက်ကိုရီးယားသည် ၂၀၁၃ ခုနှစ်တွင် သဘောတူညီချက်ကို ချိုးဖောက်ခဲ့ပြီး စက်ရုံဝင်းအတွင်း လှုပ်ရှားမှုများ ပြန်လည် စတင်ခဲ့သည်။

ယုံဗြွန်းဓာတ်ပေါင်းဖိုမှာ သန့်စင်ရန် သို့မဟုတ် ပြန်လည်ထုတ်လုပ်ရန် လုပ်ငန်းများလုပ်ဆောင်နေကြောင်း ယမန်နှစ်ကလည်း ကုလသမဂ္ဂလက်အောက်ရှိအပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီက သုံးသပ်ထားသည်။

■ F-03

# မြေထဲပင်လယ်တွင် ရွှေ့ပြောင်းဒုက္ခသည် ၁၀၀၀ ကို အီတလီကယ်ဆယ်

**ရောမ၊ ဇန်နဝါရီ ၂၈**

မြေထဲပင်လယ်တွင် လှေများပေါ်မှ ရွှေ့ပြောင်းဒုက္ခသည် ၁၀၀၀ ခန့်ကို ကယ်ဆယ်ခဲ့ပြီး တစ်ဦးသေဆုံးသည်ဟု အီတလီကမ်းခြေစောင့်တပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားကြောင်း VOA သတင်းတွင် ဖော်ပြထားသည်။

ဂင်းရွှေ့ပြောင်းဒုက္ခသည်များကို ရော်ဘာလှေ ခြောက်စီး၊ သစ်သားလှေ သုံးစီး စုစုပေါင်း လှေကိုးစီးပေါ်မှ တွေ့ရှိခဲ့ပြီး သေဆုံးနေသောအလောင်းကိုမူ ရော်ဘာလှေပေါ်မှတွေ့ရှိခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ရွှေ့ပြောင်းဒုက္ခသည်များကို ကယ်ဆယ်ရေးလှေများပေါ်သို့ ပြောင်းတင်ကာ စစ်ဆီလီယာကမ်းခြေသို့ ပို့ဆောင်ပေးနေသည်ဟု ကမ်းခြေစောင့်တပ်က ပြောကြားသော်လည်း ဒုက္ခသည်များ၏ ကိုယ်စားပြုနိုင်ငံသားအချက်အလက်များကိုမူ အသေးစိတ်ထုတ်ပြန်ခြင်းမပြုပေ။

လစ်ဗျားမှ အီတလီသို့ဖြတ်ကူးသော ဒုက္ခသည်အများစုသည် အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှဖြစ်ကြပြီး ပင်လယ်ဖြတ်သန်းရန် ခရီးစရိတ်ကို လူကုန်ကူးသူများထံ ပေးကြရသည်။

မနှစ်က အီတလီသို့ ရွှေ့ပြောင်းဒုက္ခသည် ၁၈၀,၀၀၀ ကျော် ရောက်ရှိလာခဲ့ရာ အရေအတွက် စံချိန်တင်ခဲ့သည်။ မနှစ်က မြေထဲပင်လယ်ကို ဖြတ်သန်းရန် ကြိုးစားရင်း သေဆုံးသူ ၅၀၀၀ ကျော်ရှိသည်ဟု ကုလသမဂ္ဂက ပြောကြားသည်။ ■ F-04


VOA

အီတလီကမ်းခြေစောင့်တပ်က ကယ်တင်ထားသော ဒုက္ခသည်များ

# ဒုက္ခသည်လက်ခံမှုနှင့် မွတ်ဆလင် ခုနစ်နိုင်ငံမှ နိုင်ငံသားများ ပြည်ဝင်ခွင့်ရပ်ဆိုင်းရန် ထရမ့်အမိန့်ထုတ်




**အရပ်ဘက်လူမှုလွတ်လပ်ခွင့် လှုပ်ရှားသောအဖွဲ့အစည်းများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးပညာရှင်များကမူ ယခုအစီအစဉ်ကို ရှုတ်ချခဲ့ကြသည်**

**ဝါရှင်တန်၊ ဇန်နဝါရီ ၂၇**

ဒုက္ခသည်လက်ခံမှုနှင့် မွတ်ဆလင်လူများစုနိုင်ငံ ခုနစ်နိုင်ငံမှ ခရီးသွားဝင်ရောက်မှုအပေါ် တင်းကျပ်စွာထိန်းချုပ်ရန် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်တစ်ရပ်ကိုအမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

ထရမ့်၏မဲဆွယ်ကာလအငြင်းပွားဖွယ်ရာအကောင်းဆုံး ကတိကဝတ်တစ်ခုကို အကောင်အထည်ဖော်မှုမှာ လူ့အခွင့်အရေးအဖွဲ့များအတွက် တုန်လှုပ်ဖွယ်ဖြစ်ခဲ့ရသည်။ ထရမ့်က အမေရိကကို အစွန်းရောက်အစ္စလာမ္မစ် အကြမ်းဖက်သမားများ အန္တရာယ်မှ ကာကွယ်ရန် ဆောင်ရွက်ရခြင်းဖြစ်သည်ဟုဆိုသည်။

ပင်တဂွန်တွင် ရောက်ရှိနေသော ထရမ့်က ‘ပြည်ပအကြမ်းဖက်သမားများ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်မှုမှ ကာကွယ်တားဆီးခြင်း’ ဟုခေါင်းစဉ်တပ်ထားသောအမိန့်ကိုလက်မှတ်ထိုးပြီးနောက် ထရမ့်က “ဒါတကယ့်ကိစ္စကြီးပါ” ဟု ကြေညာခဲ့သည်။

အမိန့်ဒီကရီ အသေးစိတ်ကို အိမ်ဖြူတော်က တရားဝင် မထုတ်ပြန်ခဲ့သော်လည်း မူကြမ်းစာရွက်စာတမ်းများမှာ ယခုတစ်ပတ်အစောပိုင်းကတည်းက ပေါက်ကြားနေခဲ့ပြီးဖြစ်သည်။

အတည်မပြုနိုင်သောယင်းစာရွက်စာတမ်းများအရ ထရမ့်၏ အမိန့်ဒီကရီမှာ အမေရိကန်ဒုက္ခသည် ပြန်လည်နေရာချထားရေး စီမံချက်တစ်ခုလုံးကို အနည်းဆုံးရက် ၁၂၀ ထက်မနည်း ရပ်ဆိုင်းထားလိုက်ခြင်းဖြစ်ပြီး ပိုမိုတင်းကျပ်စွာစိစစ်မည့် စည်းမျဉ်းများပါ ပါရှိသည်ဟုသိရသည်။

ထို့ပြင် ဆီးရီးယားဒုက္ခသည်များ အမေရိကန်သို့ဝင်ရောက်ခွင့်ကို အပြီးအပိုင်ပိတ်ပင်လိုက်မှုပါ ပါဝင်ပြီး အန္တရာယ်မရှိတော့ဟု သမ္မတကိုယ်တိုင်ဆုံးဖြတ်မှသာ ပြန်ဝင်ခွင့်ပြုမည်ဖြစ်သည်။

လတ်တလောတွင် မွတ်ဆလင်လူများစုနေထိုင်ရာ နိုင်ငံများဖြစ်သည့် အီရန်၊ အီရတ်၊ လစ်ဗျား၊ ဆိုမာလီယာ၊ ဆူဒန်၊ ဆီးရီးယားနှင့် ယီမင်တို့မှ ရွှေ့ပြောင်းအခြေချသူ သို့မဟုတ် အလည်အပတ်လာရောက်သူမည်သူကိုမျှ ရက် ၃၀ အတွင်း ဗီဇာထုတ်ပေးတော့မည်မဟုတ်ပေ။

ဒုက္ခသည်များနှင့် ဗီဇာအစီအစဉ်များ ရပ်စဲထားသည့် ကာလအတွင်းလျှောက်ထားသူများ၏ နောက်ခံကိုတင်းကျပ်စွာ စိစ်ဆေးမည့် စည်းမျဉ်းသစ်များကိုဖန်တီးသွားမည်ဟု သိရသည်။

ဘာသာရေးလူနည်းစုဝင်များအတွက်မူ ချွင်းချက်အချို့ထားရှိပေးမည်ဖြစ်ပြီး ဆိုလိုသည်မှာ မွတ်ဆလင်လူများစုနိုင်ငံများမှ ဒုက္ခသည်အဖြစ် ခိုလှုံရန် ဝင်ရောက်လိုသော ခရစ်ယာန်ဘာသာဝင်များဆိုလျှင် ခြွင်းချက်ဖြင့် ဦးစားပေးဆက်ဆံမည်ဖြစ်သည်။

အရပ်ဘက်လူမှုလွတ်လပ်ခွင့် လှုပ်ရှားသောအဖွဲ့အစည်းများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပညာရှင်များကမူ ယခုအစီအစဉ်ကိုရှုတ်ချခဲ့ပြီးအစွန်းရောက်များ၏ ခြိမ်းခြောက်မှု ခံနေရသောဒေသများမှ အကြမ်းဖက်မှု ဒဏ်ခံရသူများအပေါ် လူမဆန်စွာဆက်ဆံမှုဖြစ်သည်ဟု ဝေဖန်ခဲ့ကြသည်။

“တင်းကျပ်စွာစစ်ဆေးမှု ဆိုတာ မွတ်ဆလင်တွေအပေါ်ခွဲခြားဆက်ဆံတာကို စကားလုံးအလှနဲ့ သုံးလိုက်တာပါပဲ” ဟု အမေရိကန်အရပ်ဘက်လူမှုလွတ်လပ်ခွင့် သမဂ္ဂမှ အမှုဆောင်ညွှန်ကြားရေးမှူး အန်ထိုနီရိုမီယိုက ဝေဖန်ခဲ့သည်။

မွတ်ဆလင်လူများစုနေထိုင်ရာ နိုင်ငံများကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်ရန် ဆုံးဖြတ်ခဲ့ခြင်းသည် ဘာသာရေးအရ ခွဲခြားဆက်ဆံမှုမပြုရန် အမေရိကန်အခြေခံဥပဒေက ပိတ်ပင်ထားမှုကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ရိုမီယိုက ဝေဖန်ထားသည်။

အမေရိကန်-အစ္စလာမ္မစ် ဆက်ဆံရေးကောင်စီ ရှိကာဂိုဌာနခွဲညွှန်ကြားရေးမှူး အာမက်ရီဟက်ဘ်ကလည်းယခုအမိန့်ကို ဥပဒေကြောင်းအရ စိန်ခေါ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

“ဒါဟာလူတွေကိုသူတို့ရဲ့စရိုက်လက္ခဏာ၊ သူတို့ကျူးလွန်တဲ့ ပြစ်မှုကြောင့် မဟုတ်ဘဲသူတို့ရဲ့ ကိုးကွယ်ယုံကြည်မှုနဲ့ မူလနေထိုင်ရာဒေသအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံတာပါ”ဟု ရီဟက်ဘ်က ဝေဖန်ခဲ့သည်။

၂၀၁၂ ခုနှစ်ကတာလီဘန်တို့၏ ပစ်ခတ်မှုခံခဲ့ရသော်လည်း အသက်မသေဘဲ လွတ်မြောက်ခဲ့သော ပါကစ္စတန်အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် မာလာလာယူဆွတ်ဖ်ဇိုင်ရ်ကလည်း ယခုသတင်းကြောင့် အလွန်ကြေကွဲရကြောင်း ထုတ်ပြန်ခဲ့သည်။

ကမ္ဘာပေါ်ရှိအကာအကွယ်မဲ့ဆုံး ကလေးငယ်များနှင့် မိသားစုများကို မစွန့်ပစ်ရန် မာလာလာက ထရမ့်ကိုတိုက်တွန်းခဲ့သည်။

သို့သော်လည်းယခုအမိန့်မှာ ထရမ့်ကို ထောက်ခံသူ အမျိုးသားရေးဝါဒီများ၏ တစ်ခဲနက်ထောက်ခံမှုမျိုး ရရှိနိုင်ဖွယ်ရှိသည်။ ယမန်နှစ်က မဲဆွယ်ကာလတွင် ထရမ့်က မွတ်ဆလင်အားလုံး ပြည်ဝင်ခွင့်ပိတ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် ယင်းအတိုင်း မဟုတ်သော်လည်း အနီးစပ်ဆုံး လုပ်ပြခဲ့ခြင်းဖြစ်သည်။

ယခုအစီအစဉ်များသည် အယ်လ်ကေဒါ သို့မဟုတ် IS ထောက်ခံသူများ အမေရိကန်မြေပေါ်သို့ ဒုက္ခသည်အဖြစ် အသွင်ယူ ဝင်ရောက်လာခြင်းမှ ဟန့်တားရန်ဖြစ်သည်ဟု ထရမ့်ထောက်ခံသူများက ခုခံပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဌာနက အမိမြေလုံခြုံရေးဌာနနှင့်အတူ ယခုအစီအမံသစ်များကို အကောင်အထည်ဖော်ရန် အသင့်ရှိနေကြောင်းထုတ်ပြန်ခဲ့သည်။

“သတင်း အချက်အလက်တွေရလာတာနဲ့ အမေရိကန်ကိုလာရောက်တဲ့ ခရီးသည်တွေအပေါ် သက်ရောက်တဲ့ အပြောင်းအလဲတွေကို ထုတ်ပြန်ပေးသွားပါမယ်။ ကျွန်တော်တို့ အမေရိကန်ပြည်သူတွေရဲ့ လုံခြုံရေးကိုစောင့်ရှောက်ဖို့ တာဝန်ယူရသလို ကမ္ဘာပေါ်မှာ အန္တရာယ်အကြုံရဆုံးပြည်သူတွေကိုလည်းကူညီပေးဖို့ သန္နိဋ္ဌာန်ချထားပါတယ်” ဟုပြောခွင့်ရပုဂ္ဂိုလ် မာ့ခ်တိုနာက ပြောကြားသည်။

ပင်တဂွန်တွင်ပြုလုပ်သောအခမ်းအနားတစ်ခုတွင် ယင်းအမိန့်ကိုထရမ့်က လက်မှတ်ထိုးခဲ့ခြင်းဖြစ်ပြီး ယခုအစီအစဉ်ကြောင့် ယခုဘဏ္ဍာရေးနှစ် အမေရိကန်သို့ ဝင်ရောက်လာသော ဒုက္ခသည်အရေအတွက်ကို ၁၁၀,၀၀၀ မှ ၅၀,၀၀၀ သို့ လျှော့ချနိုင်မည်ဖြစ်သည်ဟု သိရသည်။

ယင်းအမိန့်လက်မှတ်မထိုးမီ အမေရိကန်စစ်ဘက်ကိုပြန်လည်တည်ဆောက်မည့် အမိန့်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကာ ဒုသမ္မတ မိုက်ပင့်စ်က မရိန်းတပ်ဖွဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဂျိမ်းစ်မာတစ်ကို ကာကွယ်ရေးဝန်ကြီးအဖြစ် ကျမ်းကျိန်ပေးသည်ကို ကြည့်ရှုခဲ့သည်။

ထရမ့်သည် သူ့လက်ထက်အိမ်ဖြူတော်သို့ပထမဆုံးရောက်ရှိလာသော ပြည်ပခေါင်းဆောင်ဖြစ်သည့် ဗြိတိန်ဝန်ကြီးချုပ် ထရေဆာမေနှင့်လည်း ထို့နေ့တွင်ပင် တွေ့ဆုံခဲ့သည်။

■ F-03

# အရှေ့ဂျေရုဆလင်တွင် အခြေချနေအိမ် ၁၅၃ လုံးကို အစ္စရေးအစိုးရဆောက်လုပ်ခွင့်ပြု

**ဂျေရုဆလင်၊ ဇန်နဝါရီ ၂၈**

အစ္စရေးက သိမ်းပိုက်ထားသော အရှေ့ဂျေရုဆလင်တွင် အခြေချနေအိမ် ၁၅၃ လုံး ဆောက်လုပ်ရန် အာဏာပိုင်များက ခွင့်ပြုလိုက်ပြီဖြစ်ပြီး လာမည့်လများအတွင်း အရေအတွက် ထောင်ချီ၍ ပါမစ်ထပ်ပေးရန် စီစဉ်နေသည်ဟု ဂျေရုဆလင် ဒုတိယမြို့တော်ဝန်က ပြောကြားကြောင်း Aljazeera သတင်းတွင် ဖော်ပြထားသည်။

အစ္စရေးအစိုးရသည် သိမ်းပိုက်ထားသော ပါလက်စတိုင်းနယ်မြေအတွင်း နိုင်ငံတကာဥပဒေနှင့် မညီသော အခြေချအိမ်ရာထူထောင်မှု အစီအစဉ်များကို အမေရိကန်တွင် ဒေါ်နယ်ထရမ့်အစိုးရတက်လာပြီးနောက်ပိုင်း တိုးမြှင့်လျက်ရှိသည်။

ကြာသပတေးနေ့က ခွင့်ပြုချက်သည် ဂီလိုအနီးမှ အိမ်ရာများအတွက်ဖြစ်ပြီး သမ္မတအိုဘားမားအစိုးရ၏ ဖိအားပေးမှုကြောင့် ဆိုင်းငံ့ထားသော အစီအစဉ်များထဲမှတစ်ခုဖြစ်သည်ဟု ဒုတိယမြို့တော်ဝန်က ပြောကြားသည်။

လာမည့်လများအတွင်း အရှေ့ဂျေရုဆလင်တွင် နောက်ထပ် အိမ်ရာပေါင်း ၁၁,၀၀၀ ခန့်အတွက် ပါမစ်များကို ခွင့်ပြုသွားရန်ရှိသည်ဟုလည်း ၎င်းကပြောကြားသည်။

အစ္စရေးသည် ဇန်နဝါရီလ ၂၀ ရက်က ဒေါ်နယ်ထရမ့် ကျမ်းသစ္စာကျန်ဆိုမှုအပြီး နောက်ရက်များတွင် အိမ်ရာတိုးချဲ့မှုအကြီးစားအစီအစဉ်များကို စတင်ကြေညာခဲ့ခြင်းဖြစ်သည်။

အရှေ့ဂျေရုဆလင်တွင် အိမ်ရာသစ် ၅၆၆ လုံး တည်ဆောက်ရန် ခွင့်ပြုကြောင်း မြို့တော်စီမံခန့်ခွဲမှု ကော်မတီက တနင်္ဂနွေနေ့တွင် ကြေညာခဲ့ပြီးနောက် နှစ်ရက်အကြာတွင် အလားတူသိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသတွင် အခြေချအိမ်ရာ ၂၅၀၀ ဆောက်လုပ်ရန် ခွင့်ပြုကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ဥပဒေနှင့်မညီသော အစ္စရေး၏ အခြေချအိမ်ရာ အစီအစဉ်များကို ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂတို့က ပြစ်တင်ရှုတ်ချကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာထားသည်။

သမ္မတသစ်ထရမ့်က အစ္စရေးကို ခိုင်ခိုင်မာမာ ထောက်ခံကြောင်း ကတိပေးထားသောကြောင့် ဝန်ကြီးချုပ်နေတန်ယာဟူအစိုးရက အခွင့်ကောင်းယူကာ အထက်ပါအတိုင်း သွက်သွက်လက်လက် လုပ်ကိုင်လိုက်ခြင်းဖြစ်သည်။

အခြေချအိမ်ရာသစ်များသည် ပါလက်စတိုင်းတို့၏ အနာဂတ်နိုင်ငံအဖြစ် မျှော်မှန်းထားသော နယ်မြေပေါ်တွင် ဆောက်လုပ်ခြင်းဖြစ်သောကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ထိခိုက်စေပြီး အစ္စရေး-ပါလက်စတိုင်း ပြဿနာကို သက်ဆိုင်ရာနှစ်နိုင်ငံ အဖြေထုတ်နိုင်စေရန် ကြိုးစားနေသူများအား အထူးစိုးရိမ်ပူပန်စေသည်။

အခြေချအိမ်ရာတည်ထောင်မှုသည် နှစ်နိုင်ငံ အဖြေထွက်ရေး အလားအလာများကို တိုက်စားသွားလိမ့်မည်ဟု အိုဘားမားအစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းက ယခင်က သတိပေးထားသည်။ ■ F-04

အောက်ဖော်ပြပါ အကြောင်းအရာများမှာ **National Geographic** က ထုတ်ဝေသည့် **Essential Visual History of The World** စာအုပ်ကို ဘာသာပြန်ဆို ဖော်ပြခြင်းဖြစ်သည်။ အပတ်စဉ် တနင်္ဂနွေနေ့တစ်ပတ်ခြား ပုံမှန်ဖော်ပြသွားမည်ဖြစ်သည်။

# အရှေ့ပိုင်း ဥရောပ

## ၁၅၀၀-၁၈၀၀



ဘိုဟီးမီးယားနှင့် ဟန်ဂေရီမှ လူးဝစ် ၂

ပိုလန် ဂါဂျီလိုနီယန်မင်းဆက်ကို ၁၅၇၂ ခုနှစ်တွင် ဖျက်သိမ်းလိုက်ပြီးနောက်တွင် ဘုရင်များ၏ ဩဇာသည် သူကောင်းမျိုးများ ဩဇာနှင့်ယှဉ်လျှင် လျော့ကျသွားသည်။ ပိုလန်၏အိမ်နီးချင်းနိုင်ငံများကြား ပါဝါပြိုင်ပွဲတွင် ပိုလန်သည် စစ်မြေပြင်ဖြစ်လာပြီး ၁၇၉၅ ခုနှစ်တွင် ပိုလန်နိုင်ငံကို ခွဲဝေယူခံခဲ့ရသည်။ ဘိုဟီးမီးယား၊ ဟန်ဂေရီတို့တွင် ဂါဂျီလိုနီယန်နယ်မြေများကို ဩစတြီးယား ဟတ်ဇဘတ်တို့ကို ရယူခဲ့ကြသည်။ ကက်သလစ်မဟုတ်သည့် လူနည်းစုများအပါအဝင် ဘိုဟီးမီးယား သူကောင်းမျိုးတို့သည် ဟတ်ဇဘတ်အုပ်စိုးမှုကို ခုခံခဲ့ကြပြီး ၎င်းတို့၏လွတ်လပ်ခွင့်ကို ထိန်းသိမ်းခဲ့ကြသည်။ သို့သော် နောက်ဆုံးတွင် ဟတ်ဇဘတ်တို့သည် နှစ်သုံးဆယ်စစ်ပွဲအပြီးတွင် ၎င်းတို့၏ ဩဇာကို ဘိုဟီးမီးယားတွင် တည်ထောင်နိုင်ခဲ့သည်။ အော်တိုမန်တို့၏အုပ်စိုးမှုအောက်တွင် လွတ်လပ်မှု အတော်အတန်ရရှိခဲ့သည့်ဟန်ဂေရီတို့သည် ဩစတြေးယားအုပ်စိုးမှုအောက်ကူးပြောင်းခဲ့သည့် ၁၇ ရာစုတွင် အထူးအခွင့်အရေး အချို့ပေးအပ်ခံခဲ့ရသည်။

## ဟတ်ဇဘတ်တို့၏ ထိမ်းမြားမှုနိုင်ငံရေး



ဟတ်ဇဘတ် ဧကရာဇ် မက်စီမီလန် ၁

ဟတ်ဇဘတ်ဧကရာဇ် မက်စီမီလန် ၁ သည် ၎င်း၏ မြေးတော်များကို ဘိုဟီးမီးယားနှင့် ဟန်ဂေရီဘုရင် လဒီစလော ၂ ၏ သားသမီးများနှင့် ၁၅၁၅ ခုနှစ်တွင် ထိမ်းမြားပေးခဲ့သည်။ ၁၅၂၆ ခုနှစ်တွင် နောက်ဆုံးသော ဂါဂျီလိုနီယန်ဘုရင် လူးဝီ ၂ သည် အော်အိုမန်များကို မိုဟတ်စစ်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။ ယင်းကို ၎င်း၏ သမက် နောက်ပိုင်းတွင် ဧကရာဇ် ဖာဒီနန် ၁ ဟု ကျော်ကြားလာသူက ဆက်ခံခဲ့သည်။ ၎င်းသည် ဘိုဟီးမီးယားနှင့် ဟန်ဂေရီ-ဩစတြီးယား နယ်စပ်ဒေသတွင်းအထိ တိုးချဲ့ခဲ့သည်။ ကျန်ရှိနေသေးသည့် ဟန်ဂေရီနယ်များကို အော်တိုမန်မင်းသားများက ထိန်းချုပ်ခဲ့သည်။ များစွာသော ပရိုတက်စတင့် ဟန်ဂေရီများသည် ကက်သလစ်အယူသီးသည့် ဟတ်ဇဘတ်များ အုပ်စိုးမှုထက် ဘာသာရေးလွတ်လပ်မှုကို နှိုင်းယှဉ်ခြင်းဖြင့် ပိုမိုသည်းခံသည့် အော်တိုမန်အုပ်စိုးမှုကို လိုလားခဲ့ကြသည်။



ပိုလန် သူကောင်းမျိုးများ

## သူကောင်းမျိုးများ၏ သမ္မတနိုင်ငံတော်

ပိုလန် နိုင်ငံတွင် ဆွေစဉ်မျိုးဆက် ထီးနန်းဆက်ခံသည့် ဘုရင်စနစ်မရှိဘဲ သူကောင်းမျိုးများကသာ ဘုရင်ကို ရွေးချယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရင်သည် သူကောင်းမျိုးများ၏ ထောက်ခံမှုရရှိရန် ၎င်းတို့ကို ခွင့်ပြုမှုများပေးအပ်ရလေ့ရှိသဖြင့် သူကောင်းမျိုးများ ဩဇာကြီးထွားခဲ့သည်။ ၁၆၂၅ ခုနှစ်မှစတင်ပြီး သူကောင်းမျိုးတို့သည် ဗီတို အာဏာကို ရယူလာသည်။ ဘုရင်များသည် ဗဟိုချုပ်ကိုင်သည့် အာဏာမရှိဘဲ သူကောင်းမျိုးများက ၎င်းတို့၏မြေယာများကို လွတ်လပ်စွာ အုပ်စိုးခဲ့သည်။



ပိုလန်ဘုရင်ကို ရွေးကောက်ခြင်း

## ရွေးကောက်သူဘုရင်

ပိုလန်ကို အားပျော့စေချင်ခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများသည် ဘုရင်ကို ရွေးကောက်ပွဲတွင် လာဘ်ငွေပေးခြင်း၊ ဖိအားပေးခြင်းဖြင့် ဝင်ရောက်စွက်ဖက်ခဲ့ကြသည်။ ၁၆၈၃ ခုနှစ် ဗီယင်နာကို ဝန်းရံစဉ်အတွင်း အော်တိုမန်များကို အောင်နိုင်ခဲ့သည့် ဘုရင်ဂျွန် ၃ ဆဘာဇကီးသည် ၁၆၉၇ ခုနှစ်တွင် သေဆုံးခဲ့သည်။ ယင်းနောက် ပေါ်ပေါက်လာသည့် ရွေးကောက်ပွဲတွင် သေဆုံးသွားပြီးဖြစ်သည့် ဘုရင်မင်းမြတ်၏သားတော်သည် ဘုရင်အဖြစ် တင်မြှောက်မခံခဲ့ရပေ။ ယင်းနောက်တွင် ဂျာမန်ရွေးကောက်သူ ဆက်ဇွန်မှ မဟာ ဩဂတ်ကို အခြားသော သူကောင်းမျိုးတို့က ပိုလန်ဘုရင်အဖြစ် ရွေးကောက်ခဲ့ကြသည်။ အခြားသော ကိုယ်စားလှယ်လောင်း ၁၈ ဦး ရှိသည့်အနက် ရုရှားနှင့် ဩစတြီးယား၏ ဖိအားပေးမှုကြောင့် ယင်းသို့ ရွေးကောက်လိုက်ခြင်းဖြစ်သည်။

## ပိုလန်ကို ပိုင်းဝေခြင်း

ပိုလန်ဘုရင်ဖြစ်သူ စတာနီစလော ၂ ပိုနီယာတောစကီးသည် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ခြင်းဖြင့် အာဏာကို ချုပ်ကိုင်ရန် ကြိုးပမ်းခဲ့သည်။ ယင်းပြုပြင်မှုများတွင် သူကောင်းမျိုးများ၏ ဗီတိုအာဏာကို ဖယ်ရှားခြင်းတို့ ပါဝင်သည်။ သို့သော် ယင်းကဲ့သို့ လုပ်ဆောင်မှုများကို ရုရှားနှင့်ပရပ်ရှားက သူကောင်းမျိုးများကြားတွင် မကျေနပ်မှုနှင့် မတည်ငြိမ်မှုများ ပေါ်ပေါက်လာစေရန် လှုံ့ဆော်ပေးခြင်းဖြင့် နှောင့်ယှက်ခဲ့သည်။ ယင်းသို့ဖြင့် သူကောင်းမျိုးများကြား ပြည်တွင်းစစ် ပေါ်ပေါက်ခဲ့သည်။ ပိုလန်ကို ပထမအကြိမ် ခွဲခြားပိုင်းဝေသည့် ၁၇၇၂ ခုနှစ်တွင် ရုရှား၊ ပရပ်ရှားနှင့် ဩစတြီးယားတို့သည် ကြီးမားသည့်နယ်မြေများကို သိမ်းယူခဲ့သည်။ ပြုပြင်ပြောင်းလဲမှုအသစ်များ ထပ်မံလုပ်ဆောင်ပြီးသည့်နောက်တွင်လည်း ပြည်တွင်းစစ် ထပ်မံပေါ်ပေါက်လာခဲ့သည်။ ယင်းသို့ဖြင့် ၁၇၉၅ ခုနှစ်အတွင်း နယ်မြေပိုင်းယူမှုနှစ်ကြိမ် ထပ်မံပေါ်ပေါက်ခဲ့သည်။



ပိုလန်နိုင်ငံကို ရုရှား၊ ပရပ်ရှားနှင့် ဩစတြေးယားတို့ ပိုင်းဝေယူခဲ့သည်

## အချိန်ပြမျဉ်း

- ၁၃၈၆-၁၅၇၂- ပိုလန်-လစ်သူရေးနီးယား တွင် ဂါဂျီလိုနီယန် မင်းဆက်
- ၁၄၅၈-၁၄၉၀- ဟန်ဂေရီ မတ်တီယတ် ကော်ဗီယက် အုပ်စိုး၊ ဩစတြီးယားနှင့် ဘိုဟီးမီးယားကို အစိတ်အပိုင်းများကို သိမ်းယူ
- ၁၄၇၁/၁၄၉၀-၁၅၂၆- ဘိုဟီးမီးယား နှင့် ဟန်ဂေရီတွင် ဂါဂျီလိုနီယန် အုပ်စိုး
- ၁၅၂၆- မိုဟတ်တိုက်ပွဲ၊ ဟန်ဂေရီ ကို အော်တိုမန် သိမ်းပိုက်
- ၁၅၂၆- ဘိုဟီးမီးယား နှင့် ဟန်ဂေရီကို အုပ်စိုးဟု ဟတ်ဇဘတ် ထုတ်ပြန်
- ၁၆၁၈-၁၆၄၈- နှစ်သုံးဆယ် စစ်ပွဲ
- ၁၆၇၄-၁၆၉၆- ပိုလန် တွင် ဂျွန် ၃ ဆဘာဇကီး အုပ်စိုး
- ၁၆၉၇-၁၇၃၃-ပိုလန် ဘုရင် အဖြစ် မဟာ ဩဂတ် အုပ်စိုး
- ၁၆၉၉- ဟန်ဂေရီ တွင်းရှိ အော်တိုမန်များကို ဩစတြီးယား မောင်းထုတ်
- ၁၇၃၃-၁၇၃၅။၁၇၃၈- ပိုလန် ဆက်ခံရေး စစ်ပွဲ
- ၁၇၆၄-၁၇၉၅- နောက်ဆုံးသော ပိုလန် ဘုရင် စတာနီယတ်လတ် ၂ ပိုတီယာတိုစကီး အုပ်စိုး
- ၁၇၇၂-၁၇၉၅- ပိုလန်ကို ခွဲဝေ

# ဒေဝဒတ်ဇာတ်နိဂုံး

ဗုဒ္ဓကိုပြိုင် နိုင်ချင်လွန်းသည့် စိတ်ဓာတ်များဖြင့် ဒေဝဒတ် ပူလောင်နေသည်။ သံဃာကို ဂိုဏ်းခွဲပြီး 'ခေါင်းပါးသောအကျင့်' ဖြင့် တစ်စင်ထောင်သည်။ ရှင်ဒေဝဒတ်က သူ့ထံတွင်ရှိနေသည့် တပည့်လက်ရင်းကြီးများဖြစ်သော ရှင်ကောကာလိက၊ ရှင်ကဋ္ဋမောဒကတိဿက၊ ရှင်သမုဒ္ဒဒတ္တတို့၏အကူအညီ အထောက်အပံ့များဖြင့် ဗုဒ္ဓရှိရာအရပ်ဖြစ်သော ရာဇဂြိုဟ်မှ သံဃာငါးရာကိုခေါ်ကာ ခွဲထွက်သွားလေတော့သည်။

ဒေဝဒတ်က သူ၏ဟုတ်နိုးနိုးတရားတို့ကို တပည့်အပေါင်းအား ဟောကာ သံဃာဂိုဏ်းခွဲလိုက်ခြင်းဖြစ်သည်။ ရုတ်ခြည်းကြည့်လျှင် သူပြောသည့် တရားများက ဟုတ်သယောင်။

"ငါ့ရှင်တို့ ငါသည် ဘုရားရှင်အား အသက်ရှည်သမျှ ကာလပတ်လုံး တောကျောင်း၌သာ နေထိုင်ရန် တောင်းဆိုသည်။ ဆွမ်းကိုလည်း လုံလောက်ရုံသာခံပြီး ဘုဉ်းပေးမည်။ ဒါယကာ ဒါယိကာမတို့လှူသော သင်္ကန်းကိုမသုံး၊ လမ်းဘေးပစ်ထားသည့် မြေမှုန့်အလိမ်းလိမ်းကပ်နေသော ပံ့သကူသင်္ကန်းကိုသာ သုံးမည်၊ ကျောင်းသင်္ခမ်းနှင့်မနေ။ တောအရပ်တွင် သစ်ပင်ရင်း၌သာ နေထိုင်မည်။ ငါးအမဲတို့ကို မစားသောက်ရန် လျှောက်ထားသော်လည်း ငါ့စကားကို ပယ်ရှားစွန့်ပယ်ခဲ့သည်။ ထို့ကြောင့် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်လိုသူတို့သည် ငါကျင့်သကဲ့သို့ကျင့်ရန် ငါ့နောက်ကို လိုက်ခဲ့ကြလော့" ဟုခေါ်ပြီး ဂယာသီသသို့ ထွက်ခွာသွားလေတော့သည်။

ဒေဝဒတ်၏စကားတို့ကို ပညာဉာဏ်နည်းသည့် ရဟန်းငယ်များက အဟုတ်မှတ်ကာ လိုက်သွားခဲ့ကြသည်။ ဝဇ္ဇီတိုင်းသား ရဟန်းငယ်ငါးရာ ရှင်ဒေဝဒတ်နောက်ကို ပါသွားကြောင်း ဗုဒ္ဓကကြားလျှင် တပည့်ကြီးများဖြစ်သည့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကို ထိုရဟန်းတို့အား သွားပြန်ခေါ်ခဲ့ရန် တာဝန်ပေးလိုက်သည်။ တပည့်ရင်းကြီးများအပေါ် ယုံကြည်တော်မူသည့်စိတ်ဖြင့် စေလွှတ် တာဝန်ပေးလိုက်ခြင်းဖြစ်သည်။ ဗုဒ္ဓက -

"အကျင့်နုပ်စွာ ယုတ်မာသူသည်၊ ပါပညစ်ကျူ မကောင်းမှုကို အမြိုက်သုဓာပမာ ထင်ရှုပြုလွယ်ပေ၏။ ဖြူစင်နှလုံး ကျင့်သုံးပေရှောင်း သူတော်ကောင်းသည် ယုတ်မာညစ်ကျူ မကောင်းမှုကို အဆိပ်ပမာ ကြောက်ရွံ့ကာဖြင့် လွန်စွာပြုကျင့်နိုင်ခဲ့၏" ဟု မိန့်တော်မူလိုက်ပါသည်။

ဂယာသီသတွင် ရှင်ဒေဝဒတ်သည် လွန်စွာပီတိဖြစ်နေသည်။ ဗုဒ္ဓရှင်တော်မြတ် တရားဟောသကဲ့သို့ ငါလည်း ဟောကြားနိုင်ပြီ။ ဗုဒ္ဓတွင် တရားပရိသတ်ရှိသလို ငါ့ထံတွင်လည်း ရှိနေပြီ။ ငါ၏ ခေါင်းပါးသောအကျင့်ကို သံဃာအပေါင်း နှစ်ထောင်းအားရရှိနေသည်။ ငါသည် မကြာမီ ခေါင်းပါးသောအကျင့်မြတ်ဖြင့် ဗုဒ္ဓကို ယှဉ်ပြိုင်နိုင်လောက်အောင် အစွမ်းရှိပေတော့မည်ဟု ပီတိဖြစ်ကာ မာန်တက်လျက်ရှိလေသည်။

ဂယာသီသသို့ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ရောက်လာသည်။ ရဟန်းငါးရာက ငါတို့လို ခေါင်းပါးသော အကျင့်ကို ကျင့်ရန် အရှင်မြတ်နှစ်ပါး လိုက်လာပြီဟုဆိုကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ ဒေဝဒတ်ကလည်း ငါ့ထံကို အရှင်မြတ်နှစ်ပါး နောက်ဆုံးတော့ လာရောက်ပူးပေါင်းကြပြီဟု ပီတိဖြစ်နေသည်။

အရှင်မြတ်နှစ်ပါးသည် ရဟန်းတို့အား ဘုရားရှင် ဟောကြားလိုက်သည့်တရားများနှင့်တကွ ဒေသနာတည်း ဟူသည့် ပါဋိဟာရိယဖြင့် ဆုံးမခြင်း၊ တန်ခိုးတည်းဟူသော ပါဋိဟာရိယဖြင့် ဆုံးမခြင်းများကို ပြုတော်မူပါသည်။ ကြည်နူးစိတ်ချမ်းသာဖွယ်ရာ တရားမြတ်များကို ဟောကြားပြီးနောက် အရှင်မြတ်နှစ်ပါးသည် ရာဇဂြိုဟ်သို့ ပြန်ကြွသွားလေသည်။ ရဟန်းတို့လည်း အကျွတ်တရား နောင်တများရကာ ရာဇဂြိုဟ်သို့ပြန်ကြလေတော့သည်။

ဒေဝဒတ်တပည့် ကောကာလိကသည် အလွန်အမင်း စိတ်ဆိုးဒေါသထွက်နေသည်။ သူတို့ တစ်စင်ထောင်ပြီး ဆရာလုပ်ရန် ကြံစည်ထားသမျှ ပျက်စီးခြင်းသို့ရောက်ရလေပြီ။ အရှင်နှစ်ပါး ရောက်လာကတည်းက မယုံကြည်ရန် ဒေဝဒတ်ကို သူသတိပေးသည်။ သို့သော် -

"ငါ့ထံကိုရောက်လာသည်မှာ ငါ့အကျင့်တို့ကို ယုံကြည်သောကြောင့်သာဖြစ်မည်"ဟုဆိုပြီး တရားဟောခွင့်ပေးကာ လာအိပ်နေသည်။ ခုတော့ဖြင့် တစ်ပါးမှ မရှိတော့ပြီ။ အခြေအရံမရှိသော ဆရာကြီးများဘဝ မည်မျှ ရှက်စရာကောင်းလိုက်သနည်း။

ကောကာလိကသည် ဒေဝဒတ်ရှိရာသို့ အကျိုးအကြောင်းလာပြောသည်။ ဒေဝဒတ်သည် နှစ်ခြိုက်စွာ အိပ်မောကျနေသည်။ ကောကာလိက လွန်စွာစိတ်ဆိုးသွားသည်။

"ငါတို့မှာ သင့်အားကိုးနှင့် သံဃာကို သင်းခွဲပြီး တစ်စင်ထောင်နိုင်စေရန် ကြိုးစားနေသည်။ သင်က အိပ်နေသည်။ သင်သည် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အပေါ် ယုံကြည်လွန်းသောကြောင့် သင့်တပည့်များ မရှိတော့ပြီ။ သူတို့သည် သွေးဆောင်နိုင်ကြောင်း ငါပြောသည်ကို သင်အလေးမထား၊ ခုတော့ ဘာတတ်နိုင်သေးသနည်း။ ဆိုးရွားလွန်းလှသည့် ရှင်ဒေဝဒတ် သေပေရော့"

ကောကာလိကသည် အိပ်ပျော်နေသော ရှင်ဒေဝဒတ်၏ ရင်ဝတည့်တည့်ကို ဖနောင့်ဖြင့် ပေါက်လိုက်လေသည်။ လွန်စွာ ပြင်းထန်လှသည့် ဖနောင့်ဒဏ်ကြောင့် ဒေဝဒတ်သည် သွေးပွက်ပွက်အံသည်။

ဝေဒနာကိုပြင်းထန်စွာ ခံစားနေရသည့် ဒေဝဒတ်ဘေးနားတွင် တပည့်ရင်း အနည်းငယ်သာ ကျန်တော့သည်။ ရင်ဝတွင် ဖနောင့်ဒဏ်ကြောင့် နာကျင်သည်ထက် ဆိုးသည့်ဝေဒနာမှာ တပည့်သံဃာ အခြေအရံနည်းပါးခြင်း၊ သူဟောပြောသမျှကို မယုံကြည်ကြတော့ခြင်းဖြစ်သည်။

ဒေဝဒတ်သည် ကိုးလတိုင်တိုင် ဝေဒနာများကို ခံစားနေရသည်။ တပည့်အနည်းငယ်ဖြင့် မကျန်းမာသော ဝေဒနာကို ခံစားနေရာက ထူးဆန်းစွာ ဆန္ဒတစ်ခုဖြစ်မိသည်။

"ငါမှားပြီ။ ငါသည် ရှင်ကြီးဂေါတမအပေါ် ပြစ်မှားမိပြီ။ ဘဝအဆက်ဆက် ပြုမိသော အမှားများအတွက် နောက်ဆုံးအနေနှင့် ဖူးမြော်တောင်းပန်လိုက်ချင်ပါဘိ"

ဒေဝဒတ်သည် စိတ်ထဲတွင် ဖြစ်လာမိသည့်ဆန္ဒအတိုင်း တပည့်များကိုထုတ်ပြောပြီး ဗုဒ္ဓထံပို့ပေးရန် တောင်းဆိုလိုက်သည်။

"ငါ့ရှင်တို့ ငါ့ကို ဘုရားရှင်ထံ ပို့ပေးကြပါတော့"

ဒေဝဒတ်သည် လုံးဝလမ်းလျှောက်နိုင်သည့် အနေအထားတွင်မရှိတော့။ တပည့်အပေါင်းက ညောင်စောင်းဖြင့် တင်ကာ ထမ်းလာကြသည်။

တပည့်အပေါင်းသည် ဇေတဝန်ကျောင်းအနီးရောက်လာပြီးနောက် ရေကန်ကြီးတစ်ကန် အနီးတွင် မိမိတို့ကိုယ်ကို သန့်စင်ပြီးမှ ဗုဒ္ဓထံဝင်တွေ့ရန် ဆုံးဖြတ်ကြပြီး ကန်ထဲတွင် ရေဆင်းချိုးကြသည်။ ကန်စောင်းတွင် ညောင်စောင်းကို ချထားခဲ့ပြီးရေချိုးနေစဉ် ဒေဝဒတ်သည် ညောင်စောင်းမှထကာ ခြေနှစ်ဖက်ကို မြေပြင်သို့ ချပြီး ထရပ်လေသည်။

ဒေဝဒတ်သည် ရပ်သောနေရာတွင် မြေထဲသို့ တစ်ဆင့်ပြီးတစ်ဆင့် နစ်ဝင်သည်။ နောက်ဆုံး လက်အုပ်အစုံချီပြီး

"တရားမင်းဘုရားကို အကျွန်ုပ်သည် ဤအရိုး၊ ဤအသက်တို့ဖြင့် လက်ယုက်တင်မိုး ဦးညွှတ်လျှိုးကာ ရှိခိုးပါ၏ဘုရား" ဟု နောက်ဆုံးစကားကိုဆိုပြီးနောက် မြေတွင်လုံးဝ နစ်မြုပ်ခြင်းဘဝ ရောက်ရတော့သည်။

(ရည်ညွှန်း - အရှင်စန္ဒိမာ စီစဉ်ရေးတော်မူသည့် ဓမ္မပဒဝတ္ထုတော် - ပဌမတွဲ၊ ရှင်ဒေဝဒတ်ဝတ္ထု) ■

# သင်္ဘောသီးထောင်း

**ဒီ တစ်ပတ်တော့ ကိုယ့်အိမ်မှာပဲ အလွယ်တကူနဲ့ လုပ်စားနိုင်မယ့် သင်္ဘောသီးထောင်း လုပ်နည်းလေးကို ပြောပြချင်တယ်။**



အရင်ဆုံး သင်္ဘောသီးအစိမ်းကို အခွံခွာပေးပြီး ခြစ်နဲ့ပါးပါးလေးတွေ ခြစ်ပေးထားပါ။ သင်္ဘောသီးတွေ ကြွပ်ကြွပ်လေးဖြစ်အောင် ပန်းကန်လုံးထဲမှာ ရေနဲ့ဆားကို ရောထည့်ပြီး နာရီဝက်လောက် ရေစိမ်ထားပါ။ ပြီးရင် ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်း၊ ငရုတ်သီးအလှော်တောင့်၊ ထန်းလျက်တို့ကို ငရုတ်ဆုံထဲမှာ ရောထည့်ပြီး ညက်နေအောင် ထောင်းပေးပါ။ မြေပဲကိုတော့ မညက်တညက် ထောင်းထားပါ။ ပြီးရင်တော့ မန်ကျည်းသီးကို ရေနွေးထည့်ပြီး စိမ်ထားပါ။ ပဲတောင့်ရှည်၊ ခရမ်းချဉ်သီးနဲ့ ခရမ်းကြွပ်သီးတို့ကို လှီးထားပေးပါ။ ပြီးရင် ခုန ရေစိမ်ထားတဲ့ သင်္ဘောသီးတွေနဲ့ လှီးထားတဲ့အသီးအနှံတွေကို ငရုတ်ဆုံထဲမှာ ထပ်ထည့်ပြီး ထောင်းပေးပါ။ အရသာအတွက် ထိုင်းပုစွန်စိမ်းစားငါးပိ၊ ဝေ့ချွမ်ဟင်းရွက်ဟင်းချိုမှုန့်၊ ဆားနဲ့ ခုန ရေနွေးစိမ်ထားတဲ့ မန်ကျည်းရည်တို့ကို ထပ်ထည့်ပြီးထောင်းပေးပါ။ အားလုံးပြီးသွားရင်တော့ ပန်းကန်ထဲမှာထည့်ပြီး အပေါ်ကနေ ပုစွန်ခြောက်နဲ့ သံပရာရည်ညှစ်ပေးလိုက်တာနဲ့ ကိုယ်တိုင်လုပ်ထားတဲ့သင်္ဘောသီးထောင်းကို စားနိုင်ပါပြီ။ သင်္ဘောသီးထောင်းကို အရွက်တွေနဲ့ တွဲဖက်စားချင်ရင် ကန်စွန်းရွက်၊ ဂေါ်ဖီထုပ်တွေနဲ့ တွဲဖက်စားနိုင်မှာဖြစ်ပါတယ်။

## ပါဝင်ပစ္စည်း

သင်္ဘောသီး၊ ခရမ်းချဉ်သီး၊ ပဲတောင့်ရှည်၊ ခရမ်းကြွပ်သီး၊ ဝေ့ချွမ်ဟင်းရွက်ဟင်းချိုမှုန့်၊ ဆား၊ မန်ကျည်းသီး၊ ယိုးဒယားပုစွန်စိမ်းစားငါးပိ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်း၊ ငရုတ်သီးအလှော်တောင့်၊ ထန်းလျက်၊ ကန်စွန်းရွက်၊ ဂေါ်ဖီထုပ်၊ ပုစွန်ခြောက်နဲ့ သံပရာသီးတို့ပါဝင်ပါတယ်။



# Photo Essay

## တီးတိန်မြို့နယ်က ရှာလ်လုမ်းခံတပ်

ဓာတ်ပုံ - ငြိမ်းသူမင်း

**ချင်း** ပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိ ရှာလ်လုမ်းခံတပ်သည် ၁၈၈၉ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သည်။ ချင်းတောင်တန်းထုတ်လိုင်ရွာတွင် တပ်စခန်းချနေသော အင်္ဂလိပ်တို့ကို တိုက်ခိုက်ရန်အတွက် ဘွင်မန်ရွာ တိုက်သူကြီးဦးလျင့်ကမ်းဦးဆောင်သော စီးယင်းတော်လှန်ရေးတပ်ဖွဲ့သည် ဝေါ့လုံ့ရွာ နယ်မြေ ရှာလ်လုမ်းရွာတွင် မြေကတုတ်ခံတပ်ကြီးများ တည်ဆောက်ကာ နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ခိုက်ခဲ့သည့်နေရာကို ယခုအခါ ရှာလ်လုမ်းခံတပ်အဖြစ် တွေ့ရှိရသည်။



★ ရှာလ်လုမ်းခံတပ်အနီး ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၅၀၀၀ ကျော်တွင်တည်ရှိသည့် ဝေါ့လေ့ါ်ရွာကို အပေါ်စီးမှ မြင်တွေ့ရစဉ်



★ ရှာလ်လုမ်းခံတပ် ဝင်ပေါက်နေရာ



★ ခံတပ်အတွင်းမှ ဆက်သွယ်ရေးတူးမြောင်း





★ ရှာလ်လုမ်းခံတပ် ဖြစ်ပေါ်လာသည့်သမိုင်းကြောင်းကို ရေးထိုးထားသည့် ကျောက်စာများ



★ ရှာလ်လုမ်းခံတပ်အတွင်းရှိ ကတုတ်ကျင်း အမှတ် (၃) ဝင်ပေါက်



★ ရှာလ်လုမ်းခံတပ် တိုက်ပွဲတွင် ကျဆုံးသွားသည့် ချင်းတော်လှန်ရေးအဖွဲ့မှ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၈ ဦး၏ ဂူဗိမာန်များ



★ ရှာလ်လုမ်းခံတပ်အတွင်းရှိ စိမ့်စမ်းရေထွက်ရှိနေသည့် ကျောက်တောင်



★ ရှာလ်လုမ်းခံတပ်အတွင်းရှိ ကတုတ်ကျင်းအမှတ် (၃) အတွင်းမှ အပြင်ဘက်သို့ မြင်ရသည့်မြင်ကွင်းနှင့် အမှတ်(၃) ကတုတ်ကျင်းကို ထွက်သည့် အပေါက်မှ မြင်တွေ့ရစဉ်



★ ရှာလ်လုမ်းခံတပ် ထွက်ပေါက်နေရာ

# International Ambassador Scholarships



University of West London

ဗြိတိန် နိုင်ငံ University of West London (UWL) တွင် တက်ရောက်ပညာသင်ကြားခွင့်ရမည့် အခွင့်အရေးဖြစ်သည်။ ပေးအပ်မည့်ဘွဲ့များမှာ Bachelors/ Masters Degree ဖြစ်သည်။ နှစ်စဉ် ဇူလိုင်လတွင် လျှောက်လွှာပိတ်သည်။ ၂၀၁၇ ခုနှစ်အတွက် ဇူလိုင်လ ၁၆ ရက်နေ့ နောက်ဆုံးထားလျှောက်ရန်ဖြစ်သည်။ သင်တန်းမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် စတင်မည် ဖြစ်သည်။

ပညာသင်ဆုအတွက် West London တက္ကသိုလ်က အပြည့်အဝအထောက်အပံ့ပေးပါသည်။ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများကို အချိန်ပြည့် တက်ရောက်ကြရမည်ဖြစ်သည်။

ပညာသင်ဆုအတွက် သတ်မှတ်ထားသူ ကျောင်းသားဦးရေမှာ ၅၀ ဦးဖြစ်သည်။ EU အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများမှ ကျောင်းသား ကျောင်းသူအားလုံး လျှောက်ထားခွင့်ရှိသည်။

ပညာသင်ဆုအတွက် ထောက်ပံ့မည် ငွေကြေးပမာဏမှာ စတာလင်ပေါင် ၅၀၀၀ ဖြစ်သည်။ သင်တန်းကြေး လျှော့ပေါ့စဉ်းစားခြင်းကို ပထမနှစ်အတွက်သာ ခွင့်ပြုပေးပါသည်။

လျှောက်ထားသူများသည် -

- UWL က ကမ်းလှမ်းခေါ်ယူသည့် ခေါ်စာများကို ဘွဲ့နှစ်ခုစလုံးအတွက် လျှောက်ထားသူများသည် ရရှိထားပြီး ဖြစ်ရမည်။

- ပညာရေးတွင် စိတ်ဝင်စားမှုရှိပြီး ထူးချွန်သည့် Ambassador အဖြစ် သတ်မှတ်ခြင်းခံရသူများကိုသာ ဤပညာသင်ဆုကို ပေးအပ်ချီးမြှင့်လေ့ရှိပါသည်။

ရွေးချယ်ခြင်းခံထားရသူများ၏ လျှောက်လွှာများကို University of West London သို့ ၂၀၁၇ ခုနှစ် စက်တင်ဘာလမတိုင်မီ ပေးပို့ကြရမည်ဖြစ်ပါသည်။ တက်ရောက်သင်ကြားလိုကြောင်း လျှောက်လွှာများကို ၂၀၁၇ ဇူလိုင် ၁၆ ရက်နေ့မတိုင်မီ ပေးပို့ရန်ဖြစ်သည်။

အသေးစိတ်ကို -

http://www.uwl.ac.uk/international/fees_and_scholarships/International_Ambassador_Scholarships.jsp တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

■

**E01**

---

# The Denys Holland Scholarship



University College London

University College London တွင် တက်ရောက်ပညာသင်ကြားခွင့်ရမည့် အခွင့်အရေးဖြစ်သည်။ ပေးအပ်မည့်ဘွဲ့မှာ Bachalors Degree ဖြစ်သည်။ နှစ်စဉ် ဇူလိုင်လတွင် လျှောက်လွှာပိတ်သည်။ ယခုနှစ်အတွက် လျှောက်လွှာကို ဇူလိုင် ၇ ရက်နေ့တွင် နောက်ဆုံးထားပြီး တင်သွင်းရန်ဖြစ်သည်။ သင်တန်း ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် စတင်မည်ဖြစ်သည်။

The Denys Holland Scholarship သည် နိုင်ငံတကာမှ အထက်တန်းအဆင့် ပညာများသင်ကြားပြီးသည့် ကျောင်းသား ကျောင်းသူတိုင်းကို University College London (UCL) တွင်ဆက်လက်ပညာသင်ယူခွင့်ရစေနိုင်ရန် အထောက်အကူပြုပေးထားသည့် ပညာသင်ဆုဖြစ်ပါသည်။ အထူးသဖြင့် UCL နှင့် ကျောင်းသားသမဂ္ဂတို့က သတ်မှတ်ပေးထားသည့် လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရရှိပြီး အတွေ့အကြုံသစ်နှင့် ပညာများရစေရန် ဦးတည်ဖွင့်လှစ်ပေးသော ပညာသင်ဆုလည်းဖြစ်ပါသည်။

ပညာသင်ဆုရရှိသူများသည် UCL တွင် တက်ရောက်ခွင့်ရကာ ထိုကျောင်းမှ သတ်မှတ်သင်ကြားပေးနေသည့် Bachelor’s Degree Programme မှ မည်သည့်ဘာသာရပ်ကိုမဆို စိတ်ကြိုက် ရွေးချယ်တက်ရောက် သင်ကြားနိုင်ပါသည်။

ဦးရေမည်မျှခေါ်မည်ကို သတ်မှတ်ဖော်ပြထားခြင်း မရှိပါ။ မည်သည့်နိုင်ငံသားမဆို လျှောက်ထားနိုင်ကြောင်းလည်း ဖော်ပြထားပါသည်။

ထောက်ပံ့ကြေးအနေဖြင့် တစ်နှစ်လျှင် စတာလင်ပေါင် ၉၀၀၀ ခံစားခွင့်ရရှိမည်ဖြစ်ပြီး သုံးနှစ်တက်ရောက် ပညာသင်ကြားရမည်ဖြစ်သည်။

လျှောက်ထားသူများသည် -

- သက်ဆိုင်ရာ ဌာနများက အချိန်ပြည့်တက်ခွင့်ပြုကြောင်း ဝင်ခွင့်ထောက်ခံချက်ကို ရရှိထားရမည်။

- UCL တွင် တက်ရောက်သင်ကြားခွင့်ရသည့်အခါတွင် ငွေကြေးမတတ်နိုင်ကြောင်းနှင့် ငွေကြေးအထောက်အပံ့မရလျှင် UCL တွင် တက်ရောက်သင်ကြားနိုင်မည်မဟုတ်ကြောင်း အထောက်အထားများပြနိုင်ရမည်။

- ပညာသင်ခြင်း စတင်ချိန်တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်သူများဖြစ်ရမည်။

- ပညာရေးကို စိတ်ဝင်စားပြီး တက္ကသိုလ်ရှိ အသင်းအဖွဲ့များ၏ လှုပ်ရှားမှု လုပ်ငန်းများကို စိတ်ပါဝင်စားကာ ပူးပေါင်းဆောင်ရွက်နိုင်သူများဖြစ်ရမည်။

လျှောက်ထားသူများသည် UCL က သတ်မှတ်ပေးထားသည့် အသိအမှတ်ပြုလျှောက်လွှာ နံပါတ်ကို ရယူထားရန် လိုပါသည်။ အွန်လိုင်းကတစ်ဆင့် လျှောက်လွှာတင်ပြီး နံပါတ်ရယူထားရန်ဖြစ်သည်။ လျှောက်လွှာအပြည့်အစုံနှင့် အထောက်အထားများကို အီးမေးလ်ဖြင့် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့မတိုင်မီ အောက်ဖော်ပြပါ UCL ၏ Website များသို့ အရောက်ပို့ပေးရမည်ဖြစ်ပါသည်။

UCL သို့ဆက်သွယ်ရမည့် Website မှာ -

https://www.ucl.ac.uk/prospective-students/scholarships/undergraduate/denyshollandug ဖြစ်ပါသည်။

■ **E01**






အခုတစ်လော ကျွန်တော် စာတွေသိပ်မရေးဖြစ်။ မရေးဖြစ်ဆို မရေးချင်လို့ မရေးတာလည်းဖြစ်သည်။

အထူးသဖြင့် ကျွန်တော် လက်တွေ့သည်က သရော်စာ။ ကျွန်တော့်ကိုလည်း သရော်စာသမားဟုသာ အများစုက မြင်ထားကြသည်ကိုး။

တစ်ခါက အယ်ဒီတာတစ်ယောက်၏ ကောင်းမှုကြောင့် ဒါရိုက်တာကြည်စိုးထွန်းနှင့် တွေ့ဆုံခွင့်ရခဲ့သည်။ သူနှင့်ဆုံစဉ် သရော်စာအကြောင်း စကားစပ်မိသည့်အခါ သူပြောသည့် စကားလေးတစ်ခွန်းကို ကျွန်တော် မှတ်သားဖူးသည်။

"သရော်စာတွေ ရေးဖူးတယ်ကွ။ ဒါပေမဲ့... သရော်စာရေးရတာ ကြာတော့ ဖြစ်ရပ်တော်တော်များများကို အဆိုးလိုက်မြင်ပေးရသလိုဖြစ်နေတယ်"

ဆရာသည် ကလောင်ခွဲတစ်ခုဖြင့် သရော်စာအတော်များများကို ရေးဖူးခဲ့သူအဖြစ် ကျွန်တော် သိထားခဲ့သည်။

ဆရာ့ထံမှ ပြန်လာပြီးနောက် ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြန်တွေးမိ၏။

အို ဘယ်လိုနေနေ... အတတ်နိုင်ဆုံးတော့ အကောင်းမြင်ပြီး ရေးကြည့်ရမှာပဲဟူ၏။

သို့ပေတည့်...ထိုဆုံးဖြတ်ချက်သည်လည်း တကယ်တမ်းလက်တွေ့မှာ ထင်သလောက်ဖြစ်မလာခဲ့။

အထူးသဖြင့် လွန်လေပြီးသော အစိုးရမင်းများလက်ထက်တွင် ကျွန်တော်သည် ဗြိတိသျှကိုကိုမောင်ကလောင်ဖြင့် အစိုးရအလွဲများကို ရိခဲ့၊ ထေ့ခဲ့၊ သရော်ခဲ့ရာတွင် ထိုဆုံးဖြတ်ချက်ကို မျက်ကွယ်ပြုထားမိ၏။

မျက်ကွယ်ပြုသည်ဆိုသည်မှာ တမင်တကာပင် မသိချင်ယောင်ဆောင်ထားခြင်းမျိုး။

ရှင်းရှင်းပြောရလျှင် ဘောင်းဘီဝတ်ရာမှ ချိတ်ပုဆိုးပြောင်းဝတ်သော ယခင်အစိုးရကို ဘယ်လိုမှ အကောင်းမြင်ပေးလို့မရသည်ကို ဝန်ခံပါသည်။

အခုရော...။

ကျွန်တော်တို့ တင်သည့်အစိုးရ။ ကျွန်တော်လေးစားသူတွေ ဦးဆောင်သည့်အစိုးရ။ သူများတွေပြောသလို ပြောရလျှင် လက်သန်းလေးတွေ မင်ပေခဲ့တဲ့ အစိုးရ။

အလွဲလေးများရှိလာလျှင်ပင် အကောင်းမြင်ဘက်က ကျွန်တော်ကြည့်ချင်သည်။ အမှန်အတိုင်းဝန်ခံရလျှင် တချို့ဟာကွက်လေးများတွေ့လျှင်ပင် နင်းမရေးရက်ခဲ့။

ဒီလောက်အထိ စာရှည်ရှည် ကျွန်တော်ပျိုးနေသည်မှာ အကြောင်းရှိသည်။

အဓိကမှာ ကျွန်တော် စိတ်ပါလက်ပါ စာမရေးဖြစ်သည်မှာ ကုန်ကြမ်းမရှိသဖြင့်ဟု နောက်ထပ် ဆင်ခြေပေးချင်သဖြင့် ဖြစ်၏။

အဘယ်ကြောင့် ကုန်ကြမ်းမရှိဟု ဆိုသော် ကျွန်တော် အိမ်တွင်းအောင်းလူသား၊ ရပ်ကွက်တွင်းအောင်းလူသား လုပ်နေခြင်းကြောင့်ဟု ဖြေရပါမည်။

အသစ်ပြောင်းလဲလိုက်သော ဝိုင်ဘီအက်စ်ဘတ်စ်ကားလိုင်းများက ကျပ်သဖြင့်၊ ကားစီးရေနည်းသဖြင့် မစီးဟုဆိုလျှင် စီမံသည့်အစိုးရကို ဝေဖန်ရာကျမည်စိုးပါသည်။

ဟိုးလွန်ခဲ့သည့် ဆယ်နှစ်ကျော် ရန်ကုန်ရောက်စကတည်းက ပေါက်သည့်အီးပင် အပြားလိုက်ထွက်လာသည့်အလားထင်ရသည့် ရန်ကုန်ဘတ်စ် ကျပ်ညပ်များနှင့် ရင်းနှီးခဲ့သူတစ်ယောက်အနေနှင့် ယခု ဝိုင်ဘီအက်စ်စနစ်သစ်ကျမှ လူကျပ်သည့်ကိစ္စကို ထူးပြီးမငြီးပါ။

တကယ်တော့ ကျွန်တော် ဝိုင်ဘီအက်စ်ဘတ်စ်ကိုမစီးသေးသည်မှာ အိမ်ထောင်ကျမည်စိုးသောကြောင့်ဖြစ်ပါသည်။

မဆီမဆိုင်ဟု ထင်ကြမလားမသိ။

ဗဟုသဘောဆောင်နေသည့် ဂလိုဘယ်ခေတ်တွင် ဖြစ်စဉ်တိုင်းသည် ဆက်စပ်နေပါသည်။

ဥပမာ - ရုပ်ရှင်မင်းသမီးတစ်ယောက် ရည်းစားတွေ လျှောက်ထားသည့်ကိစ္စနှင့် ရန်ကင်းတရားရုံးကို အလုဖန်တီးရှင်မာမီ ခေါဘဏီ တပ်ကြီးဝိုင်းထားသည်ဆိုသည့် သတင်းကား ရုတ်တရက်တော့ မဆိုင်သလိုထင်ရသလိုမျိုးပင်။

တကယ်တမ်းတော့...သူ့ဆက်စပ်မှုနှင့်သူ ရှိပါသည်။

ယခုပဲကြည့်။

ကျွန်တော်တို့ ရပ်ကွက်ထဲတွင် လောလောလတ်လတ် မင်္ဂလာပွဲနှစ်ခု တိုးလာသည်။ လမ်းထိပ်ဘီအီးဆိုင်မှ ကိုမြင့်ဦး၏ သမီးအကြီးမလေးသည် သူနှင့် ဆယ်နှစ်ဆယ်မိုး ကြိုက်လာသော လှိုင်မြို့နယ်မှ ဇော်ထွန်းဆိုသည့် ငတိနှင့် လိုက်ပြေးသည်။

လိုက်ပြေးပုံကလည်း အဆန်းသား။

ကလေးမက မြို့ထဲက စတိုးဆိုင်တစ်ခုတွင်လုပ်သည်။ ညနေအလုပ်ဆင်းလျှင် ကားမှတ်တိုင်တွင် သူ့ကောင်လေးနှင့်ချိန်းပြီး အတူတူပြန်သည်။ ဝိုင်ဘီအက်စ်ပြောင်းခါစတွင်တော့ ဖော်လန်တီယာ အခမဲ့ကားကြီးများ ကောင်းမှုဖြင့် သူတို့နှစ်ယောက်သား အတူတူ အိမ်ပြန်ကြရသည်။ ဖော်လန်တီယာများ မရှိတော့သည့်အခါကျမှ တိုင်ပတ်တော့သည်။ ဘတ်စ်ကားက တစ်နာရီလည်းမလာ။ နှစ်နာရီလည်း မလာ။ လာမယ့်လာတော့လည်း ပုသိမ်ထီးမှာ ကထိန်ပဒေသာပင်သီးထားသလို ကားနှင့်လူက မမျှ။ နောက်ဆုံး မိုးကချုပ်၊ ခြင်ကကိုက်နှင့် လင်နောက် လိုက်ပြေးတာကမှ ပိုကိုက်ဦးမည်ဆိုကာ မထူးဇာတ် ခင်းလိုက်သည်တဲ့။

နောက်တစ်တွဲက ကာတွန်းကိုထိန်သာ ဆိုသည့် လူပျိုကြီး၊ အပျိုကြီး အတွဲ။ တစ်သက်လုံးက တစ်ရပ်ကွက်တည်းနေလာတာ မျက်လုံးချင်းတောင် မဆုံဖူးကြဟုဆိုသည်။ ဝိုင်ဘီအက်စ်ဘတ်စ်ကို အတူတူတိုးစီးပြီး နှစ်မနက် မြောက်မှာတော့ တစ်ယောက်နဲ့တစ်ယောက် ရင်ချင်း အပ်မိကာ ဝင်သက်ထွက်သက်ချင်း သမီးရည်းစားဖြစ်သွားသည်ဟု သိရသည်။

အချိန်နှင့် ဒီရေသည် လူကို မစောင့်ဆိုသလို လူပျိုကြီး အပျိုကြီးများကို ဝိုင်ဘီအက်စ်ကို မစောင့်သည့်သဘော။

ဒီတော့ မကြာမီ သူတို့လည်း အာဝါဟကြတော့မည်ဟု သိရပြန်၏။

သူတို့ဇာတ်လမ်းလေးတွေ ကြားတော့ ဆရာမင်းလူ၏ ချစ်မြှားရှင်အစ ချစ်မြှားရှင်အဆုံး ဆိုသည့် စာအုပ်လေးကို သတိရမိသည်။

ထို့ကြောင့်အိမ်ထောင်မပြုချင်သေးသောကျွန်တော်သည် မြားနတ်မောင်ဝိုင်ဘီအက်စ်ကို ကြောက်သဖြင့် ဘတ်စ်ကားမစီးခြင်းသာ ဖြစ်ပါသည်။

ဘတ်စ်ကားများ ကျပ်ညပ်နေသဖြင့် လိုင်းဆွဲယာဉ်နည်းပါးသဖြင့် ဆိုသည့် အကြောင်းပြချက်များလုံးဝ မပြုပါ။ အဲ့ဒီအကြောင်းလည်း သရော်စာမရေးပါဟု ဆုံးဖြတ်လိုက်ပါသည်။

ဒါဆို ကျွန်တော် ဘာရေးရမလဲ။

ကျွန်တော်တို့ ရပ်ကွက်ထဲမှ စိတ်ဝေဒနာသည်များအကြောင်းရေးဖို့ စိတ်ကူးရပါသည်။ ဒါမှလည်း ကျွန်တော် ဒီရက်ပိုင်း ရပ်ကွက်အောင်းလူသားလုပ်ရကျိုးနပ်မည်။

(ဒီနေရာမှာ တစ်ဆက်တည်း စိတ်ဝေဒနာသည် ဆိုသည်ထက် ရပ်ကွက်အခေါ် အရူးဟုသာ ကျွန်တော့်ကို သုံးနှုန်းခွင့်ပြုဖို့ တောင်းဆိုပါသည်)

ကျွန်တော်တို့ ရပ်ကွက်သည် အရူးအလွန်ပေါသည်။ အရူးတွေကိုကြည့်ချင်လျှင် တခြားသွားကြည့်စရာမလို။

ရပ်ကွက်ထိပ် ကိုကြည်လင် လက်ဖက်ရည်ဆိုင်လေးတွင် ထိုင်နေရုံမျှဖြင့် တစ်ယောက်ပြီး တစ်ယောက် မြင်နိုင်ပါသည်။

ကိုကြည်လင်သည် တော်တော်စေတနာကောင်းသူ ဖြစ်သည်။ အထူးသဖြင့် အရူးများကို သူ့ဆိုင်တွင် လက်ဖက်ရည်အခမဲ့တိုက်တတ်သည်။

ထို့ကြောင့် သူက ကျွန်တော့်ကို အချင်းချင်းတွေပဲ အလကားသောက်သွားပါဗျာ ဆိုတိုင်း ကျွန်တော့်မှာ အကျောက်အကန်ငြင်းခဲ့ရသည်မှာ အကြိမ်ကြိမ်။

သူ့ဆိုင်တွင် စီနီယာအရူးများအပြင် နောက်ထပ်ဂျူနီယာအရူးများလည်း ရောက်လာတတ်သည်။ အသစ်ရောက်သည့် အရူးတိုင်း၏ ဘိုင်အိုဂရပ်ဖီကို တတ်နိုင်သလောက် လေ့လာစူးစမ်းထားတတ်သည်က ကိုကြည်လင်၏ ဝါသနာ။

ဒီလိုနှင့် အခုအရူးဋီကာကို ရေးရန် ကျွန်တော်သူ့ဆိုင်တွင် ဖင်ကျောက်ချရတော့၏။

"မလုံခြုံတော့ဘူး။ မလုံခြုံတော့ဘူး။ လုံခြုံရေးကို သတိရှိကြ။ လုံခြုံရေးကို သတိရှိကြ။ ကျုပ် ကာကွယ်မှ လုံခြုံမှုရလိမ့်မယ်။ လုံခြုံရေးကို ဂရုစိုက်ကြ"

ပြောနေရင်း ဆိုင်ထဲသို့ တစ်ယောက်ဝင်လာသည်။ ကျွန်တော် သိသလောက် သူက မျက်နှာသစ်။ မျက်နှာသစ်ပေမယ့် ကိုယ်သိတဲ့တစ်ယောက်နဲ့ တူသလိုလို။

ဒါနဲ့ကိုကြည်လင်ကိုကျွန်တော် စပ်စုကြည့်သည်။

"ဗျိုး...ကိုကြည်လင်...ဒါက ဘယ်သူတုံးဗျ... အသစ်ပါလား"

"ဟုတ်တယ်...ကိုဗြိရေ... အဲ့ဒါ သူခိုးညွှန့်ခင်လေဗျာ"

"ဟာ...ဟိုတစ်လောကမှ ထောင်ကလွတ်လာတဲ့ ညွှန့်ခင် အခု ရူးသွားပြီလား.. .မှတ်တောင် မမှတ်မိတော့ဘူးဗျာ"

"ဟုတ်တယ်...ကိုဗြိရ...ဒီကောင်...ထောင်ကလွတ်ပြီး မကြာပါဘူး... ရပ်ကွက်ထိပ် စေတီလေးကဇရပ်မှာ နေ့တိုင်း သွားသွားထိုင်သတဲ့။ ပြီးတော့ စေတီလေးကို ရီဝေဝေနဲ့ ငေးကြည့်နေသတဲ့ဗျာ။ အဲ့ဒါကို နေ့တိုင်းမြင်နေရတဲ့ ဆရာတော်က သူ့ကို သနားလာတယ်ထင်ပါရဲ့... ဒကာမောင်ညွှန့်ခင်ကတော့ တော်တော်ပဲ နောင်တရနေလောက်ပြီ...အကျွတ်တရားရပြီး သာသနာ့ဘောင်သွတ်သွင်းရအောင် အကျွတ်တရားဟောမဟဲ့ဆိုပြီး ညွှန့်ခင်ဆီသွားသတဲ့။ ပြီးတော့ ဘုရားဆီ ခပ်ရီရီလေးငေးနေတဲ့ ညွှန့်ခင်ကို ဒကာမောင်ညွှန့်ခင်ရယ်... လူဆိုတာ ပြုပြင်လို့ရပါသေးတယ်...မင်းမလဲ ဘုရားကိုကြည့်ကြည့်ပြီး ဘာတွေများစဉ်းစားနေတာတုံးဆိုပြီး အစပဲ မေးရသေးတယ်... ညွှန့်ခင်က ဘာပြန်ပြောတယ်မှတ်တုံး"

"ဟင်... ဘာပြောတုံးဗျ"

"ညွှန့်ခင်က ဆရာတော်ကို ပြန်ပြောတယ်တဲ့ဗျ။ တပည့်တော် စဉ်းစားနေတာက...တခြားမဟုတ်ပါဘူး။ ဒီစေတီလေးက ရွှေတွေခွာရောင်းရင် ဘယ်နှကျပ်သားလောက်ရမလဲ စိတ်ထဲက တွက်နေတာပါဘုရားတဲ့"

"ဟင်"

"အဲ့ဒီမှာ ဆရာတော်လည်း ဒေါသထွက်ပြီး တံမြက်စည်းနဲ့ လိုက်တီးတာ ဒီကောင်ထွက်ပြေးရင်း ခလုတ်တိုက်လဲပြီး ခေါင်းလောင်းနဲ့ခေါင်းနဲ့ စောင့်မိရာက နောက်ပိုင်း အခုလို ရူးသွားတာတဲ့ဗျာ"

ကဲ... ကိုယ့်ဆရာတို့ ကြားတဲ့အတိုင်းပဲ။ တကယ့်လူ။ သူခိုးဘဝကနေ အရူးဘဝရောက်မှပဲ လုံခြုံရေးလုံခြုံရေး လျှောက်အော်နေသည့် ကိုညွှန့်ခင်ကို ကြည့်ကာ ကျွန်တော်ပြုံးမိသည်။

"သားရေ... လက်ဖက်ရည်လေးလုပ်ပါဦးကွာ... ခေတ်ကာလက မကောင်းတော့ဘူး။ အခုပဲ ဘုရားပေါ်က ဆင်းလာတာ... ဘုရားပေါ်က အခု ဂေါပကအသစ်တွေက ဒီမိုကရေစီအာဏာရှင်တွေ ဖြစ်တော့မယ်ကွာ။ အလှူခံပုံးတွေမြင်ရင် အဘဗိုက်ဆာလွန်းလို့ပါကွာ...လက်ဖက်ရည်လေးကွာနော်...သား"

လာပြန်ပြီ မျက်နှာသစ်တစ်ယောက်။

ဒီတစ်ခါလည်း ကိုကြည်လင်ကို အသာခေါ်ပြီး သူ့တပ်သားသစ်ကြီးအကြောင်း မေးရပြန်သည်။

"ဟော့...ဒါကရော...အသစ်ပါလားဗျိုး"

"သစ်ဆို ဟိုဘက်ရပ်ကွက်က ဂေါပကလူကြီးဟောင်းလေဗျာ။ အလှူငွေတွေ အဖုန်းလွှန်ပြီး ပြဿနာတက်...တရားစွဲခံရတယ်။ ပြီးတော့ ဂေါပကနေရာက ဖယ်ပေးလိုက်ရရာကနေ ဒီလိုဖြစ်သွားတာပဲ"

ဂေါပကရူးကြီးကို ကျွန်တော် အသာလေး အကဲခတ်သည်။ ကျွန်တော် အကဲခတ်နေမှန်း သူသိတော့...ကျွန်တော့်ကို လှမ်းအော်ပြောသည်။

"ဘုရားပေါ်အခုအသစ်တက်တဲ့ ဂေါပကတွေက အဘလောက် မဖြူစင်ဘူးကွ။ အဘက ဘုရားထက်ကြီးလို့ ဘုရားလူကြီးလုပ်နေတာ။ အခုကောင်တွေက ဒီမိုကရေစီအာဏာရှင်ဂေါပကတွေ... အလကားသိလား... ကောင်လေး...နောက်တစ်ခါရွေးရင် အဘကိုပဲတင်နော်...အဘတို့က ဖြူစင်တယ်...ဘုရားပိုင်ငွေကို ကိုယ့်ငွေလို သဘောထားပေးတယ်..."

ရှုလောမိတ်ဆွေ။

ကိုကြည်လင် လက်ဖက်ရည်ဆိုင်ဆိုတာက ဒီလိုမျိုး။

နောက်ထပ် နေ့တစ်ဝက်လောက် ဆက်ထိုင်လိုက်လျှင် သူ့ဆီလာသည့် ရဲဘော်ဖောက်သည်များမြင်ရရုံဖြင့် ကိုယ်ပါ သူတိုက်သည့် လက်ဖက်ရည်ကို အခမဲ့သောက်ရသည့်အဖြစ် အချိန်မရွေးရောက်သွားနိုင်သည့် အခြေအနေ။

ကိုကြည်လင်ဆိုင်က ကျွန်တော်ထလာသည်။

"ပေး...ပေး...ပေး...ပေး...မပေးပေး...ငါ့ထိုင်ခုံပြန်ပေး...ယေး...ယေး"

လက်ဖက်ရည်သောက်ပြီး ခုန်ပေါက်ထွက်သွားသော ဂေါပကဟောင်းအဘက ကျွန်တော့်ကို ကျော်တက်လျက် ခုန်ပေါက်ထွက်သွားသည်။

သရော်စာ မရေးချင်။ အိမ်ပြန်လျှင် အရူးတွေအကြောင်း ဋီကာလေးတစ်ခုတော့ ရေးရမည်။

ရေးကို ရေးရမည်။

■ ဗြိတိသျှကိုကိုမောင်









# လိမ်ပြောတတ်တဲ့ ကလေးဆိုရင်

ကလေးတွေ လိမ်ပြောတတ်လာရင် သတိထားဆင်ခြင်ရတော့မယ်။ သူတို့ဘာကြောင့် လိမ်သလဲ။ အခက်အခဲ ထွက်ပေါက်တစ်ခုခုရချင်လို့ လိမ်တာလည်း ဖြစ်နိုင်တယ်။ ဒါကြောင့်သူတို့ဘာကြောင့် လိမ်ရတယ်ဆိုတဲ့ ပြဿနာရဲ့ဇာစ်မြစ်ကို လူကြီးတွေက ရှာဖွေနိုင် ဖို့လိုပါတယ်။

**အိမ်မှာ အမှန်ပြောနိုင်အောင် စည်းကမ်းထုတ်ထားပါ**

အမှန်ပြောနိုင်အောင် တစ်ခါတလေ စည်းကမ်းလေးတွေ ချပေးဖို့တော့ လိုလိမ့်မယ်။ ဒါမှ ငါ့မိဘတွေက အမှန်ပြောဖို့လိုလားတယ်။ အမှန်ကို တန်ဖိုးထားတယ်ဆိုတာ သူတို့ သဘောပေါက်လိမ့်မယ်။ လူကြီးကိုယ်တိုင်က လိမ်ခိုင်းနေသူဖြစ်ရင်တော့ သူတို့ကို ပြုပြင်ဖို့ သိပ်မလွယ်ဘူး။

**ရိုးသားမှုကို စံပြုလောက်တာတွေပြောပေး**

ကလေးကို ရိုးသားစေချင်ရင် လူကြီးကိုယ်တိုင်က ကောင်းတဲ့အပြုအမူတွေနဲ့ စံပြုလောက်အောင် ပြောဆို နေထိုင်ပြဖို့လိုတယ်။ သူတို့က ကိုယ့်ကို စောင့်ကြည့်နေတယ်ဆိုတာ အမြဲသတိပြုစေချင်တယ်။ လိမ်ပြောရင် ကောင်းတယ်ဆိုတာမျိုးကိုကလေးဘဝမှာ စတင်ကတည်းက သင်ကြားပေးတာ မကောင်းပါဘူး။ မလိမ်နဲ့ မညာနဲ့ မှန်တဲ့အတိုင်းပြောတတ်အောင် ပျိုးထောင်ပေးရမယ်။ ၁၀ နဲ့ ဝယ်လာတဲ့ မုန့်တစ်ခုကို ၁၀၀ လို့ ပြောခိုင်းလိုက်တာဟာ အရေးမပါဘူးလို့ ဘယ်တော့မှ မထင်စေလိုပါ။

**အမှားပြောလျှင် ချက်ချင်း အမှန်ပြင်ခိုင်း**

ကိုယ့်ကလေးက ဘယ်အရွယ်ဖြစ်နေနေ အမှားပြောတာ ပြဿနာမဟုတ်ဘူးလို့ ဘယ်တော့မှ မထင်ပါနဲ့။ ဒီလိုပြောရင် မှားတယ်၊ ဒီလိုပြောရမယ်ဆိုတာ သူတို့ကို ဆင်ခြင်နိုင်အောင်လည်း နှိုင်းယှဉ်ပြဖို့လိုပါတယ်။

"ကောင်းကင်ကြီးက ခရမ်းရောင်ကြီးဖြစ်နေတယ်လို့ ဖေဖေပြောရင် မှန်မလား" လို့ သူတို့ကို စကားစပေးလိုက်ကြည့်ပါ။ မမှန်တာကို မှန်တယ်လို့ပြောရင် မမှန်ဘူးဆိုတာမျိုးတွေ သူတို့ကို လေ့ကျင့်သင်ကြားပေးစေချင်ပါတယ်။

ကလေးကလည်း သူ့စိတ်ထဲမှာ အမှန်အတိုင်းပြောရင် လက်ခံရလိမ့်မယ်။ "ဘိုးဘိုးက ရုပ်ဆိုးတယ်" လို့ပြောလာတဲ့ ကလေးကို အပြစ်ပေးမှာလား။ "ဘိုးဘိုးက ရုပ်ဆိုးပေမယ့် သဘောကောင်းတယ်" ဆိုတာမျိုးလေးတွေ နှိုင်းယှဉ်ပြသင့်တယ်။ ရုပ်ဆိုးတယ်ပြောရင် အရိုက်ခံရမှာကြောက်လို့ လုတယ်လို့တော့ လိမ်မပြောခိုင်းသင့်ဘူး။

**ဘာကြောင့်လိမ်သလဲ အကြောင်းရှာ**

ကလေးတွေ လိမ်ရခြင်း အကြောင်းရင်း သုံးခုရှိတယ်။ စိတ်ကူးယဉ်ပြီး လိမ်တတ်တယ်။ ကြွားချင်လို့ လိမ်တယ်။ သူတို့ကို ဆန့်ကျင်မှာကြောက်လို့ မချစ်မှာကြောက်လို့ လိမ်တယ်။ ဒီအချက်သုံးချက်ကို သတိထားပြီး သူတို့ကို သင်ကြားရင် အဆင်ပြေမယ်ထင်ပါတယ်။

မူကြိုအရွယ်လေးတွေ စိတ်ကူးယဉ်တတ်တယ်။ "ညက အိပ်မက်ထဲမှာ မီးမီး မိုးပေါ်ပျံနေတယ်" လို့ ပြောလာရင် လူကြီးတွေ သူတို့ကို ဘယ်လိုရင်ဆိုင်ကြမလဲ။ ဒီလိုပြောလာရင် မိုးပေါ်ပျံတယ်ဆိုတဲ့ ပုံပြင်ထဲကအကြောင်း၊ ဗီဒီယိုထဲကအကြောင်းတွေကို သူတို့ သတိထားမိအောင် ထောက်ပြနိုင်ရမယ်။ "ဆူပါမင်းလိုလား" ဆိုတာမျိုးပေါ့။ ဒါဆိုရင် သူတို့ကို တစ်ခုခုထောက်ပြပြီးသား ဖြစ်သွားလိမ့်မယ်။

ကလေးကကြွားတတ်ရင် သူ့ကို အာရုံစိုက်စေချင်လို့လုပ်နေတယ်ဆိုတာ လူကြီးက သဘောပေါက်ထားရမယ်။ တစ်ခုခု လုပ်ပေးဖို့လိုနေပြီ။ သူတို့ကြွားတာက လက်တွေ့ဘဝနဲ့ အများကြီး ကွာခြားမသွားအောင် ပြန်လည်တည့်မတ်ပေးရမယ်။

ကလေးတွေဟာ တစ်ခါတလေ သူတို့ကို မချစ်မှာကြောက်လို့ လိမ်နေတာမျိုးဆိုရင် သူတို့ကို ပိုပြီး သတိထားရမယ်။ မေတ္တာငတ်တော့မှာ ကြောက်ရွံ့နေတဲ့ကလေးကို ကိုယ်ကနှစ်ဆတိုးပြီး ဂရုစိုက်ပေးသင့်ပါတယ်။

**သတိပေးပါ**

သူတို့လိမ်နေရင် အချိုသာဆုံး သတိပေးဖို့လိုမယ်။ သမီးရေ မှန်မှန်ပြန်ပြောပါလားဆိုတဲ့ အခွင့်အရေး တစ်ခုခု ပေးထားနိုင်ရမယ်။ လိမ်လိုက်တာက ဘာဖြစ်သွားစေနိုင်တယ်ဆိုတာကိုလည်း ကြိုပြီးတော့ ပြောထားနိုင်ရင် ပိုကောင်းတယ်။



Tooga

**အကျိုးဆက်တွေကို တွက်ဆပြပါ**

သူလိမ်နေတာ ပေါ်သွားရင် ဘာဖြစ်နိုင်တယ်ဆိုတာ ကြိုပြောထားမယ်။ ခံစားခွင့်တစ်ခုခု ဆုံးရှုံးသွားမယ်။ သွားလာခွင့် တစ်ခုခုပိတ်ပင်ခြင်း ခံရမယ်ဆိုတာလောက်တော့ သူတို့ကို ပြောပြထားသင့်တယ်။ သူက အချိန်မီ အမှန်ကိုပြင်ပြောရင်လည်း ချီးကျူးပေးဖို့လိုတယ်။ တစ်ခုခု အခွင့်အရေး ပေးလိုက်ဖို့လည်းလိုတယ်။

**လိမ်တာ မကောင်းကြောင်း ပြောပေးပါ**

လိမ်တဲ့အလုပ်က သဘောသဘာဝကိုက မကောင်းပါဘူး။ လိမ်လိုက်တာနဲ့ စိတ်ထဲမှာ မလုံတော့ဘူး။ စိုးရိမ်ထိတ်လန့်စိတ်တွေ ဖြစ်ပေါ်ရတယ်ဆိုတာ ဥပမာလေးတွေ ပေးပါ။ လိမ်ပြောတဲ့သူတွေကို လူတွေ မလေးစားတတ်ဘူးဆိုတာ ဥပမာပေးပါ။ ရိုးသားပွင့်လင်းသူဟာ ဘာတွေဖြစ်နိုင်တယ်ဆိုတာလည်း ပြောပြနိုင်အောင် ကြိုးစားပါ။

**အကောင်းမြင်မှု ဆင်ခြင်နိုင်**

အကောင်းမြင်စိတ်ထားတွေနဲ့ ပြုပြင်သွန်သင်တတ်တဲ့ ဝန်းကျင်မှာမှ ကလေးတွေဟာ အရာရာကို အကောင်းဘက်က ဆင်ခြင်တတ်ပါတယ်။ ကိုယ်တိုင်လည်း အကောင်းမြင်သလို ကလေးတွေကိုလည်း အကောင်းမြင်စိတ်နဲ့ ချီးကျူးနိုင်စွမ်းရှိဖို့လိုပါတယ်။

"သမီး ဒီလိုပြောဖို့ခက်မယ်ဆိုတာ ဖေဖေသိတယ်။ ပန်းကန်ကွဲတာ ပြဿနာမဟုတ်ပါဘူး။ သမီးက ကိုယ်ခွဲတာကို မခွဲဘူးလို့ပြောရင် လူလိမ်လေးဖြစ်သွားမှာကို စိုးရိမ်တာ" ဆိုတဲ့ အပြောမျိုးတွေလည်း လိုအပ်တယ်ဆိုတာ သတိထားပါ။

**အမှန်ကို ပြန်ဆင်ခြင်နိုင်အောင် အချိန်ပေးပါ**

ကိုယ့်ကလေးက လိမ်နေရင် လိမ်နေမှန်းလည်း သိနေရင် သူတို့ကို အမှားအတွက် ပြန်လည်ဆင်ခြင်ဖို့ အချိန်ပေးထားသင့်ပါတယ်။ လိမ်တာကို မကောင်းကြောင်းတွေ သူသိအောင် သင်ထားပြီးပြီဆိုရင် ပြန်စဉ်းစားနော် အမှန်ကို ပြန်ပြောဖို့ အချိန်ရသေးတယ်။ အမှန်အတိုင်းပြောဖို့ စောင့်နေမယ်ဆိုတာမျိုးတွေ စီစဉ်ပေးသင့်တယ်။ ကြောက်အောင်ခြောက်ပြီးတော့ အမှန်မပြောရင် သတ်ပစ်မယ်ဆိုတာက အဖြေမဟုတ်ပါဘူး။

**ပြင်မရရင် ပြင်နိုင်သူကိုရှာ**

လိမ်ပြောတတ်တဲ့သူတွေကို စိတ်ပညာသဘောတရား နားလည်စွာနဲ့ ကုစားပေးနိုင်တဲ့သူတွေ ရှိပါတယ်။ စိတ်ပညာရှင် ဆရာဝန်တွေလည်း ပြင်နိုင်တယ်။ ကျောင်းက ဆရာတွေ ဆရာမတွေလည်း ပြင်နိုင်တယ်။ ကလေးတွေဟာ သူတို့ကြည်ညို လေးစားလောက်သူတွေ ပြောရင် လက်ခံတတ်ပါတယ်။ ဒါမှမဟုတ် သူတို့ချစ်တဲ့ သူငယ်ချင်း အချင်းချင်း ပြုပြင်တာကိုလည်း လက်ခံတတ်တယ်။

■ E01

**(Ref : Help a Child Stop Lying and Tell the Truth, Help a Child Stop Lying and Tell the Truth)**

**မျက်နှာဖုံး - ဘင်္ဂါလီအရေးဆွေးနွေးရန် ရခိုင်ကော်မရှင် မှ အဆက်**

ဖြစ်ကြောင်း ကော်မရှင်အဖွဲ့ဝင်များက ဆိုသည်။

"လေးရက်ကြာ သွားရောက်မှာဖြစ်တယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့နဲ့တွေ့ဆုံမယ်။ အခြားကိစ္စတွေပါဝင်မယ်"ဟု ရခိုင်ပြည်နယ် အကြံပေးကော်မရှင် အဖွဲ့ဝင် ဦးအေးလွင်က ပြောသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်တပ်စခန်းသုံးခုကို အကြမ်းဖက် တိုက်ခိုက်ခံရပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ပြေးခိုလှုံသူ ခြောက်သောင်းကျော် ရှိနိုင်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ထားသည်။

"မြန်မာနိုင်ငံကနေ ရောက်ရှိတဲ့သူတွေကို သွားတွေ့ဖို့က သံရုံးက စီစဉ်ပေးရမှာဖြစ်တယ်။ အသေးစိတ်တော့ မသိသေးဘူး"ဟု ဦးအေးလွင်က ဆက်လက်ပြောကြားသည်။

အလားတူ ရခိုင်ပြည်နယ် တည်ငြိမ်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လုပ်ဆောင်နိုင်ရန် မြန်မာအထူးသံအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ သွားရောက်ဆွေးနွေးခဲ့ရာတွင် ရခိုင်ပဋိပက္ခအခြေအနေကြောင့်ဘင်္ဂလားဒေ့ရှ်သို့ထွက်ပြေးရောက်ရှိနေသော ဘင်္ဂါလီများကို နှစ်နိုင်ငံပူးပေါင်းစစ်ဆေးပြီး မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများကို သင့်တော်သောအချိန်၌ ပြန်လည်ခေါ်ယူရန် သဘောတူညီခဲ့ကြောင်း မြန်မာနိုင်ငံအစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီးလီသည်လည်း ဖေဖော်ဝါရီလအတွင်း၌ ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်ရန် စီစဉ်ထားပြီး နယ်စပ်ရှိ ဒုက္ခသည်စခန်းများသို့လည်း သွားရောက်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်သတင်းဌာနများက ဖော်ပြထားသည်။

■ J-07

**မျက်နှာဖုံး - လူမှုဝန်ထမ်းဦးစီးဌာနက ပြုစုစောင့်ရှောက်ခံ ကလေးများအတွက် မှ အဆက်**

ဘဏ္ဍာနှစ်မှစတင်ရရှိမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"စားစရိတ် ပိုပေးတော့ ကလေးအားလုံး အာဟာရပြည့်ပြည့်ဝဝ စားသုံးနိုင်မယ်။ တစ်နေ့အသားသုံးကျပ်သားလောက် စားရမယ့်နေရာမှာ ခြောက်ကျပ်သားနှုန်း ကျွေးလို့ရတာပေါ့၊ တိုးပေးမယ့်စရိတ်ကို ဧပြီလက စရမယ်" ဟု ၎င်းကဆိုသည်။

လာမည့်ဘဏ္ဍာနှစ်မှစ၍ လူမှုဝန်ထမ်းဌာနအောက်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ သန်လျင်လူငယ်သင်တန်းကျောင်း၊ ကြည့်မြင်တိုင်မျက်မမြင်သင်တန်းကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနများမှ လူငယ်နှင့်ကလေးငယ်များ ၁၀၀၀ ကျော်သည် တစ်ရက်တာစားစရိတ် ကျပ် ၄၀၀ နှုန်းမှ ကျပ် ၁၅၀၀နှုန်းသို့ တိုးမြှင့်စားသောက်နိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ယခင်က အစိုးရထောက်ပံ့ငွေ တစ်နေ့စာကျွေးမွေးစရိတ်မှာ လူငယ်နှင့် ကလေးများအတွက် လုံလောက်မှုမရှိသောကြောင့်ပြင်ပရှိအလှူရှင်များ ပါဝင်လှူဒါန်းမှုဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့ခြင်းဖြစ်ကြောင်း (ယခင်က) လူမှုဝန်ထမ်းဦးစီးဌာနတွင် စေတနာ့ဝန်ထမ်းအဖြစ် ကူညီလုပ်ကိုင်ခဲ့သော အမျိုးသားတစ်ဦးက ပြောကြားသည်။

"အရင်က အစိုးရထောက်ပံ့စရိတ်နဲ့ မလောက်ဘူး။ ဒါကြောင့် အလှူရှင်မျှော်ရတယ်။ အခုလိုဆိုတော့ ကလေးတွေအတွက်ကောင်းတယ်" ဟု၎င်းကဆိုသည်။

ယင်းအပြင် နိုင်ငံအနှံ့ရှိ အသက် ၉၀ အထက်နှင့် အသက် ၁၀၀ ကျော်သက်ကြီးရွယ်အိုများကို အသက်အရွယ်အလိုက် တစ်လလျှင် ထောက်ပံ့စရိတ်ကျပ် တစ်သောင်းနှုန်းနှင့် နှစ်သောင်းကြား ပေးနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက်မြို့နယ်နှင့်ခရိုင်အလိုက် စာရင်းကောက်ယူလျက်ရှိရာတွင် ရန်ကုန်တိုင်းဒေသကြီးတွင် အသက် ၉၀ ကျော် သက်ကြီးရွယ်အိုပေါင်း ၂၇၄ ဦးနှင့် အသက် ၁၀၀ ခန့်ရှိ သက်ကြီးရွယ်အိုပေါင်း ၁၄၄ ဦးတို့ကို စာရင်း ကောက်ယူရရှိခဲ့ကြောင်း အဆိုပါဌာနမှ ထပ်မံသိရသည်။

■ J - 17

**မျက်နှာဖုံး - တမူးနယ်စပ် တွင် ညမထွက်ရ အမိန့်ထုတ် မှ အဆက်**

ညအချိန်များတွင် ခိုးထုတ်နေခြင်းတို့ကြောင့် နယ်စပ်နေထိုင်သူများ လုံခြုံမှုရှိစေရေးအတွက် ထုတ်ပြန်ရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"အိန္ဒိယဘက်ခြမ်းမှနေတဲ့လက်နက်ကိုင်ထားတဲ့အဖွဲ့ ၁၄ ဖွဲ့ထဲက တစ်ဖွဲ့က ကျွန်တော်တို့ နယ်စပ်ကနေသွားရင် နှစ်မိနစ် သုံးမိနစ်လောက်ပဲ သွားရင် ရောက်တဲ့နေရာမှာ လက်နက်ကိုင်ပြီး ဝင်လိုက်ထွက်လိုက် လှုပ်ရှားနေတာ ရှိတယ်ဆိုပြီး သတင်းရထားတယ်၊ ဒါကြောင့် ညဘက်တွေ သွားလာတဲ့အခါ ကိုယ့်ပြည်သူတွေ အန္တရာယ်ဖြစ်မှာစိုးလို့ ဒီအမိန့်ကို ထုတ်ထားမှန်း သိအောင် အသိပေးတာပါ" ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ပြောကြားသည်။

တမူးမြို့သည် နယ်စပ်မြို့ဖြစ်သော်လည်း အိန္ဒိယနိုင်ငံထဲသို့ ကူးသန်း သွားလာနေခြင်းမှာ တရားဝင် မဟုတ်ကြောင်း၊ ဂိတ်များမှာ သွားလာခြင်းမှာ နှစ်နိုင်ငံ သဘောတူညီမှုဖြင့် မဟုတ်ဘဲ အိန္ဒိယ - မြန်မာ နှစ်နိုင်ငံ နယ်စပ်ရှိ ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးများ၏ သဘောတူညီမှုဖြင့်သာ သွားလာနေခြင်းဖြစ်ကြောင်း၊ ယင်းသို့ သွားလာရာတွင် နေ့ခင်းအချိန်များတွင် လုံခြုံရေးအရ စိစစ်နိုင်သည့် အချိန်တွင်သာ သွားလာရန် ခွင့်ပြုထားကြောင်း တမူးခရိုင် အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

"နေ့ဘက်အတွက်မဟုတ်ဘဲညဘက်အတွက် ထုတ်ပြန်ထားတာ ဖြစ်တဲ့အတွက် ကောင်းပါတယ်၊ တရားမဝင်ဂိတ်ပေါက်တွေကို အမိုပြုပြီး ဝင်ထွက်သွားလာမှုတွေ မရှိအောင် ထုတ်ပြန်တာဆိုတော့ လုပ်သင့်ပါတယ်၊ သေသေချာချာ စနစ်တကျလည်း လုပ်စေချင်တယ်" ဟု တမူးလူငယ်ကွန်ရက် အဖွဲ့ဝင် ဦးအောင်သူချမ်းက ပြောကြားသည်။

တမူးမြို့နယ်ရှိ နယ်စပ်နန်းဖာလုံဈေး၊ မြို့ရှောင်လမ်း ၊ ဗိုလ်နိုင်ဝင်း လမ်းဟုခေါ်သည့် နယ်စပ်ဂိတ်အမှတ်(၁) မှဖြတ်ပြီး နယ်စပ်နန်းဖာလုံဈေးသို့သွားသည့်လမ်း၊ တမူးမြို့ချောင်းနက်ကြီး ရပ်ကွက်စသည့် နယ်စပ်စည်းတစ်လျှောက်တွင် စစ်ဆေးမည်ဖြစ်ကြောင်း တမူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး က ပြောကြားသည်။

ယင်းကဲ့သို့ စစ်ဆေးမှုကြောင့် ဈေးအရောင်းအဝယ်ကို ထိခိုက်ခြင်းမရှိကြောင်း နန်းဖာလုံဈေးမှ ဈေးသူ၊ ဈေးသားများက ပြောကြားသည်။

■ R20

# Technology

## ကမ္ဘာကျော် သိပ္ပံပညာရှင်များ

### မေ ကယ်ရိုး ဂျာမေဆင်

### Mae Carol Jemison (1956 - )



အာကာသထဲသို့ ပထမဆုံးသွားရောက်ခွင့်ရခဲ့သည့် လူမည်းအမျိုးသမီးတစ်ဦးဖြစ်သည်။ မေသည် NASA အဖွဲ့၏ အာကာသယာဉ်မှူးတစ်ဦးဖြစ်ခဲ့ရုံမက အမေရိကန် ရူပဗေဒပညာရှင်တစ်ဦးလည်းဖြစ်သည်။ ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်နေ့တွင် Endeavour အာကာသယာဉ်ဖြင့် ကမ္ဘာပတ်ခွင့်ရခဲ့သည်။

ဆေးပညာကျောင်းတက်ပြီး နောက် လက်တွေ့သင်တန်းများ ဆင်းပြီးချိန်တွင် ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ငြိမ်းချမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေစဉ်သူ့ကို NASA အဖွဲ့က အာကာသယာဉ်မှူးအဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်သည်။

**အစောပိုင်းဘဝ**

၁၉၅၆ ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့တွင် မွေးဖွားသည်။ ဒေါ်ရိုသီ ဂရင်းနှင့် ချာလီဂျာမေဆင်တို့၏ အငယ်ဆုံးသမီးဖြစ်သည်။ မိခင်ကသင်္ချာနှင့် အင်္ဂလိပ်စာသင်သည့် ဆရာမတစ်ဦးဖြစ်သည်။ ဖခင်သည် အသင်းအဖွဲ့များတွင် ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ၌ အကြံပေးအဖြစ်ဆောင်ရွက်သူတစ်ဦးဖြစ်သည်။

မေသည် ငယ်စဉ်က လက်တွင် အနာပေါက်ပြီး ပြည်တည်သည်။ သူက အဘယ်ကြောင့် အနာဖြစ်ရသည်ကို စူးစမ်းလေ့လာရင်းက ဆေးပညာကို စိတ်ပါဝင်စားခဲ့ရသည်။ သူငယ်တန်းတက်ကတည်းက ကြီးလာလျှင် ဆရာဝန် သူနာပြုလုပ်မည်ဟု အမြဲပြောသည်။

၁၉၇၃ ခုနှစ်တွင် ချီကာဂို၊ မော်ဂန်ပွဲခ် အထက်တန်းကျောင်းမှ ဆင်းပြီးနောက် စတန်းဖို့ဒ် တက္ကသိုလ်ဆက်တက်သည်။ တက္ကသိုလ်တက်စဉ် ၁၆ နှစ်ခန့်သာရှိသေးသည်။ နောက် လေးနှစ်ကြာသည့်အခါတွင် သိပ္ပံဘွဲ့ရသည်။ ဓာတုအင်ဂျင်နီယာဘွဲ့ရပြီးနောက်၊ အာဖရိကတိုက်သို့သွားပြီး ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ ဝိဇ္ဇာဘွဲ့ကို ထပ်မံယူခဲ့ပြန်သည်။

လူမည်းအမျိုးသမီးတစ်ဦး အနေနှင့် ထိုခေတ်ကတက္ကသိုလ်တက်ရခြင်းမှာ အလွန်ခက်ခဲလှသည်။ သို့သော်ဗွဲအလွန်ကောင်းသူဖြစ်သောကြောင့် ပညာရေးဖြင့် ပန်းတိုင်မရောက်ရောက်အောင် တက်လှမ်းနိုင်ခဲ့သူ ဖြစ်လာ ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ကောနဲလ်ဆေးကောလိပ်ကျောင်းမှ ဆေးပညာဒေါက်တာဘွဲ့ထပ်ရသည်။ ဆေးပညာသင် ကြားပြီးနောက် အလုပ်သင်ဘဝတွင် ကင်ညာ၊ ထိုင်း၊ ကျူးဘားနိုင်ငံများသို့ ခရီးများထွက်ပြီး ဆေးကုသရေးလုပ်ငန်းများ၌ ပူးပေါင်းတာဝန်များ ထမ်းဆောင်ခဲ့သည်။ လော့စ်အိန်ဂျလိစ် ကောင်တီ USC ဆေးပညာဌာန တွင် အထွေထွေရောဂါကုဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြန်သည်။ ဆရာဝန်လုပ်နေရင်း ဂျပ်ဇ်ဂီတနှင့် အာဖရိကရိုးရာ အကများကို လေ့လာဖော်ထုတ်သူဖြစ်နေပြန်သည်။

**လုပ်ဆောင်ချက်များ**

ဆေးပညာအလုပ်သင်ဘဝ တာဝန်များ ပြီးဆုံးချိန်တွင် ဆေးတပ်ဖွဲ့အရာရှိအဖြစ် ငြိမ်းချမ်းရေးတပ်သို့ဝင်ကာ ၁၉၈၃ ခုနှစ်တွင် စတင် တာဝန်ထမ်းဆောင်သည်။ ဆီရာရာလီယွန်နှင့် လိုင်ဘေးရီးယားနိုင်ငံများတွင် စေတနာ့ဝန်ထမ်းအဖြစ်သွားရောက်တာဝန်များ ဆောင်ရွက်ခဲ့သည်။

နောက်ပိုင်း ဂျာမနီနိုင်ငံအခြေစိုက် လေတပ်က သူ့ကိုဒေါ်လာ ၈၀,၀၀၀ ဖြင့် ခေါ်ပြီး ဆေးပညာလုပ်ငန်းများ လာရောက်လုပ်ကိုင်စေသည်။ ဂျာမနီတွင်လည်း လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ပြနိုင်ခဲ့သည်။

မေသည် ၁၉၈၃ ခုနှစ်၌ ဆယ်လီရိုက်ကိုအားကျပြီး လေကြောင်းပျံသန်းမှုလုပ်ငန်းများကို စိတ်ဝင်စားခဲ့သည်။ သူက NASA ကို လျှောက်လွှာများ ပို့ထားပြီးနောက် NASA က သူ့ကိုခေါ်ကာ အာကာသယာဉ်မှူးအဖြစ် လေ့ကျင့်ပေးခြင်းခံခဲ့ရသည်။ ၁၉၉၂ ခုနှစ်မတိုင်မီ NASA ၏ ကနေဒီအာကာသစခန်း၌ ဝင်ရောက်တာဝန်ထမ်းဆောင်ပြီး ၁၉၉၂ ခုနှစ်တွင် ပထမဆုံး လူမည်းအမျိုးသမီး အာကာသယာဉ်မှူးအဖြစ် အာကာသအတွင်း ထွက်ခွင့်ရခဲ့သည်။

၁၉၉၃ ခုနှစ်တွင် NASA မှထွက်ခဲ့သည်။ ကိုယ်ပိုင်ကုမ္ပဏီတစ်ခုထောင်သည်။ Jemison ဆိုသည့်အမည်ဖြင့် ထူထောင်ခြင်းဖြစ်သည်။ နေ့စဉ်သုံး ပစ္စည်းများနှင့် ပတ်သက်ပြီး တီထွင်ခြင်း၊ သုတေသနလုပ်ခြင်းများကို လုပ်ဆောင်သည်။ NASA မှထွက်ခဲ့ရခြင်းကလည်း ကိုယ်ပိုင်တီထွင်စမ်းသပ်မှုများကို လုပ်ဆောင်ချင်သော ကြောင့်ဖြစ်သည်။

မိဘများသည် သိပ္ပံပညာကို စိတ်ဝင်စားသောကြောင့် Dorothy Jemison Foundation for Excellence အဖွဲ့ကို ထူထောင်ခဲ့သည်။ TEWS သို့မဟုတ် The Earth We Share ဆိုသည့် ပရောဂျက်ကို တာဝန်ယူပြီး နိုင်ငံတကာ အာကာသစခန်းတွင် လူငယ်များတာဝန်ထမ်းဆောင်နိုင်ခွင့်ရရန် ကူညီဆောင်ရွက်ပေးခဲ့သည်။

၁၉၉၅ မှ ၂၀၀၂ ခုနှစ်အထိ ကော်နဲလ်တက္ကသိုလ်တွင် အချိန်ပိုင်း ပါမောက္ခအဖြစ် ဝင်ရောက်တာဝန်ထမ်း ဆောင်သည်။ သမ္မတအိုဘားမား၏ ဇနီးဖြစ်သူ မီရှဲနှင့် ဝါရှင်တန်ဒီစီ၌ ကျင်းပပြုလုပ်သည့် ညီလာခံများတွင် အတူတကွရောက် လှုပ်ရှားတတ်သည်။ ရုပ်သံအစီအစဉ်များ တွင်လည်း အာကာသဆိုင်ရာ ပြဿနာများ၊ အမေးအဖြေများကို ဖြေကြားသူအဖြစ် လုပ်ဆောင်လျက်ရှိသည်။ ■

## ငွေဖြုန်းပြီး အလုပ်မဖြစ်ခဲ့သော နည်းပညာလက်နက်များ

### ဘက်စုံသုံးတင့်ကား


Jimderkaisser

MMEV (Multi-Mission Effects Vehicles) တင့်ကား သည် တင့်ကားဖျက်တင့်ကား၊ လေယာဉ်ပစ်တင့်ကား၊ မြေပြင် တိုက်ခိုက်ရေး အတွက် စသည်ဖြင့် ဘက်စုံအသုံးပြုရန် ရည်ရွယ် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အဝေးထိန်း စနစ်ဖြင့်လည်း လူလိုက်ပါခြင်းမရှိဘဲ မောင်းနှင်နိုင်သည်။ ၂၀၀၅ ခုနှစ်တွင် စတင်စမ်းသပ်ခဲ့ကာ ဒေါ်လာ သန်း ၇၅၀ ကျော် အကုန်ခံပြီးနောက် ၂ နှစ်အကြာတွင် ဖျက်သိမ်းလိုက်သည်။ စစ်သုံးစရိတ်ကိုလျှော့ချနေစဉ်တွင် ဆက်လက်ထိန်းသိမ်းရန် အခက်အခဲကြောင့်ဟု အကြောင်းပြကာ ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။ ■

### တိုက်ခိုက်ရေး ရိုင်ဖယ်


Wikimedia

သိပ္ပံဇာတ်ကားထဲကအတိုင်း ပေါ့ပါးသေးကွေးစွာနှင့် ပစ်အား ထိအားကောင်းစေရန် တီထွင်ထားသည့် လက်နက်ဖြစ်သည်။ XM29 OICW (objective individual combat weapon) ဟုခေါ်သည်။ မြေပြင်တိုက်ခိုက်ရေးအတွက် အထူးအသုံးဝင်စေရန် တီထွင်ထားသည်။ ရှေ့ပစ်မှတ်ကိုသာမက၊ နောက်ကျောဘက်ပစ်မှတ်ကိုပါ ပစ်ခတ်နိုင်သည်။ ၁၉၉၀ ပြည့်နှစ်ကတည်းက တီထွင်နေပြီး ၂၀၀၅ ခုနှစ်တွင် ပြီးဆုံးသည်။ တစ်လက်လျှင် ဒေါ်လာ ၃၅၀၀၀ ကျသည်။ ပရောဂျက်ကြီးတစ်ခုလုံးအတွက် ကုန်ကျငွေမှာ ဒေါ်လာ သန်း ၁၀၀ ဖြစ်သည်။ သို့သော် နောက်ပိုင်း XM25 သေနတ်များ ထွက်ပေါ်လာသောကြောင့် XM29 များကို ဖျက်သိမ်းလိုက်သည်။ ■

### လေဆာလေယာဉ်


US Missile Defense Agency

Boeing 747-400F လေယာဉ်ကြီးကို အခြေခံကာ တည်ဆောက်ထားသော လေဆာလေယာဉ်ကြီးဖြစ်သည်။ Boeing YAL-1 Airborn Laser Testbed ဟုခေါ်သည်။ လေဆာလက်နက်တပ်ဆင်ထားပြီး ပျံသန်းစဉ် ဒုံးပျံများ လေယာဉ်များကို လေဆာရောင်ခြည်ဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်သည်။ တိုက်ခိုက်ရေး ဖျက်လေယာဉ် တစ်စီးအနေနှင့် ဦးတည်တီထွင်ထားခြင်းဖြစ်သော်လည်း ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်က ထိုပရောဂျက်ကို ဖျက်သိမ်းခိုင်းလိုက်သည်။ ထိုလေယာဉ်ကို တည်ဆောက်ရသည့်အတွက် ကုန်ကျ စရိတ်မှာ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံဖြစ်ပြီး၊ တစ်စီးအတွက် ပြုပြင်ထိန်းသိမ်းရမည့်စရိတ်မှာ တစ်စီးလျှင် တစ်နှစ် သန်း ၁၀၀ ခန့်ကုန်ကျမည်ဖြစ်သောကြောင့် ရပ်ဆိုင်းလိုက်ရသည်။ ၁၆ နှစ်တိုင် ထိုလေယာဉ်ကို တီထွင်ခဲ့ရသည့် အတွက် အသုံးပြုခဲ့ရသည့် ငွေစုစုပေါင်းမှာ ဒေါ်လာ ၅ ဘီလီယံဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ဖျက်သိမ်းလိုက်ရ တော့သည်။ ■

### ရေငုပ်သင်္ဘောပစ် တိုက်ခိုက်ရေးဒုံးပျံ


Lockheed Martin

Trident ဒုံးပျံများကို အမေရိကန်ရေတပ်နှင့် ဗြိတိန်ဘုရင့်ရေတပ်တို့က တီထွင်ခဲ့ခြင်းဖြစ်သည်။ နျူကလီးယား ထိပ်ဖူးတပ်ဒုံးပျံများဖြစ်ပြီး ရေအောက်ရေငုပ်သင်္ဘောများကိုတစ်ဆင့် သတ်မှတ်ထားသည့် နေရာဒေသများကို တိုက်ခိုက်နိုင်စေရန် တီထွင်ထားခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် ဒေါ်လာဘီလီယံ ၄၀ ခန့် အကုန်ခံပြီး တီထွင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ဒုံးပျံတစ်စီးလျှင် ဒေါ်လာသန်း ၇၀ ခန့်အကုန်ခံကာ တီထွင်နေကြခြင်း ဖြစ်သည်။ ၁၉၇၉ ခုနှစ်ကတည်းက စီမံချက်ချကာ တီထွင်ခဲ့ပြီး ၂၀၄၂ ခုနှစ်တိုင်အောင် လုပ်ဆောင်သွားရန် ဖြစ်သော်လည်း ကုန်ကျစရိတ်၊ ထိန်းသိမ်းစရိတ်များကို မတတ်နိုင်သောကြောင့် ရပ်ဆိုင်းလိုက်ရသည်။ စုစုပေါင်းသုံးစွဲပြီးငွေမှာ ဒေါ်လာ ဘီလီယံ ၁၇၀ ကျော်ဖြစ်သွားသည်။

# အုပ်စုအဆင့်တုန်းကလို အံ့ဩသင့်ဖွယ် မျှော်ရလဒ်တွေကို ဒီအာရ်ကွန်ဂို ဖန်တီးပြလေဦးမလား

## အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်



**အာဖရိကဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ဆီကို တက်လှမ်းရောက်ရှိလာတဲ့ အသင်းတွေအားလုံးအနက်မှာ ချီးကျူးစရာအကောင်းဆုံးက ဒီအာရ်ကွန်ဂိုပါပဲ။ ဒီအာရ်ကွန်ဂိုဟာ ကျန်တဲ့ပြိုင်ဘက်တွေနဲ့ ယှဉ်လိုက်ရင် ထိပ်တန်းအဆင့်ကစားသမားပါဝင်မှု နည်းပါးလှပေမယ့် အသင်းလိုက်စုစည်းအားနဲ့အတူ အုပ်စုအဆင့် ပွဲစဉ်သုံးပွဲလုံးကို ရှုံးပွဲမရှိဖြတ်သန်းနိုင်ခဲ့ပါတယ်။ အဆာမိုဂျန်၊ အချင်းပေါင်၊ အန်ဒရူးအေယူးနဲ့ ဝါကာဆိုတို့ဦးဆောင်လာမယ့် ဂါနာကိုရော ဒီအာရ်ကွန်ဂိုက ထပ်မံအနိုင်ယူသွားလေဦးမလား။**

### ဒီအာရ်ကွန်ဂို - ဂါနာ

နာမည်ကြီးကစားသမား ပါဝင်မှုမှာ ဂါနာက အားသာပေမယ့် အသင်းလိုက်ကစားအားချင်းယှဉ်ရင်တော့ ဒီအာရ်ကွန်ဂိုက အကြိုက်တွေ့စရာ ပိုကောင်းနေပါတယ်။ အိုင်ဗရီကိုစ့်၊ မော်ရိုကိုနဲ့ တိုဂိုတို့လို အာဖရိကထိပ်သီးတွေကို ကျော်ဖြတ်ပြီး အုပ်စုဗိုလ်နေရာကို ရယူခဲ့တဲ့ ဒီအာရ်ကွန်ဂိုကို လျှော့မတွက်သင့်ပါဘူး။ ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဒီအာရ်ကွန်ဂိုက အနိမ့်ဆုံးအဖြစ် သရေခံကစားလိမ့်မယ်လို့ ယူဆမိပါတယ်။ ဒီအာရ်ကွန်ဂိုကို ရွေးပါ။

### အီဂျစ် - မော်ရိုကို

အာဖရိကထိပ်သီးအသင်းနှစ်သင်း အားပြိုင်မယ့်ပွဲစဉ်ဖြစ်လို့ ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပါတယ်။ အုပ်စုပွဲစဉ်သုံးပွဲလုံးမှာ ပြိုင်ဘက်တွေကို ဂိုးပေးခဲ့ရခြင်း လုံးဝမရှိခဲ့တဲ့ အီဂျစ်ခံစစ်ကို မော်ရိုကိုတိုက်စစ်မှူးတွေ ဘယ်ပုံဘယ်နည်း ထိုးဖောက်ကျော်ဖြတ်ပြလေမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဒီလိုရှုံးထွက်စနစ်နဲ့ ကစားရတဲ့အဆင့်တွေမှာ ခံစစ်မာကျောတဲ့အသင်းတွေ တစ်ပန်းသာတတ်တာကို သတိပြုပါ။ အီဂျစ် ကပ်နိုင်ပါလိမ့်မယ်။ ■

E-11

# နာပိုလီတိုက်စစ်မှူးတွေ ဂိုးမြှုးမယ့်ညတစ်ည ဖြစ်လာပါလိမ့်မယ်

## အီတလီစီးရီးအေပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်

**တနင်္ဂနွေည စီးရီးအေပွဲစဉ်တွေထဲမှာ ခြေစွမ်းညီတဲ့ပြိုင်ဘက်တွေ ထိပ်တိုက်တွေ့တဲ့ပွဲစဉ်တွေပါဝင်နေလို့ စိတ်ဝင်စားစရာပါပဲ။ အဝေးကွင်းပွဲစဉ်တွေ သွားရောက်ကစားရမယ့် အေစီမီလန်၊ ရိုးမားနဲ့ ဂျူဗင်တပ်တို့ဟာ ခြေစွမ်းကောင်းတဲ့ ပြိုင်ဘက်တွေနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ တစ်ချက်မှားသွားတာနဲ့ ဒုက္ခများသွားပါလိမ့်မယ်။ အိမ်ကွင်းပွဲစဉ်တွေ ကစားကြရမယ့် ဖီအိုရင်တီးနားနဲ့ နာပိုလီတို့ကတော့ ခြေအတက်အကျမမှန်တဲ့ ပြိုင်ဘက်တွေကို ညှော်ခံကြရမှာဖြစ်လို့ တည်ငြိမ်မှုအပြည့်နဲ့ကစားနိုင်ခဲ့ရင် ဂိုးပြတ်နိုင်ဖို့ မခက်ခဲလောက်ပါဘူး။**




### တိုရီနို - အတ္တလန်တာ

နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ စီးရီးအေပွဲစဉ်ခုနစ်ပွဲမှာ တိုရီနိုက နိုင်ပွဲတစ်ပွဲတည်းသာ ရှာဖွေရရှိခဲ့ပါတယ်။ အတ္တလန်တာကတော့ နောက်ဆုံးကစားထားတဲ့ စီးရီးအေပွဲစဉ်လေးပွဲမှာ သုံးပွဲအထိ အနိုင်ရထားတဲ့အသင်းပါ။ ဘာပဲဖြစ်ဖြစ် အတ္တလန်တာ ကြွေတစ်ကြိမ်လောက်တော့ ပြန်ကျသင့်ပြီလို့ယူဆမိပါတယ်။ တိုရီနိုကို အားပေးပါ။

### အူဒီးနီးစ် - အေစီမီလန်

ရာသီအစတုန်းက အမှတ်ပေးဇယားရဲ့ ထိပ်ဘက်မှာ ရပ်တည်နိုင်ခဲ့တဲ့ အေစီမီလန်ဟာ အခုတော့လည်း ရလဒ်ဆိုးတွေနဲ့ ရုန်းကန်လို့နေရပါပြီ။ အဝေးကွင်းပွဲစဉ်တွေဆိုရင် ခံစစ်ကြောင်း အမှားများလွန်းတာက အေစီမီလန်ရဲ့အကြီးမားဆုံးသော အားနည်းချက်ပါပဲ။ အနိမ့်ဆုံးအဖြစ် သရေတစ်မှတ်ရရှိနိုင်တဲ့ အူဒီးနီးစ်ကို အကြိုက်တွေ့မိတယ်။

### ဆမ်ဒိုးရီးယား - ရိုးမား

ဆမ်ဒိုးရီးယားရဲ့အိမ်ကွင်းဆီကို သွားရောက်ကစားရတဲ့ ပွဲစဉ်တိုင်းမှာ ရိုးမားက အသည်းအသန်ရုန်းကန်ခဲ့ရတာချည်းပါပဲ။ ဆမ်ဒိုးရီးယားဟာ အတိတ်ကာလတုန်းကလောက် ကစားသမားစုဖွဲ့မှု အားမကောင်းတော့ပေမယ့် ရိုးမားကို တတ်နိုင်စွမ်းသမျှ ခံကန်သွားမှာပါ။ သရေကျဖို့ ရာခိုင်နှုန်းများပါတယ်။ ဆမ်ဒိုးရီးယားနဲ့ စွန့်စားလိုက်ပါ။

### ဆက်ဆူအိုလို - ဂျူဗင်တပ်

ဆက်ဆူအိုလိုဟာ နောက်ဆုံးကစားထားတဲ့ စီးရီးအေပွဲစဉ် သုံးပွဲဆက်တိုက် ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့လို့ စိတ်ဓာတ်ပိုင်းဆိုင်ရာယုံကြည်ချက် မြင့်မားနေနိုင်ပါတယ်။ ဂျူဗင်တပ်က အဝေးကွင်းပွဲစဉ်တွေဆိုရင် ဂိုးပြတ်ဖို့ထက် အနိုင်သုံးမှတ်ရဖို့ကိုသာ ဦးတည်တဲ့အသင်းပါ။ ဆက်ဆူအိုလိုနဲ့ လက်တွဲထားသင့်တယ်။

### ခရိုတုန်း - အမ်ပိုလီ

တန်းဆင်းဇုန်ထဲကိုရောက်နေတဲ့ ခရိုတုန်းရဲ့ ခြေစွမ်းက အားရစရာ မကောင်းလှပါဘူး။ အမ်ပိုလီဟာ အဝေးကွင်း ပွဲစဉ်ဖြစ်နေပေမယ့် ခရိုတုန်းကို သူတင်ကိုယ်တင် ယှဉ်ကစားနိုင်စွမ်း အပြည့်ရှိပါတယ်။ နောက်ဆုံးကစားထားတဲ့ စီးရီးအေပွဲစဉ်ငါးပွဲမှာ ရှုံးပွဲဆိုလို့ တစ်ပွဲတည်းသာပါရှိခဲ့တဲ့ အမ်ပိုလီကို သဘောကျမိတယ်။

### ကက်ဂလီယာရီ - ဘိုလော့ဂ်နာ

နောက်ဆုံးကစားထားတဲ့ စီးရီးအေပွဲစဉ်ငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ပြီး လေးပွဲ ရလဒ်ကောင်းခဲ့တဲ့ ဘိုလော့ဂ်နာကို ကက်ဂလီယာရီ ကစားရခက်နိုင်ပါတယ်။ ဒါပေမဲ့ အဝေးကွင်းပွဲစဉ်တွေဆိုရင် ဘိုလော့ဂ်နာက အမှားများလွန်းတာမို့ ကက်ဂလီယာရီသာ တည်တည်ငြိမ်ငြိမ်နဲ့ ပွဲထိန်းနိုင်ခဲ့ရင် နိုင်ဖို့ မခက်လောက်ပါဘူး။ ကက်ဂလီယာရီကို ရွေးသင့်တယ်။

### ဖီအိုရင်တီးနား - ဂျီနိုအာ

ရလဒ်တွေ ပြန်လည်ကောင်းမွန်လာခဲ့တဲ့ ဖီအိုရင်တီးနားဟာ ဥရောပပြိုင်ပွဲပါဝင်ကစားခွင့် တစ်နေရာစာရယူနိုင်ဖို့အတွက် အိမ်ကွင်းပွဲစဉ်တွေကို ပိုမိုအားစိုက်ကစားလာပါတော့မယ်။ အဝေးကွင်းပွဲစဉ်တွေဆိုရင် တစ်ပွဲကို တစ်ဂိုးရဖို့အတွက် အသည်းအသန် ရုန်းကန်နေရတဲ့ ဂျီနိုအာဟာ ဖီအိုရင်တီးနားကို ယှဉ်နိုင်ဖို့ သိပ်မလွယ်လှပါဘူး။ ဖီအို ရင်တီးနားကို အားပေးမယ်။

### နာပိုလီ - ပါလာမို

နည်းပြသစ် ဒီယေဂိုလိုပက်ဇ်ဟာ ပါလာမိုကိုတန်းဆင်းဇုန်ထဲကနေ ဆွဲထုတ်ပေးနိုင်စွမ်းရှိပါ့မလားဆိုတာကို စောင့်ကြည့်သွားကြရမှာပါ။ နာပိုလီက ရိုးမား၊ ဂျူဗင်တပ်တို့နဲ့အပြိုင် စီးရီးအေချန်ပီယံဖြစ်ခွင့်ကို မျှော်လင့်နိုင်ဆဲဖြစ်လို့ ပါလာမိုကို အလွတ်မပေးလောက်ပါဘူး။ နာပိုလီပဲ အောင်ပွဲခံသွားပါလိမ့်မယ်။ ■ E-11

# အိမ်ရှင်အသင်းနှစ်သင်းကို ရွေးချယ်လိုက်တာက စိတ်ချရနိုင်တယ်

## ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်

**တနင်္ဂနွေညတွေရဲ့ထုံးစံအတိုင်း ဘွန်ဒက်စ်လီဂါကတော့ ပွဲစဉ်နှစ်ပွဲတည်းသာ ယှဉ်ပြိုင်ကစားသွားဖို့ ကျန်ရှိပါတော့တယ်။ အိမ်ကွင်းကစားပုံမဆိုးလှတဲ့ မိန့်ဇ်ဟာ ထိပ်သီးအသင်းကြီးဒေါ့မွန်ကို ဘယ်ပုံဘယ်နည်း ခံကစားသွားလေမလဲကို စောင့်ကြည့်ကြရမှာပါပဲ။ ဟာသာဘာလင်ကလည်း ရာသီဖွင့်ကာလတုန်းက ခြေစွမ်းတွေ ပျောက်ဆုံးသွားခြင်းနဲ့အတူ ဥရောပပြိုင်ပွဲပါဝင်ကစားခွင့် တစ်နေရာစာအတွက် ရုန်းကန်နေရပါပြီ။ ဖရိုင်းဘတ်ရဲ့အိမ်ကွင်းမှာ ဟာသာဘာလင် ရလဒ်ကောင်းရယူနိုင်ဖို့ လွယ်ပါ့မလား။**



### မိန့်ဇ် - ဒေါ့မွန် (ပထမအကျော့ရလဒ် - ဒေါ့မွန် ၂-၁ မိန့်ဇ်)

ဒေါ့မွန်နည်းပြ သောမတ်စ်တူချယ်လ်အတွက် အသင်းဟောင်းနဲ့ ပြန်လည်ရင်ဆိုင်ရမယ့်ပွဲစဉ်ပါပဲ။ အာဖရိကဖလားပြိုင်ပွဲကနေ ဂါဘွန်အသင်း စောစောစီးစီးထွက်လိုက်ရတာကြောင့် အသင်းအဓိကတိုက်စစ်မှူး အော်ဘာမီယန်ဟာ ဒေါ့မွန်ဆီကို ပြန်လည်ရောက်ရှိလာခဲ့ပါပြီ။ ဒေါ့မွန်နိုင်ခဲ့ရင်တောင် ဂိုးပြတ်ဖို့တော့မလွယ်ပါဘူး။

### ဖရိုင်းဘတ် - ဟာသာဘာလင် (ပထမအကျော့ရလဒ် - ဟာသာဘာလင် ၂-၁ ဖရိုင်းဘတ်)

နောက်ဆုံးကစားခဲ့တဲ့ ဘွန်ဒက်စ်လီဂါ ပွဲစဉ်လေးပွဲမှာ ဟာသာဘာလင်က သုံးပွဲအထိ အရှုံးရလဒ်နဲ့ ကြုံဆုံရင်ဆိုင်ထားရပါတယ်။ ရာသီအစတုန်းက အစွမ်းအစမျိုးတွေကို ဟာသာဘာလင်ဆီမှာ သိပ်ပြီးမမြင်တွေ့ရတော့ပါဘူး။ အိမ်ကွင်းကစားအားကောင်းမွန်တဲ့ ဖရိုင်းဘတ်ဟာ ပွဲစကတည်းက တိုက်စစ်ဖွင့်ပြီး ဟာသာဘာလင်ကို ဖိအားပေးသွားပါလိမ့်မယ်။ ဖရိုင်းဘတ်ကပ်နိုင်သွားမယ့် ပွဲစဉ်ပါ။ ■ E-11

# “မြန်မာပြည်သူတွေကို ပျော်ရွှင်မှုတွေပေးချင်တာကြောင့် ထိုင်းကိုအနိုင်ကစားပြီး ဖလားရအောင်ယူကြမယ်ဆိုတဲ့စိတ်တွေ ရှိနေကြပါတယ်”

## မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း၏ ဝါရင့်ကစားသမား နိုင်ရဲကျော်နှင့်တွေ့ဆုံခြင်း

စည်သူအောင်မျိုးကျော်

**ထိုင်းဘုရင် ဘူမိဘော ကွယ်လွန်သွားမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် ၂၀၁၆ ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ယခုလတွင် ပြန်လည်ကျင်းပလျက်ရှိရာ လက်ရှိတွင် ဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲအဖြစ် အိမ်ရှင်ထိုင်းနှင့် မြန်မာအသင်းတို့ ဇန်နဝါရီ ၂၉ ရက် နေ့ညနေ ခြောက်နာရီအချိန်၌ Huamark Indoor Stadium တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ အိမ်ရှင်အသင်းသည် လက်ရှိချန်ပီယံဖြစ်ပြီး ပြိုင်ပွဲ ၁၂ ကြိမ်တွင် ၁၁ ကြိမ် ဗိုလ်စွဲထား၍ အရှေ့တောင်အာရှဖူဆယ်လောက၌ အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်လျက်ရှိရာ ပြိုင်ပွဲတစ်လျှောက် ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့တက်ခဲ့သည့် မြန်မာအသင်းနှင့်တွေ့ဆုံနေမှုကို မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း၏ ဝါရင့်ကစားသမား နိုင်ရဲကျော်နှင့် ဆက်သွယ်မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**Voice ။ ဗိုလ်လုပွဲမှာ ယှဉ်ပြိုင်ရမယ့် ထိုင်းအသင်းရဲ့ ခြေစွမ်းပိုင်းက ဘယ်လိုရှိသလဲ။**

**NYK** ။ ထိုင်းအသင်းကတော့အာဆီယံမှာအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာပါ။ ဝါရင့်ကစားသမားတွေ အကုန်မပါပေမယ့် အခုပွဲတွေမှာ သူတို့ ထည့်သုံးထားတဲ့ လူငယ်ကစားသမားနှစ်ယောက်က တော်တော်ကောင်းပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ အကောင်းဆုံးကြိုးစားပြီး ယှဉ်ပြိုင်သွားမှာပါ။ အနိုင်ရမယ်လို့လည်း ယုံကြည်ထားတယ်။

**Voice ။ လက်ရှိအသင်းက ကစားသမားတွေရဲ့ ဒဏ်ရာအခြေအနေကရော။**

**NYK** ။ လက်ရှိကတော့ အသင်းမှာ ကျွန်တော် တစ်ယောက်ပဲ မနေ့ (ဇန်နဝါရီ ၂၇ ရက်က တီမော အသင်းနှင့်ကစားခဲ့သည့် အကြိုဗိုလ်လုပွဲ) က ခြေထောက်နည်းနည်း ထိသွားတာလေးပဲ ရှိတယ်။ ကျန်တဲ့ ကစားသမားတွေကတော့ အကုန်ကောင်းပါတယ်။

**Voice ။ မြန်မာအသင်းအနေနဲ့ ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ခဲ့တာဆိုတော့ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းက အမြင့်ဆုံးရောက်နေမှာပါ။ အဲဒီအချက်က ထိုင်းအသင်းကို အနိုင်ယူဖို့ ဘယ်လောက်ထိ တွန်းအားဖြစ်စေမလဲဗျ။**

**NYK** ။ အခုချိန်မှာ မျှော်မှန်းခဲ့တဲ့အတိုင်း Final ရောက်ခဲ့တာရယ်၊ ပရိတ်သတ်တွေရဲ့အားပေးစကားတွေရယ်ကြောင့် စိတ်ဓာတ်တွေက အမြင့်ဆုံးမှာရှိနေပါတယ်။ တစ်သင်းလုံးကလည်း မြန်မာပြည်သူတွေ အကုန်လုံးကို ပျော်ရွှင်မှုတွေ ပေးချင်တာကြောင့် ထိုင်းကို အနိုင်ကစားပြီး ဖလားရအောင်ယူကြမယ် ဆိုတဲ့စိတ်တွေ ရှိနေကြပါတယ်။

**Voice ။ သမိုင်းမှတ်တမ်းအသစ်ရေးထိုးနိုင်ခဲ့တဲ့ မြန်မာအသင်းရဲ့ရလဒ်ကောင်းတွေမှာ အဓိက အားသာချက်က ဘာဖြစ်မလဲ။ အားနည်းချက်ကရော။**

**NYK** ။ ကျွန်တော်တို့အားလုံး အချိတ်အဆက်မိမိနဲ့ တစ်ယောက်အကြောင်းတစ်ယောက် နားလည်ပြီး တစ်ကိုယ်ကောင်းမဆန်ကြဘဲ နောက်ဆုံးမိနစ်အထိ ရေကုန်ရေခန်းကစားကြတာ ကျွန်တော်တို့အသင်းရဲ့ အဓိကအားသာချက်ပါ။ အားနည်းချက်အနေနဲ့ကတော့ လာအားပေးတဲ့ ပရိတ်သတ်တွေရဲ့ဖိအားကို လျစ်လျူမရှုနိုင်ရင် အဆင်မပြေနိုင်ပါဘူး။

**Voice ။ လက်ရှိချန်ပီယံဖြစ်သလို အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းထိုးထားတဲ့ အိမ်ရှင်ထိုင်းအသင်းနဲ့ပွဲမှာ အားပေးနေမယ့် ပရိသတ်တွေကို မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကိုယ်စား ဘာပြောချင်သေးလဲ။**

**NYK** ။ ကျွန်တော်တို့ကို အခုလိုအားပေးကြတာကို အရမ်းကိုပဲ ဝမ်းသာမိပါတယ်။ ကျေးဇူးလည်း အထူးတင်ပါတယ်။ ဒီပွဲပြီးသွားရင်လည်း ဆက်ပြီး အားပေးကြပါလို့ ပြောချင်ပါတယ်။ ဒီနှစ်ထဲမှာ မလေးမှာကျင်းပမယ့် ၂၉ ကြိမ်မြောက် ဆီးဂိမ်းနဲ့ ဗီယက်နမ်မှာကျင်းပမယ့် ၂၀၁၇ AFF Championship ပွဲတွေ ရှိပါသေးတယ်။ ကျွန်တော်တို့ဘက်ကလည်း မနက်ဖြန် (ဇန်နဝါရီ ၂၉ ရက်နေ့) ပြိုင်ပွဲတင်မက မြန်မာ့ဖူဆယ်လောက ဒီထက် တိုးတက်အောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။



NYK Facebook Page

**Voice ။ အနားယူနေချိန်မှာ အခုလိုအချိန်ပေးဖြေကြားခဲ့တာကို ကျေးဇူးတင်ပါတယ်။** ■

# ဩစတြေးလျအိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲတွင် ဆီရီနာဝီလျံ ဗိုလ်စွဲ

**မဲလ်ဘုန်း၊ ဇန်နဝါရီ ၂၈**

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် ဩစတြေးအိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်နှစ်နေရာ၌ ရပ်တည်လျက်ရှိသည့် အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံက ၎င်း၏အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံကို ၆-၄၊ ၆-၄ ဖြင့် ပွဲလတ်နှစ်ပွဲပြတ် အနိုင်ယူကာ သူမ၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ဩစတြေးလျအိုးပင်း ဂရင်းဆလင်းချန်ပီယံဆုကို သတ္တမအကြိမ်မြောက် ဆွတ်ခူးရရှိသွားခဲ့ကြောင်း BBC က ဖော်ပြထားသည်။



Getty Images

ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်များ သမိုင်းကြောင်းတစ်လျှောက်တွင် ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့် အသက်အကြီးဆုံးကစားသမားအဖြစ် စံချိန်သစ်တင်ရှိသွားခဲ့သော အသက် ၃၆ နှစ်အရွယ်ရှိ ဗီးနပ်စ်ဝီလျံသည် ညီမဖြစ်သူ ဆီရီနာ၏ အောင်မြင်မှုကို ဂုဏ်ပြုစကားပြောကြားသွားခဲ့ပြီး ဆီရီနာဝီလျံကလည်း အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံသာ မရှိခဲ့ပါက သူမအနေနှင့် ယနေ့တွင် ယခုကဲ့သို့ အခြေအနေမျိုးတွင် ရပ်တည်နေနိုင်လိမ့်မည်မဟုတ်ကြောင်း အသိပေးသွားခဲ့သည်။

ဆီရီနာဝီလျံသည် ဂျာမနီတင်းနစ်မယ်စတက်ဖီဂရပ်ဖ်တင်ထားရှိခဲ့သော ဂရင်းဆလင်းချန်ပီယံဆု ၂၂ ကြိမ် ဆွတ်ခူးရရှိခဲ့သည့် စံချိန်ကို အကြိမ်အရေအတွက် တစ်ကြိမ်အသာဖြင့် ကျော်ဖြတ်လိုက်နိုင်ပြီဖြစ်ပြီး လက်ရှိတွင် ကစားသမားဘဝဖြတ်သန်းမှုအတွင်း ဂရင်းဆလင်းချန်ပီယံဆု အကြိမ်အရေအတွက် အများဆုံးရရှိခဲ့သူ တင်းနစ်မယ်အဖြစ် စံချိန်စိုက်ထူထားသူ ဩစတြေးလျတင်းနစ်မယ် မာဂရက်ကုတ်ကို အမီလိုက်နိုင်ရန်အတွက် ဆီရီနာဝီလျံက ဂရင်းဆလင်းဆုတစ်ဆုသာ ထပ်မံလိုတော့သည်။

အသက် ၃၅ နှစ်အရွယ်ရှိ ဆီရီနာဝီလျံသည် ယခုမတိုင်မီတွင် ဩစတြေးလျအိုးပင်းဂရင်းဆလင်းပြိုင်ပွဲ၌ ၂၀၀၃၊ ၂၀၀၅၊ ၂၀၀၇၊ ၂၀၀၉၊ ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်တို့တွင် ချန်ပီယံဖြစ်ခဲ့ပြီးဖြစ်ကာ ဩစတြေးလျအိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲတွင် ဆုဖလားဆွတ်ခူးရယူလိုက်နိုင်ခြင်းနှင့်အတူ မကြာမီ အသစ်ထုတ်ပြန်မည့် ကမ္ဘာ့အဆင့်ရပ်တည်မှုစာရင်း၌ ဆီရီနာဝီလျံက ဂျာမနီတင်းနစ်မယ် ခါဘာကို ကျော်ဖြတ်၍ ကမ္ဘာ့အဆင့်တစ်နေရာသို့ ပြန်လည်တက်ရောက်လာတော့မည်လည်းဖြစ်သည်။ ■ E-11

# သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ တစ်နှစ်ခန့် ပိတ်ထားမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

အားကစားပြိုင်ပွဲများ ကျင်းပနေပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ (NS-1) ကို တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၄၀ အကုန်ကျခံ ပြင်ဆင်မည်ဖြစ်ရာ ယင်းသို့ပြင်ဆင်နေချိန်အတွင်း တစ်နှစ်ခန့် ပိတ်ထားမည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောကြားသည်။

အဆိုပါ အားကစားရုံတည်ဆောက်မှုအတွက် တရုတ်နိုင်ငံက အလုံးစုံအကုန်အကျခံမည်ဖြစ်ပြီး ဖေဖော်ဝါရီလအတွင်း တည်ဆောက်ရေးအဖွဲ့က ပြင်ဆင်မှုပိုင်းအတွက် လေ့လာမှုများပြုလုပ်မည်ဟု ၎င်းက ပြောဆိုသည်။

“ဒီအဆောက်အအုံကြီးကို ပြန်ဆောက်ဖို့ကို သူတို့ (တရုတ်) ဘက် ၂၀၁၇ ခုနှစ်အတွင်းမှာ ပြီးအောင်လုပ်မယ်လို့အကြောင်းကြားထားတယ်။ လက်ရှိအဆောက်အအုံကိုပဲ စက်ပိုင်းဆိုင်ရာတွေ အစ ရေ၊ မီး၊ အဲကွန်း၊ ကြွေပြားကွာနေတာတွေအဆုံး အကုန်လုံး ခေတ်မီအောင် အဆင့်မြှင့်မှာပါ။ သူတို့ကပဲ ငွေကြေးရော တည်ဆောက်ရေးပိုင်းပါ တာဝန်ယူပေးမယ်” ဟု ဦးမျိုးလှိုင်က ရှင်းပြသည်။

အဆိုပါအားကစားရုံးကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်မည့်ကာလအတွင်း အားကစားပြိုင်ပွဲများနှင့် ဖျော်ဖြေရေးပွဲများကို လုပ်ဆောင်ခွင့်ပြုမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

လက်ရှိအချိန်တွင် ကုန်ကျစရိတ်များကို လေ့လာရေးအဖွဲ့က တရုတ်အစိုးရသို့ တင်ပြထားကြောင်း၊ တရုတ်အစိုးရ၏ ခွင့်ပြုချက်ရရှိသည်နှင့် တည်ဆောက်ရေးအဖွဲ့က ပြင်ဆင်ရေးများဆောင်ရွက်မည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှသိရသည်။

အဆိုပါ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံကို ၁၉၈၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကပင် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ယခုတွင်လည်း နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်များအရ တရုတ်နိုင်ငံကပင် တာဝန်ယူပြင်ဆင်ပေးခြင်းဖြစ်သည်။ ■ J-04

# အောင်သူကို ဒိုင်လူကြီးများ၏ ကာကွယ်မှုရစေရန် ရတနာပုံအသင်းဆွေးနွေးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများတွင် ရတနာပုံအသင်း တိုက်စစ်မှူး အောင်သူကို ပြိုင်ဘက်ကစားသမားများ၏ လူချကစားခြင်း မခံရစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

ရတနာပုံအသင်းနည်းပြ ရီနီက “အောင်သူကို ပြိုင်ဘက်အသင်းကစားသမားတွေ ကြမ်းကြမ်းတမ်းတမ်း မကစားစေဖို့ ဘောလုံးအဖွဲ့ချုပ်နဲ့ ဆွေးနွေးမှုတွေ လုပ်သွားပါမယ်။ ဒိုင်လူကြီးတွေရဲ့ ကာကွယ်မှုရဖို့ ဆွေးနွေးပါမယ်။ အောင်သူ့အနေနဲ့က မြန်မာနေရှင်နယ်လိဂ်ပွဲတွေ ကစားနေရတယ်။ ဆီးဂိမ်းပြိုင်ပွဲဝင်မယ့်အသင်းမှာလည်း လေ့ကျင့်မှုတွေလုပ်ရတယ်။ သူ့အနေနဲ့ ကြမ်းကြမ်းတမ်းတမ်း ကစားတာနဲ့ကြုံရင် ဒဏ်ရာတွေ ရနိုင်တယ်။ ဒိုင်လူကြီးတွေနဲ့ ဘောလုံးအဖွဲ့ချုပ်ရဲ့ကာကွယ်မှုတွေ မရဘူး ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ဆီးဂိမ်းပြိုင်ပွဲဝင်မယ့်အသင်းကို စေလွှတ်ဖို့စဉ်းစားရတော့မှာပါ” ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနှင့် ဩဂုတ်လအတွင်းကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲကို ယူ-၂၂ လက်ရွေးစင်အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်ရာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ကစားသမားအများစုဖြင့် မြန်မာယူ-၂၂ အသင်းကို ဖွဲ့စည်းထားပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လေ့ကျင့်နေပြီဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ လက်ရွေးစင်အသင်း တစ်သင်း၏ နိုင်ငံတကာပြိုင်ပွဲများအတွက် ကစားသမားများခေါ်ယူခဲ့ပါက ကလပ်အသင်းများအနေနှင့် စေလွှတ်ရမည်ဖြစ်သော်လည်း သက်တမ်းလိုက် အသင်းများအတွက် ခေါ်ယူပါက ကလပ်အသင်းများအနေနှင့် ငြင်းဆန်ခွင့်ရှိကြောင်း ဖော်ပြထားသည်။ ■ J-15

# အာစင်ဝင်းဂါး၏ပွဲကြီးကြပ်ခွင့် လေးပွဲပိတ်ပင်ပြစ်ဒဏ်ကို အာဆင်နယ် အယူခံမဝင်

**လန်ဒန်၊ ဇန်နဝါရီ ၂၈**

အာဆင်နယ်အသင်းသည် အသင်းနည်းပြ အာစင်ဝင်းဂါးကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)စည်းကမ်းထိန်းသိမ်းရေးကော်မတီက အာဆင်နယ်က ဘန်လေကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် စတုတ္ထဒိုင်လူကြီး အန်တိုနီတေလာကို တွန်းထိုးခဲ့ခြင်းအတွက် ပွဲကြီးကြပ်ခွင့် လေးပွဲပိတ်ပင်ပြစ်ဒဏ်ချမှတ် အရေးယူလိုက်ခြင်းကို အယူခံမဝင်တော့ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း BBC က ဖော်ပြထားသည်။ အာစင်ဝင်းဂါးသည် အဆိုပါပြစ်ဒဏ်ကို ယမန်နေ့၌ ဆောက်သမ်တန်နှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်တွင် စတင်ကျခံခဲ့ရပြီး ဆက်လက်၍ ဝက်ဖို့ဒ်၊ ချယ်လ်ဆီး၊ ဟားလ်စီးတီးတို့နှင့် ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်များကို ပွဲကြည့်စင်ထက်ကသာ အာစင်ဝင်းဂါးက ကြည့်ရှုသွားရတော့မည်ဖြစ်သည်။ အက်ဖ်အေစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အာစင်ဝင်းဂါးကို ဒဏ်ကြေးငွေ ပေါင်နှစ်သောင်းခဲ့လည်း တပ်ရိုက်ခဲ့သေးသည်။ ■ E-11



## သတို့သမီးရဲ့ ဒိုင်နိုဆောပုံ မင်္ဂလာဝတ်စုံကြောင့် လန့်သွားတဲ့ သတို့သား

အမေရိကန်ပြည်ထောင်စု မြောက်ကယ်ရိုလိုင်းနားပြည်နယ်က မင်္ဂလာပွဲတစ်ခုအတွက် ဓာတ်ပုံရိုက်ရာမှာ သတို့သားကို အံ့အားသင့်အောင်လုပ်တဲ့ ဗီဒီယိုတစ်ခု အွန်လိုင်းမှာ နာမည်ကြီးနေပါတယ်။

သတို့သမီးဟာ ဒိုင်နိုဆောပုံ ဝတ်ဆင်ထားပြီး သတို့သား လန့်သွားအောင်လုပ်ခဲ့တာ ဖြစ်ပါတယ်။

သတို့သား တွမ်ဂ့ါဒ်နာဟာ မကြာခင် ကိုယ့်ဇနီးဖြစ်လာတော့မယ့် အမျိုးသမီးလေးကိုကြည့်လိုက်ရင်း လန့်သွားပါတယ်။

သူက ဒိုင်နိုင်ဆောတစ်ကောင် ဖြစ်နေလို့ပါပဲ။

တိုင်ရန်နိုဆောရပ်စ်လို့ ခေါ်တဲ့ သတ္တဝါပုံစံသတို့သမီးဝတ်စုံကို မြင်ပြီး လန့်သွားတဲ့ သတို့သားရဲ့ဖြစ်အင်ကတော့ ကြုံဖူးတဲ့လူတိုင်း သူ့လို ဖြစ်ကြမှာပါပဲ။

“ကျွန်တော် ဖင်ထိုင်ကျသွားတယ်။ သူမကို အဲဒီလိုကြီးမြင်လိုက်ရတော့ လန့်သွားတာပေါ့”လို့ တွမ်က Facebook မှာရေးသားခဲ့ပါတယ်။

■ F-02

## ခေါင်းမှာ ပလတ်စတစ်ပုံးခွံ စွပ်နေတဲ့ သမင်

စွန့်ပစ်ပလတ်စတစ်အမှိုက်တွေဟာ သဘာဝအတိုင်းနေထိုင်ကြတဲ့ ဇီဝမျိုးစုံကို အနှောင့်အယှက်ပေးတတ်ကြပါတယ်။

အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ်ထဲက သမင်တစ်ကောင်ကတော့ ခေါင်းမှာ ပလတ်စတစ်ရေတကောင်း စွပ်လျက်လေးနဲ့ ဟိုသွားဒီသွားနေနေရပြီး အစာစားလို့မရပါဘူး။

ဒေသခံတွေက သဘာဝတောရိုင်းဌာနကို လှမ်းပြီးသတင်းပေးတော့မှ ကယ်ဆယ်ရေးတွေ ရောက်လာခဲ့ပါတယ်။

“အစာလည်းမစားရ၊ ရေလည်းမသောက်ရတာကို သတိထားမိတာ တစ်ပတ်ကြာသွားခဲ့ပါပြီ။ အရင်က ဘယ်လောက်ကြာကြာ ခံထားရတယ်ဆိုတာ မသိနိုင်ပါဘူး”လို့ ဒေသခံ ခရစ်စ်ဘီအူချမ့်က ပြောကြားပါတယ်။

ဒေသခံများက တာဝန်သိသိနဲ့ တိုင်တန်းကြတာကြောင့် ခုလိုမျိုး သိရှိကယ်တင်နိုင်တာဖြစ်ပါတယ်။ နို့မို့ဆို သေသွားလောက်ပါပြီ။

အသက်ရှူတော့ မကျပ်ခဲ့ဘဲ အခုလောက်ထိ မစားမသောက်ဘဲ အသက်ရှင်နိုင်ခဲ့တာဖြစ်ပါတယ်လို့ ဒေသဆိုင်ရာ သားရိုင်းအရာရှိက ဆိုပါတယ်။

■ F-02



## ရယ်စရာမောစရာသတင်းအချက်အလက်ကမ္ဘာ

★ သင်ဟာ အမေရိကန်ပြည်ထောင်စုမှာနေထိုင်တဲ့ လူမည်းတစ်ယောက်ဆိုရင် သေနတ်နဲ့ပစ်သတ်ခံရနိုင်ခြေမှာ လူဖြူတစ်ယောက်ထက် အခွင့်အလမ်း နှစ်ဆ ပိုများပါတယ်တဲ့။




★ တောရိုင်းတိရစ္ဆာန်တွေထဲမှာ ဝံပုလွေ အထီးနဲ့အမတို့ဟာ ချစ်တင်းနှောလို့ အတူနေဖြစ်ကြပြီဆိုရင်ဖြင့် ဒီတစ်ကောင်နဲ့ပဲ တစ်သက်တာ ကာလပတ်လုံး လက်တွဲနေထိုင်ကြတဲ့ သဘာဝရှိပါသတဲ့။ သား၊ သမီးတွေ ရရှိလာပြီဆိုရင်လည်း မိဘနှစ်ပါးအဖြစ် ပြုစုပျိုးထောင်စောင့်ရှောက်ကြသူတွေဖြစ်ပါတယ်။








★ Lunaediesophobia ဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဝေဒနာတစ်မျိုး ရှိပါတယ်။ တနင်္လာနေ့ဆိုတာကို ဆိုးဆိုးဝါးဝါးမုန်းတဲ့ စိတ်ပိုင်းဆိုင်ရာ ဝေဒနာပါတဲ့။ ကဲ မိတ်ဆွေတို့မှာရော ဒီလိုဝေဒနာမျိုး ရှိပါသလား။

★ သုတေသနပြုလေ့လာချက် ရလဒ်တွေအရ ခွေးတွေဟာလည်း အများက အာရုံစိုက်မှုကိုရဖို့အတွက် နေမကောင်းချင်ယောင် ဆောင်တတ်ကြပါတယ်တဲ့။


WiNN ကိုယ်ပိုင်အထက်တန်းကျောင်း
ကောင်းမြတ်စံ







၂၀၁၇ - ၂၀၁၈ - ပညာသင်နှစ်အတွက် ကျောင်းအပ်နိုင်ပြီ (၅ တန်းမှ တက္ကသိုလ်ဝင်တန်း)
အမှတ်( D-28 )၊(၃)လမ်း၊ ကျွဲဆည်ကန်၊ မန္တလေးမြို့၊ ၀၉-၉၇၄၄၆၇၇၀၃၊ ၀၉-၂၀၂၀၄၁၃